မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်၊ ၂၀၀၉ ခုနှစ်၊ မတ် ၁၂ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၈)၊ အမှတ် (၁၆၃)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

စိုင်တင် ရေအားလျှပ်စစ် စီမံကိန်း

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး ဘူးသီးတောင်မြို့နယ်ရှိ စိုင်တင်ရေအားလျှပ်စစ် စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းအကျယ် စာ - ၅)

(သတင်းစဉ်)

သာဂရစက်မှုနယ်မြေ စက်ရုံများအတွက် စက်ပစ္စည်းများ ရောက်ရှိ စက်အထိုင်များ တည်ဆောက်ပြီးစီး

နေပြည်တော် မတ် ၁၁

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းသည် မတ် ၉ ရက် ညနေပိုင်းတွင် ပဲခူးတိုင်း ရေတာရှည်မြို့နယ် သာဂရစက်မှုနယ်မြေရှိ ရေအားလျှပ်စစ်တာဘိုင်နှင့် ဂျင်နရေတာထုတ်လုပ်မှု စက်ရုံစီမံကိန်း၌ စက်ပစ္စည်းများရောက်ရှိမှု၊ စက်အထိုင် Machine Foundation များ တည်ဆောက်ပြီးစီးမှုနှင့် တပ်ဆင်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အပြီးဆောင်ရွက်

ထို့နောက် ဘက်စုံသုံး ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုစက်ရုံစီမံကိန်း၌ Machine Shop No(1) နှင့် No(2)တို့ အတွက် စက်ပစ္စည်းများရောက်ရှိမှုနှင့် တပ်ဆင်ပြီးစီးမှုများကို လည်းကောင်း၊ Forging Shop ရှိ (16) Ton Press Machine အတွက် တန် ၃၀၀၀ခံနိုင်သော Machine Foundation တည်ဆောက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးကာ Machine Foundation နှင့် အခြားတည်ဆောက်ရေးလုပ်ငန်းများကို မိုးမကျမီ အပြီးသတ်ဆောင်ရွက်ကြရန် မှာကြားသည်။ *စာမျက်နှာ ၇ ကော်လံ ၁* ❒

ဈေးကွက်ဝယ်လိုအားကောင်းနေသည့် ရော်ဘာတိုးချဲ့စိုက်ပျိုးခြင်းဖြင့် စီးပွားရေးမြင့်တင်

မြန်မာ့စက်မှုသီးနှံ ဖွံ့ဖြိုးရေးလုပ်ငန်း ပြန်စိုက်ရော်ဘာဧက ၆၀ ကို မြိတ်-ကော့သောင်းကားလမ်းနံဘေးတွင် ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

ရန်ကုန် မတ် ၁၁

တနင်္သာရီတိုင်းသည် ရော်ဘာစိုက်ပျိုးထုတ်လုပ်ရန် ရေမြေရာသီဥတုကောင်းမွန်ခြင်းကြောင့် ဒေသ၏ အဓိကစီးပွားရေးတစ်ရပ်အဖြစ် တစ်နှစ်ထက်တစ်နှစ် တိုးချဲ့လုပ်ကိုင်လျက်ရှိသည်။ ရော်ဘာကို ကမ္ဘာ့စက်မှုထွန်းကားသည့်နိုင်ငံများက စက်မှုလုပ်ငန်းများတွင် သုံးစွဲမှုများပြားလာခြင်းကြောင့် ဝယ်လိုအားကောင်းလျက်ရှိသည်။ အထူးသဖြင့် ရော်ဘာကို မော်တော်ကားတာယာနှင့် စက်မှုလုပ်ငန်းသုံးပစ္စည်းအချို့တွင် မဖြစ်မနေ သုံးစွဲနေကြရသည်။ *စာမျက်နှာ ၉ ကော်လံ ၁* ●

သတင်းခရီးသည် - မြင့်မောင်စိုး
ဓာတ်ပုံမှတ်တမ်း - အောင်သန်း(မင်္ဂလာတောင်ညွန့်)
စာမျက်နှာဖွဲ့စည်းမှု - ဉာဏ်ဟိန်းစိုး (မြန်မာ့အလင်း)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် မတ် ၁၂ ရက်)

ပြည်ထောင်စုတစ်ဝန်း ဖွံ့ဖြိုးတိုးတက်ရေး တပ်မတော်နှင့် ပြည်သူ လက်တွဲကြိုးပမ်း

တပ်မတော်သည် လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင် ပြည်သူများတည်ထောင်ခဲ့သော မျိုးချစ်တပ်မတော်ဖြစ်သည်။ နိုင်ငံတွင်အရေးကြုံတိုင်း ပြည်သူ့ရှေ့က မားမားမတ်မတ်ရပ်တည်ခဲ့သည်။ မျိုးချစ်တပ်မတော်၊ သစ္စာရှိသော တပ်မတော်၊ စည်းလုံးညီညွတ်သော တပ်မတော်၊ စွမ်းရည်ရှိသော တပ်မတော်၊ စွန့်လွှတ်စွန့်စားသော တပ်မတော်၊ စိတ်ဓာတ်မြင့်မားသောတပ်မတော်၊ ဒို့တာဝန်အရေးသုံးပါးကို အမြဲတမ်း ဦးထိပ်ပန်ဆင်သောတပ်မတော် စသည့် မွန်မြတ်သောအစဉ်အလာများနှင့် ပြည့်စုံသည့်အတွက်ကြောင့် ကြံ့ကြံ့ခိုင်ရပ်တည်နိုင်ခဲ့သည်။

တပ်မတော်အစိုးရသည် နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ရင်း အခြားတစ်ဖက်၌လည်း ပြည်သူ့အကျိုးပြုလုပ်ငန်းများကို လုပ်ကိုင်ခဲ့သည်။ တောတောင်အနှံ့ရောက်ရှိခဲ့ကြသော တပ်မတော်သားများသည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးအတွက် ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြိုးပမ်းဖော်ဆောင်ပေးခဲ့သည်။

နိုင်ငံတစ်ဝန်းလုံး ဖွံ့ဖြိုးတိုးတက်မှုအတွက် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုများ ကွာဟမှုနည်းနိုင်သမျှနည်းရန် အထူးဒေသကြီးများကို ကွန်ရက်ပမာသတ်မှတ်ပြီး ကျောင်းများ၊ တက္ကသိုလ်များ တည်ထောင်ဖွင့်လှစ်ပေးခဲ့ပေသည်။

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက်လည်း အထူးကုဆေးရုံကြီးများ၊ ဆေးရုံများ၊ ကျေးလက် ဆေးပေးခန်းများကို တိုးချဲ့မြှင့်တင်ပေးခဲ့ပြီး အသစ်တည်ဆောက်ခြင်းများကိုလည်း ဆောင်ရွက်ခဲ့ပေသည်။

ထို့အတူ ဖွံ့ဖြိုးတိုးတက်မှုများ ကွက်လပ်မကျန်စေရန် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းများချမှတ်ပြီး ဆောင်ရွက်ခဲ့သည်။ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများအတွက် အခြေခံကောင်းများဖြစ်ပေါ် တိုးတက်လာစေရန် ကြိုးပမ်းဆောင်ရွက်ခဲ့ရာမှာ ယခုအခါ အခြေခံလိုအပ်သည့် တည်ဆောက်မှုများကို ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်ပေသည်။

သို့ဖြစ်ပေရာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်ရာတွင် ပြည်တွင်းပြည်ပအဖျက်သမားများကို ဝိုင်းဝန်းတွန်းလှန်ချေမှုန်းပြီး ချမှတ်ထားသောမူဝါဒလမ်းစဉ်(၇)ရပ် ပြီးမြောက်အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူများက အင်တိုက်အားတိုက် ပါဝင် ကြိုးပမ်းသွားကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ခရမ်းမြို့နယ်အသင်း(ရန်ကုန်) အသင်းသားစုံညီအစည်းအဝေး ကျင်းပ

ရန်ကုန် မတ် ၁၁

ခရမ်းမြို့နယ်အသင်း(ရန်ကုန်)၏ အသင်းသားစုံညီအစည်းအဝေးနှင့် ၂၀၀၉-၂၀၁၀ ခုနှစ်အတွက် အလုပ်အမှုဆောင်သစ် ရွေးချယ်တင်မြှောက်ပွဲကို မတ် ၈ရက်က အသင်းရုံး တည်ရှိရာ ရန်ကြီးအောင်လမ်း မေတ္တာညွန့်ရပ်ကွက် တာမွေမြို့နယ် ရန်ကုန်မြို့၌ ကျင်းပသည်။

အတည်ပြုချက်ရယူ

ရှေးဦးစွာ အသင်းဥက္ကဋ္ဌ ဦးသန်းလွင်က အလုပ်အမှုဆောင်အဖွဲ့၏ (၂)နှစ်တာဆောင်ရွက်နိုင်ခဲ့မှုကို ရှင်းလင်းတင်ပြပြီး အတွင်းရေးမှူး ဦးအေးလွင်က နှစ်ပတ်လည်အစည်းအဝေးသို့တင်သွင်းသည့် အလုပ်အမှုဆောင်အဖွဲ့ အစီရင်ခံစာကို ဖတ်ကြားကာ တွဲဖက်စာရင်းစစ်မှူး ဦးတင်မြင့်က အသင်းဖွဲ့စည်းပုံစည်းမျဉ်းမှ ပြင်ဆင်ချက်ကို ဖတ်ကြားပြသ၍ အစည်းအဝေးအတည်ပြုချက် ရယူသည်။

ရွေးချယ်

ထို့နောက် ၂၀၀၉-၂၀၁၀ ခုနှစ်အတွက် အလုပ်အမှုဆောင်အဖွဲ့သစ်ကို ရွေးချယ်ရာ ဥက္ကဋ္ဌ ဦးသန်းလွင်၊ ဒုတိယဥက္ကဋ္ဌ(၁) ဗိုလ်မှူးကြီးကိုကိုကျော်(ငြိမ်း)၊ ဒုတိယဥက္ကဋ္ဌ(၂) ဦးမြင့်ဆွေ(မြင့်မိုရ်ဆွေ)၊ ဒုတိယဥက္ကဋ္ဌ(၃) ဦးမြင့်လှိုင်၊ အတွင်းရေးမှူး ဦးသန်းငြိမ်း၊ တွဲဖက်အတွင်းရေးမှူး(၁) ဦးမြင့်ဦး၊ တွဲဖက်အတွင်းရေးမှူး(၂) ဦးအေးကို၊ တွဲဖက်အတွင်းရေးမှူး(၃) ဦးလှမြင့်၊ ဘဏ္ဍာရေးမှူး ဦးသောင်းတင်၊ တွဲဖက်ဘဏ္ဍာရေးမှူး ဦးအောင်သန်းဝင်း၊ ပြန်ကြားရေးမှူး ဦးစိုးမြင့် (ခရမ်း-စိုးမြင့်)၊ တွဲဖက်ပြန်ကြားရေးမှူး ဦးမောင်ရွှေ၊ စာရင်းစစ်မှူး ဦးဟန်မြင့်၊ တွဲဖက်စာရင်းစစ်မှူး ဦးတင်မြင့်တို့ အပါအဝင် အမှုဆောင် ၃၆ ဦးတို့အား ရွေးချယ်လိုက်သည်။ **(သတင်းစဉ်)**

မြဝတီ ရုပ်မြင်သံကြား

၁၂-၃-၂၀၀၉ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ အမျိုးသားရေးတေးကဗျာ
၄:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄:၄၀ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၅:၀၀ ၇။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၂၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
၆:၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၂။ ကာတွန်းအစီအစဉ် **ပိုးကောင်ကလေးများရဲ့ အတွေး** (အပိုင်း-၂)
၆:၄၅ ၁၃။ လျှပ်တစ်ပြက်
၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သံယောဇဉ်နှောင်ကြိုး** (အပိုင်း-၆၁)
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ မိုးလေဝသသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ အနုပညာရှင်၏ တစ်နေ့တာ
၁၉။ ကုန်သွယ်သုတ
၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နှလုံးသားအလှသစ္စာတရား** (အပိုင်း-၃၃)

ဇီးချောင်းဆည်ရေဖြင့် လျှပ်စစ်ဓာတ်အားထုတ်လွှတ်မှု တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၁

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးသည် ဖေဖော်ဝါရီ ၂၇ ရက် မွန်းလွဲပိုင်းက ဘူးသီးတောင်-မောင်တော ကားလမ်းပေါ်ရှိ လိုဏ်ဂူကြီးပြုပြင်မွမ်းမံခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးသည် မောင်တောမြို့နယ် လေးမိုင် သစ်ထုတ်လုပ်ရေးစခန်းသို့ ရောက်ရှိရာ သစ်ထုတ်လုပ်ရေးတာဝန်ခံက သစ်ထုတ်လုပ်မှု လုပ်ငန်းအခြေအနေများနှင့် သစ်ထုတ်လုပ်ရေးကားလမ်း ဖောက်လုပ်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် တိုင်းမှူးသည် အေတာလျာကျေးရွာအုပ်စုရှိ ဦးဝင်းရွှေ၏လယ်မြေ၌ နွေစပါးစိုက်ပျိုးထားမှုနှင့် ဘတ္တာဂုန်နာကျေးရွာအုပ်စု၌ နွေစပါးစိုက်ပျိုးထားမှုများကို ကြည့်ရှုစစ်ဆေးသည်။

တိုင်းမှူးသည် မတ်၁ရက် နံနက်၇နာရီတွင် ရသေ့တောင်မြို့မှ စစ်တွေမြို့နယ် ပါဒလိတ်ကျေးရွာဆိပ်ကမ်းအထိ ဆက်သွယ်နိုင်မည့် မြေသားလမ်းဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

အမှာစကားပြောကြား

ထို့နောက် တိုင်းမှူးသည် စစ်တွေမြို့ ပြည်နယ်ရဲတပ်ဖွဲ့ မွမ်းမံသင်တန်းကျောင်း၌ ကျင်းပသည့် ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး စီမံခန့်ခွဲမှုသင်တန်းအမှတ်စဉ်(၁/၂၀၀၉)ဖွင့်ပွဲ အခမ်းအနားသို့တက်ရောက်၍ အမှာစကားပြောကြားပြီး အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့်အတူ ဆိုင်ကလုန်းမုန်တိုင်းသတိပေးခြင်းဆိုင်ရာ နံရံကပ်ပိုစတာနှင့် လက်ကမ်းစာစောင်များကို သင်တန်းသားများအား ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် တိုင်းမှူးသည် ပုဏ္ဏားကျွန်းမြို့နယ် ကွမ်းတောင်ကျေးရွာ ဘူတာရုံဆောက်လုပ်မည့်နေရာနှင့် ရထားလမ်းအုကြောင်းဖောက်လုပ်နေမှုများ၊ စစ်တွေ-ရန်ကုန် ကားလမ်းမိုင်တိုင်အမှတ်(၁၆၅/၅)၌ ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးပြီး ကျောက်တော်မြို့နယ် အပေါက်ဝကျေးရွာအနီး ဦးကံကြီးမောင်၏ ဖရဲသီး၊ ပြောင်းဖူးနှင့် ဗိုလ်ကိတ်ပဲစိုက်ခင်းများ ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးသည် ကျောက်တော်မြို့နယ် သရက်တစ်ပင်ကျေးရွာအုပ်စု မဟာမုနိဘုရားကြီးအနီး၌ ဇီးချောင်းဆည်ရေဖြင့် လျှပ်စစ်ဓာတ်အားထုတ်လွှတ်ပေးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ယာဉ်မတော်တဆဖြစ်မှုများ မဖြစ်ပေါ်ရေးအတွက် ဆိုင်ကယ်ဦးထုပ်ဆောင်းစီးနင်းရေး ဘားအံ၌ သရုပ်ပြ

ဘားအံ မတ် ၁၁

မော်တော်ဆိုင်ကယ်မောင်းနှင် စီးနင်းရာတွင် ယာဉ်တိုက်မှု၊ မတော်တဆဖြစ်မှုများ မဖြစ်စေရေးအတွက် ကရင်ပြည်နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏စီစဉ်မှုဖြင့် ဆိုင်ကယ်မောင်းနှင်စီးနင်းရာတွင် ဆိုင်ကယ်ဦးထုပ်ဆောင်းစေရေး လူထုလှုပ်ရှားမှု ဆိုင်ကယ်စီးနင်းသရုပ်ပြပွဲကို မတ် ၁ရက် နံနက် ၇နာရီက ဘားအံမြို့ သီရိကွင်း၌ ကျင်းပသည်။

မောင်းနှင်ပြသ

သရုပ်ပြပွဲတွင် စီးနင်းပြသမည့် ဆိုင်ကယ်မောင်းသူများအား ကရင်ပြည်နယ် ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းနှင့် ရဲမှူးကြီး ဆယ်မောင်တို့က လိုက်လံနှုတ်ဆက်ပြီး သရုပ်ပြပွဲကို ဘားအံမြို့တစ်ပတ် မောင်းနှင်ပြသသည်။ (၀၀၈)

မတ် ၅ရက်က လမ်းမတော်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးမှ နယ်လှည့်ဟောပြောပွဲ၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် စာဖတ်ဝိုင်းကို အမှတ်(၉)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်ခင်မကြီးနှင့် အမှတ်(၉)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဦးရဲကျော်မိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

နေပြည်တော် မြန်မာ့အသံ

(သောကြာနေ့-နံနက်+နေ့လယ်+ည)

(၁၃-၃-၂၀၀၉)

၀၇:၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၀၇:၀၅ တရားတော် (ဓဇဂ္ဂသုတ်) ဓမ္မပူဇာတေးပဒေသာ
၀၇:၃၀ (၃၈)ဖြာမင်္ဂလာ
၀၇:၃၅ နံနက်ခင်းတေးပဒေသာ
၀၈:၀၀ စံတော်ချိန် + သတင်း
၀၈:၁၀ နံနက်ခင်းတေးပဒေသာ
၀၈:၃၀ ပြောပါရစေရှင် (ဆေးစွမ်းတစ်လက် အသက်ထက်ဆုံး မပြတ်မီဝဲ)
၀၈:၄၀ တေးပဒေသာ
၀၉:၀၀ အစီအစဉ်ပြီး၏။
၁၀:၀၀ သောတရှင်လိုရာတေး
၁၀:၃၀ သတင်းစာအာဘော်
၁၀:၄၀ တူယှဉ်သီကြွေးစုံတွဲတေး
၁၁:၀၀ နေ့လယ်ခင်းသတင်း
၁၁:၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၁:၃၀ လေလှိုင်းကြားကပွဲတင်သံ
၁၁:၃၅ နေ့လယ်ခင်းတေးပဒေသာ
၁၂:၀၀ စံတော်ချိန် နိုင်ငံစီးပွား (မိုရီးဖလာ သင်ဖြူးဖျာရက်လုပ်ငန်း) နေ့လယ်ခင်းတေးပဒေသာ
၁၂:၃၀ သိမှတ်စရာ မြန်မာစကား မြန်မာစာ (သတိထားစရာ အသုံးမှားအချို့)
၁၃:၀၀ မွန်းလွဲပိုင်းသတင်း
၁၃:၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၃:၃၀ အစီအစဉ်ပြီး၏။
၁၆:၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆:၂၀ ဆောင်းပါး(ငွေရတုမေတ္တာဘွဲ့)
၁၆:၃၀ စစ်သည်အတွက် တေးလက်ဆောင်
၁၇:၀၀ တေးပဒေသာ
၁၇:၂၅ သတင်းစာဆောင်းပါး
၁၇:၃၀ တေးပဒေသာ
၁၈:၀၀ ညနေခင်းသတင်း
၁၈:၁၀ တေးချစ်သူရွေးသီတေးပန်းချီ နိုင်ငံရေးဦးတည်ချက်
၁၈:၄၅ တေးပဒေသာ
၁၉:၀၀ နိုင်ငံတကာသတင်း
၁၉:၁၀ ညချမ်းချိန်ခါတေးပဒေသာ
၁၉:၂၅ ဇာတ်လမ်းပမာနားဆင်စရာ (ပေးဆပ်သူရဲ့စေတနာ)
၁၉:၄၅ တေးပဒေသာ
၂၀:၀၀ ပြည်တွင်းသတင်း
၂၀:၁၀ အနုအလှအစုံစုံ သူ့ဘဝအဖုံဖုံ (စိုင်းထီးဆိုင်-အလွမ်းပြေ) စီးပွားရေးဦးတည်ချက် တေးပဒေသာ
၂၁:၀၀ ဆောင်းပါး(ဘသားယောကျ်ား) လူမှုရေးဦးတည်ချက် ခံစားနားဆင်မြန်မာတေးသံစဉ်
၂၁:၃၀ ညချမ်းချိန်ခါတေးပဒေသာ
၂၂:၀၀ အစီအစဉ်ပြီး၏။

12-3 (02).pmd 1 3/12/2009, 1:31 AM

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီး တွေ့ဆုံ

နှစ်နိုင်ငံပြန်ကြားရေးနှင့် မီဒီယာကဏ္ဍတိုးမြှင့်ရေး ဆွေးနွေး

နေပြည်တော် မတ် ၁၁

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပိုသည် ယမန်နေ့ည ၇နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်အတူ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဦးစိုးဝင်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်နှင့် ရုံးအဖွဲ့မှူး ဦးမြင့်ထွေးတို့ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံ ပြန်ကြားရေးနှင့် မီဒီယာကဏ္ဍ ပိုမိုတိုးမြှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကို ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

လာရောက်တွေ့ဆုံ

ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပို လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့၌ နေရာကွက်ကျား မိုးရွာနိုင်

ရန်ကုန် မတ် ၁၁

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းတွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာခဲ့ပြီး ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်ဒေသများ၌ အများအားဖြင့် သာယာခဲ့သည်။

နေ့အပူချိန်များမှာ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် မတ်လ၏ ပျမ်းမျှ အပူချိန်တို့ထက် ၅ဒီဂရီစင်တီဂရိတ် ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် မတ်လ၏ ပျမ်းမျှ အပူချိန်တို့ထက် ၃ ဒီဂရီ စင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်၊ နေပြည်တော်၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့နှင့် ဘားအံမြို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ယနေ့နံနက် မြန်မာစံတော်ချိန် နံနက် ၅နာရီ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အားပျော့ပျက်ပြယ်သွားပြီ ဖြစ်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

၂၀၀၉ ခုနှစ် မတ် ၁၂ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်ပြီး ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းကာ ကျန်ဒေသများ၌ အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် အများအားဖြင့်သာယာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် အများအားဖြင့် သာယာမည်။

၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စာဖြေဌာနများ ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင် ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၁

အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးအေးလွင်သည် ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲများ စတင်ကျင်းပသည့် ယနေ့တွင် အထက(၁)နေပြည်တော်ပျဉ်းမနား**(အပေါ်ပုံ)**၊ အထက(၃)နေပြည်တော်၊အထက(၁)၊(၂) နေပြည်တော်တပ်ကုန်း၊ အထက(၁) ရမည်းသင်း၊ အထက(၁)ပျော်ဘွယ်၊ အထက-ယင်းတော်၊ပျော်ဘွယ်၊ အထက(၃)မိတ္ထီလာ စာဖြေဌာနများသို့လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲလွင်အောင်သည် မန္တလေးမြို့အတွင်းရှိ အထက(၁)၊(၄)၊(၇)၊(၉)၊(၂၅)၊(၂၆)နှင့် အလက(၅) စာဖြေဌာနများသို့လည်းကောင်း၊ နေပြည်တော်ကျောင်းများ၏ ကြီးကြပ်ကွပ်ကဲရေး တာဝန်ခံညွှန်ကြားရေးမှူး ဦးမြင့်ရွှေနှင့်အဖွဲ့သည် နေပြည်တော်ကျောင်းများ၏ စာဖြေဌာနများသို့လည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ကြည့်ရှုစစ်ဆေး

ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများသည် ကျောင်းသား ကျောင်းသူများ၏ စာဖြေခန်းများသို့ ဝင်ရောက်ဖြေဆိုမှုစနစ်၊ သက်ဆိုင်ရာ စာဖြေဌာနကြီးကြပ်ရေးမှူး၊ လက်ထောက်ကြီးကြပ်ရေးမှူးတို့၏ သတ်မှတ်ထားသည့်အချိန်အတွင်း မေးခွန်းဖြန့်ဝေမှု၊ ကျောင်းသား၊ ကျောင်းသူများ၏ စာမေးပွဲဖြေဆိုမှု၊ အဖြေလွှာသိမ်းဆည်းမှုစနစ်တို့ကိုကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို ကြပ်မတ်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

■ *ကျော်ဖုံးမှ*

ကမ္ဘာ့ပင်လယ် သမုဒ္ဒရာများတွင် သေမင်းတမန်ဇုန်များရှိခဲ့ရာ ၁၉၆၀ ပြည့်နှစ်က ၃၉ နေရာရှိခဲ့ရာမှ ၁၉၇၀ ပြည့်နှစ်တွင် ၆၃ နေရာအထိ တိုးလာခဲ့သည်။ ထို့အတူ ၁၉၈၀ ပြည့်နှစ်၌ ၁၃၂ နေရာအထိ များလာခဲ့ပြီး ၁၉၉၀ ပြည့်နှစ်၌ ၃၀၁ နေရာအထိ တိုးမြှင့်ဖြစ်ပေါ်ခဲ့သည်။ ယနေ့ ၂၀၀၉ ခုနှစ်၌ မတ်လလယ်အထိ ကမ္ဘာ့ပင်လယ်နှင့်သမုဒ္ဒရာတို့တွင် သေမင်းတမန်ဇုန်များ၄၀၅ နေရာအထိ ရှိနေပြီဖြစ်ကြောင်း သိရသည်။

သေဆုံးမှု

ထိုသို့ ကမ္ဘာ့ပင်လယ်သမုဒ္ဒရာတို့၌ ရှိသော သေမင်းတမန်ဇုန်များ၏ စုစုပေါင်း အကျယ်အဝန်းမှာ စတုရန်းမိုင် ၅၉၀၀၀ အထိ ကျယ်ဝန်းကြောင်း၊ တဖြည်းဖြည်း ကျယ်ပြန့်လာသော သေမင်းတမန်ဇုန်များကြောင့် ရေပျော်သတ္တဝါများနှင့် ကျေးငှက်များ သေဆုံးမှု အရေအတွက်မှာလည်း များပြားလာကြောင်း သိရသည်။

ထို့ကြောင့် ကမ္ဘာ့ပင်လယ် သမုဒ္ဒရာများ၌ သေမင်းတမန်ဇုန်များ ဧရိယာ မကျယ်ပြန့်ရေးကို ပင်လယ်သမုဒ္ဒရာ အနားသတ်နိုင်ငံများက ထိန်းသိမ်းကြရန် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အရာရှိများက တိုက်တွန်းထားသည်။ **(အင်တာနက်)**

ကျေးလက်စက်ရေတွင်းသစ်ဖွင့်

တောင်တွင်းကြီး မတ် ၁၁

တောင်တွင်းကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ပွင့်လှကြီးအုပ်စု ထန်းပင်စု ကျေးရွာ ကျေးလက်စက်ရေတွင်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၁ရက် နံနက် ၈ နာရီက အဆိုပါစက်ရေတွင်းမုခ်ဦး၌ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် စက်ရေတွင်းသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်ကျော်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(မြို့နယ်စည်ပင်)**

မြန်မာ့အလင်း သဘာဝဘေးဖောင်ပိတ်သတင်း

ဆော်ဒီအာရေဗျ ရီယာဒ်မြို့အနီး သဲမုန်တိုင်းတိုက်ခတ် နေအိမ်အချို့ပျက်စီး၊ လေကြောင်းလိုင်းများ ပိတ်ထားရ

ရီယာဒ် မတ် ၁၁

ဆော်ဒီအာရေဗျနိုင်ငံ ရီယာဒ်မြို့အနီးတွင် မတ်၁၁ရက်က သဲမုန်တိုင်းတိုက်ခတ်ရာ နေအိမ်အချို့ပျက်စီးခဲ့ကြောင်း ဆော်ဒီအာရေဗျနိုင်ငံ မိုးလေဝသဌာနမှ သတင်းထုတ်ပြန်သည်။

နှောင့်နှေး

တစ်နာရီလျှင် မိုင်၆၀နှုန်းတိုက်ခတ်သော သဲမုန်တိုင်းကြောင့် ရီယာဒ်မြို့ရှိ လေဆိပ်များ ခေတ္တပိတ်ထားခဲ့ရသဖြင့် လေယာဉ်ခရီးစဉ်များ နာရီအတန်ကြာ နှောင့်နှေးခဲ့ရသည်။

ကျဆင်း

သဲမုန်တိုင်းတိုက်ခတ်စဉ် အပူချိန်မှာ ရေခဲမှတ်အထိကျဆင်းခဲ့ကြောင်း၊ သဲမုန်တိုင်းမှာ ဆက်လက်တိုက်ခတ် နေလျက်ရှိကြောင်း၊ ဒေသခံပြည်သူများအား သတိပေးချက်များ ထုတ်ပြန်ထားကြောင်း ယင်းသတင်း၌ ဖော်ပြသည်။

တရုတ် ကျန်ဟိုင်းပြည်နယ်၌ ဆီးနှင်းများထူထပ်စွာကျဆင်း သုံးဦးသေဆုံး၊ ယာဉ်သွားလာမှုများ ပြတ်တောက်

ပေကျင်း မတ် ၁၁

တရုတ်နိုင်ငံ ကျန်ဟိုင်းပြည်နယ်တွင် မတ်၁၁ရက်က ဆီးနှင်းများဆိုးရွားစွာ ကျဆင်းခဲ့ရာ အချို့နေရာများ၌ ဆီးနှင်းထုတစ်ပေခန့်အထိ ကျဆင်းခဲ့ကြောင်း တရုတ်အရာရှိများက ပြောကြားသည်။

ထူထပ်သိပ်သည်း

ဆီးနှင်းများ အဆက်မပြတ်ကျဆင်းမှုကြောင့် လမ်းများပေါ်တွင် ဆီးနှင်းများ ဖုံးလွှမ်းနေပြီး မော်တော်ယာဉ်သွားလာမှုများ ပြတ်တောက်လျက်ရှိသည်။ ဆီးနှင်းများ ထူထပ်သိပ်သည်းစွာ အဆက်မပြတ်ကျဆင်းမှုကြောင့် အသက်အရွယ်ကြီးရင့်သူသုံးဦး သေဆုံးခဲ့ရကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၂-၃-၂၀၀၉ ရက် (ကြာသပတေးနေ့)

AM & PM

၇:၀၀-၁:၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅-၁:၀၅	**ခန္ဓာအသေကိစ္စကို ဉာဏ်မဂ္ဂင်နှင့် မြင်အောင်ကြည့်ပါ** တရားတော် (ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
၇:၄၅-၁:၄၅	လူငယ် IT ပညာရှင်များနှင့် Software Engineering
၈:၁၀-၂:၁၀	အနုပညာမိုးကောင်းကင်
၈:၃၅-၂:၃၅	ကျောက်ကပ်နှင့် ကျောက်ကပ်ရောင်ရောဂါအကြောင်း (ပါမောက္ခ ဒေါက်တာ ခင်မောင်ဌေး)
၈:၅၅-၂:၅၅	တေးဂီတအစီအစဉ်
၉:၀၀-၃:၀၀	သစ်သီးဝလံပေါပြည့်ဝေဆာ တို့မြေမှာ (ဒူးရင်း၊ မင်းကွတ်၊ ကြက်မောက်)
၉:၁၅-၃:၁၅	ပြည်တွင်းသတင်းအကျဉ်း
၉:၂၅-၃:၂၅	စားချင်စဖွယ် နည်းအသွယ်သွယ်
၉:၅၀-၃:၅၀	Activities In The City (စာရေးဆရာမြသန်းစံ၏ စာအုပ်သစ် လက်မှတ်ရေးထိုးပွဲ)
၁၀:၀၀-၄:၁၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၁၅-၄:၁၅	တေးဂီတအစီအစဉ်
၁၀:၂၀-၄:၂၀	Cartoon Show Time (Happy Feet)
၁၀:၄၅-၄:၄၅	မိုးလေဝသခန့်မှန်းချက်
၁၀:၅၅-၄:၅၅	ဂီတသံစဉ်အလှဆင်(မေဆွိ)
၁၁:၁၀-၅:၁၀	ပြည်တွင်းသတင်းအကျဉ်း
၁၁:၂၀-၅:၂၀	တေးဂီတအစီအစဉ်
၁၁:၂၅-၅:၂၅	Made In Thailand Festival
၁၁:၄၀-၅:၄၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၅၀-၅:၅၀	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **ရှော့ရှိတဲ့အချစ်များ**
၁၂:၀၅-၆:၀၅	Fashion Guide (ရောင်စဉ်များနဲ့အလှပိုင်ရှင်)
၁၂:၂၀-၆:၂၀	တိုးပွားဆောင်ရွက်နိုင်ငံ့လက်ဖေးကူမွေးမြူတို့အတူ (ရေပုတ်သင်မွေးမြူရေး)
၁၂:၃၅-၆:၃၅	တေးဂီတအစီအစဉ်
၁၂:၄၀-၆:၄၀	သဘာဝကပေးတဲ့ အကျိုးအာနိသင်
၁:၀၀-၇:၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

နှစ်နိုင်ငံဆက်ဆံရေးနှင့် အကြမ်းဖက်မှုနှိမ်နင်းရေး တူရကီနှင့် အမေရိကန် တွေ့ဆုံဆွေးနွေး

အန်ကာရာ မတ် ၁၁

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်သည် မတ် ၇ရက်က တူရကီနိုင်ငံ အန်ကာရာမြို့သို့ရောက်ရှိပြီး တူရကီနှင့် အမေရိကန် နှစ်နိုင်ငံဆက်ဆံရေးဆိုင်ရာကိစ္စများကို ဆွေးနွေးခဲ့ကြကြောင်း အနာတိုလီသတင်းဌာနက ပြောကြားသည်။

ယင်းတွေ့ဆုံဆွေးနွေးပွဲတွင် နှစ်နိုင်ငံဆက်ဆံရေး၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးမည်ဖြစ်ကြောင်း သတင်းထောက်များက ပြောကြားသည်။

အလေးအနက်

သို့ဖြစ်ရာ တူရကီသမ္မတအဗ္ဗဒူဂါက ပြောကြားရာတွင် ၎င်းတို့နှစ်နိုင်ငံ အနေဖြင့် အကြမ်းဖက်မှုများ တိုက်ဖျက်ရေးကို ပူးပေါင်းဆောင်ရွက်သွားရန် အလေးအနက်ထားလျက်ရှိကြောင်း၊ အထူးသဖြင့် အီရတ်နိုင်ငံမြောက်ပိုင်းရှိ ပီကေကေ သူပုန်များကို နှိမ်နင်းမည်ဖြစ်သည်။

သန္နိဋ္ဌာန်ချမှတ်

ဟီလာရီကလင်တန်က အရှေ့အလယ်ပိုင်းဒေသဆိုင်ရာ ကိစ္စရပ်များနှင့် စွမ်းအင်ကဏ္ဍတို့ကို ထည့်သွင်းဆွေးနွေးပြီး မတ်၇ရက်က ထုတ်ပြန်သည့် ၎င်း နှစ်နိုင်ငံပူးတွဲကြေညာချက်များကို အတည်ပြုရန် သန္နိဋ္ဌာန်ချမှတ်ကြောင်း ပြောကြားသည်။

တိုးမြှင့်ရေး

ကလင်တန်သည် ၎င်းတို့နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်ရေးအတွက် အန်ကာရာမြို့သို့ ရောက်ရှိလာခဲ့ကြောင်း၊ ၂၀၀၃ ခုနှစ်မှစ၍ အီရတ်သို့ အမေရိကန်ကျူးကျော်ဝင်ရောက်ပြီးနောက် အမေရိကန်ဆန့်ကျင်ရေးဆန္ဒပြမှုများကို ဖယ်ရှားခြင်းဖြင့် သမ္မတသစ်ဘားရက်အိုဘားမား၏ စီမံအုပ်ချုပ်မှု ပြန်လည်တည်ဆောက်ရေးကြိုးပမ်းမှုများသည် ပုံရိပ်ကောင်းများဖြစ်ပေါ်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

(အင်တာနက်)

တူရကီနိုင်ငံ အန်ကာရာမြို့တွင် ကားလေလံရောင်းချပွဲ ကျင်းပရာသို့ လာရောက်ကြည့်ရှုဝယ်ယူသူများအား မတ် ၇ရက်က တွေ့ရစဉ်။ (ကမ္ဘာ့စီးပွားရေး ပြဿနာများကြောင့် ကမ္ဘာတစ်ဝန်းရှိ ကားထုတ်လုပ်သူများအနေဖြင့်လည်း စီးပွားရေးဆိုင်ရာပြဿနာများကို ရင်ဆိုင်ကြုံတွေ့ရလျက်ရှိသည်။)

(အင်တာနက်ဓာတ်ပုံ)

သီရိလင်္ကာတောင်ပိုင်း အသေခံဗုံးခွဲမှု ၁၀ ဦးသေဆုံး၊ ၂၀ ကျော်ဒဏ်ရာရ

ကိုလံဘို မတ် ၁၁

သီရိလင်္ကာနိုင်ငံတောင်ပိုင်း မာတာရာခရိုင် အာကူရက်ဆာမြို့တွင် မတ် ၇ရက်က အသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် အနည်းဆုံး ၁၀ဦးသေဆုံးကြောင်း ရဲတပ်ဖွဲ့က ကြေညာသည်။

ကိုလံဘိုမြို့တော် တောင်ဘက်ကီလိုမီတာ ၁၆၀ခန့်အကွာ အာကူရက်ဆာမြို့၌ ဘာသာရေးပွဲတော်သို့ တက်ရောက်လာသူများအား တမီးလ်ကျားသူပုန် အသေခံဗုံးခွဲသူက တိုက်ခိုက်သဖြင့် ဒဏ်ရာရသူ ၂၀ ကျော်ရှိပြီး ထိုအထဲတွင် သီရိလင်္ကာနိုင်ငံဝန်ကြီးတစ်ဦး ပါဝင်သည်ဟု ဆိုသည်။

ပစ်မှတ်ထား

ဝတ်ပြုရန် သွားရောက်စဉ် ဗုံးခွဲတိုက်ခိုက်သည့်အတွက် အသေခံဗုံးခွဲသူမှာ ဝန်ကြီးခြောက်ဦးအား ပစ်မှတ်ထား ဗုံးခွဲတိုက်ခိုက်သည်ဟုယူဆရကြောင်း သီရိလင်္ကာရေနံဝန်ကြီး အိတ်ချ်အမ်ဖိုဇီက ပြောကြားသည်။ ဝန်ကြီးဖိုဇီသည် အခင်းဖြစ်စဉ်က ထိုနေရာသို့ရောက်ရှိနေသည်။

(အင်တာနက်)

တရုတ်နိုင်ငံ အန်ဟွေးပြည်နယ် ဟီဖိုင်မြို့ရှိ ဟီဖိုင်နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ဆိုလာပြားများကို မတ် ၁၀ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ပြောတီနိုင်ငံ ဆင်းရဲတွင်းမှ ရုန်းထွက်ရန် နိုင်ငံတကာ အကူအညီရယူ အသုံးပြု

ပို့အော်ပရင်း မတ် ၁၁

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းနှင့် အမေရိကန်သမ္မတဟောင်း ဘီလ်ကလင်တန်တို့ ဟေတီကျွန်းနိုင်ငံသို့ မတ် ၉ရက်က ရောက်ရှိခဲ့သည်။

ဟေတီနိုင်ငံအနေဖြင့် ရုန်းမထွက်နိုင်သည့် ဆင်းရဲတွင်းနက်မှုမှ ကိုယ့်ကိုယ်ကို ဆွဲထုတ်ရေးအတွက် နိုင်ငံတကာအကူအညီပေးရေး အခွင့်အလမ်းကို အသုံးချရန် ဘန်ကီမွန်းနှင့် ဘီလ်ကလင်တန်တို့က တိုက်တွန်းလိုက်သည်။

တိုးမြှင့်ဆောင်ရွက်

ကမ္ဘာ့အနောက်ခြမ်းတွင် အဆင်းရဲဆုံးဖြစ်သည့် ဟေတီနိုင်ငံတွင် ဆင်းရဲမှုတိုက်ဖျက်ရေး တိုးမြှင့်ဆောင်ရွက်ရန် သူတို့နှစ်ဦး ရောက်လာကြခြင်းဖြစ်သည်ဟုလည်း ရိုက်တာက ရေးသားထားသည်။

အမ်အင်န်အေ၊ရိုက်တာ

မက္ကဆီကိုနယ်စပ်မှ ခိုးဝင်လာသူဦးရေ ယခုနှစ်တွင် ပိုမိုလျော့နည်း

လော့စ်အိန်ဂျလိစ် မတ် ၁၁

မက္ကဆီကို-အမေရိကန်နယ်စပ် ဖြတ်ပြီး တရားမဝင်ခိုးဝင်လာသူဦးရေ လျော့နည်းလာသည်နှင့်အမျှ ပြီးခဲ့သည့် ငါးလအတွင်း ဖမ်းဆီးမိသူဦးရေမှာ ယမန်နှစ်ထိုကာလအတွင်း ဖမ်းမိသူဦးရေထက် ၂၄ ရာခိုင်နှုန်း လျော့နည်းကြောင်း လော့စ်အိန်ဂျလိစ်တိုင်းမ်သတင်းစာက မတ်၉ရက်တွင် ဖော်ပြသည်။

ယမန်နှစ်ကထက် ယခုနှစ် ဖမ်းမိသူဦးရေ လျော့နည်းသွားခြင်းမှာ စီးပွားရေးဆိုးရွားလာမှုနှင့် နယ်စပ်တွင် အသေအချာစစ်ဆေးမှုတို့ကြောင့်ဖြစ်သည်ဟု အာဏာပိုင်များက ပြောကြားသည်။ ၂၀၀၈ ခုနှစ်အောက်တိုဘာလမှ ယခုဖေဖော်ဝါရီလအတွင်း ခိုးဝင်လာသူ စုစုပေါင်း၁၉၅၃၉၉ ဦး ရှိသည်ဟု သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ကင်းလှည့်နေသော ရဲအရာရှိတစ်ဦး မြောက်ပိုင်းအိုင်ယာလန်၌ ပစ်သတ်ခံရ

လန်ဒန် မတ် ၁၁

ယူကေနိုင်ငံမြောက်ပိုင်း အိုင်ယာလန်ပြည်နယ် ဘဲလ်ဖတ်မြို့အနောက်တောင်ဘက် ခရိတ်ဂါဗွန်မြို့အတွင်း မတ် ၉ရက်က ကင်းလှည့်စဉ် ရဲအရာရှိတစ်ဦးပစ်သတ်ခံရသည်ဟုဘဲလ်ဖတ်မြို့မှလာသော သတင်းအရ သိရသည်။

သေဆုံး

ရဲအရာရှိမှာ ပစ်သတ်ခံရပြီးနောက် ဆေးရုံသို့ပို့စဉ် သေဆုံးသွားခြင်းဖြစ်သည်။

ရေးသားဖော်ပြ

ယင်းသတ်ဖြတ်မှုမှာ မည်သူ့လက်ချက်ဖြစ်ကြောင်း၊ မည်သည့်အုပ်စုအဖွဲ့ကမျှ ထုတ်ဖော်ကြေညာခြင်း မရှိသေးကြောင်း ဆင်ဟွာက ဖော်ပြသည်။

ပစ်သတ်ခဲ့

စာစာပိုင်းနှစ်ရက်ကလည်း အိုင်အာအေ ဆန့်ကျင်ဘက်အုပ်စုက ရဲအရာရှိနှစ်ဦးကို ပစ်သတ်ခဲ့ကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဆေးဝါးကုသမှုခံယူ

အီရတ်နိုင်ငံ အာဘူဂါဘီမြို့တွင် အသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိသွားသူတစ်ဦး ဆေးရုံ၌ ဆေးဝါးကုသမှုခံယူလျက်ရှိသည်ကို မတ်၁၀ရက်ကတွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ရေငုပ်အပန်းဖြေသူနှစ်ဦး ဖိလစ်ပိုင်၌ ရေနစ်သေဆုံး

မနီလာ မတ် ၁၁

ဟောင်ကောင်ဒေသမှ တရုတ်နွယ်ဖွား ခရီးသည်နှစ်ဦးသည် ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်းတွင် ရေငုပ်နေစဉ် မတ် ၈ ရက်မွန်းလွဲပိုင်းက ရေနစ်သေဆုံးကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက မတ်၉ရက်တွင် ပြောကြားသည်။

အပန်းဖြေ

သေဆုံးသူနှစ်ဦး၏အမည်မှာ ပန်ချီလွန်နှင့် ချွန်ဂျုံးဝေတို့ဖြစ်ကြပြီး လာဖူလာပူမြို့ ပန်တာအန်ဂါနိုကျေးရွာရှိ ရေငုပ်အပန်းဖြေစခန်းတွင် တည်းခိုနေသူများဖြစ်သည်ဟု ဒေသခံရဲတပ်ဖွဲ့မှ အကြီးအကဲမာရီယန်နိုက ပြောကြားသည်။

ပန်ချီလွန်သည် အသက်၄၅နှစ်ရှိ ကနေဒါနိုင်ငံသားတစ်ဦးဖြစ်ပြီး ချွန်ဂျုံးဝေသည် အသက်၂၉နှစ်ရှိကာ အမေရိကန် နိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသည်ဟု စီဘူးမြို့ရှိ တရုတ်ကောင်စစ်ဝန်ရုံးမှ ကောင်စစ်ဝန်ယန်ဖန်ဂူက ပြောကြားသည်။ ၎င်းတို့နှစ်ဦးနှင့် တရုတ်အုပ်စုတစ်စုတို့ ဖော်ပြပါအပန်းဖြေစခန်းသို့ လွန်ခဲ့သည့် မတ်၈ရက်က ရောက်ရှိလာကြသည်ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

စုံစမ်းစစ်ဆေး

ဖော်ပြပါလူနှစ်ဦးသည် ရေငုပ်ကိရိယာများ ဝတ်ဆင်ပြီး အိုလန်ရိုကျွန်းသို့ ရေငုပ်ရန်လာခဲ့ကြသည်ဟု ဆိုသည်။ ၎င်းတို့နှစ်ဦးသည် မိနစ်၄၀ကြာသည်အထိ ရေပြင်ပေါ်သို့ ပေါ်ထွက်လာခြင်းမရှိသဖြင့် ရေငုပ်ရှာဖွေရန် ဆောင်ရွက်ခဲ့ရသည်ဟု ရဲတပ်ဖွဲ့၏ စုံစမ်းစစ်ဆေးချက်အရ သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အီရန်က တာဝေးပစ်ဒုံးကျည် စမ်းသပ်ပစ်လွှတ်

တီဟီရန် မတ် ၁၁

အီရန်က တာဝေးပစ်ဒုံးကျည်သစ်တစ်စင်း စမ်းသပ်ပစ်လွှတ်ကြောင်း အီရန်နိုင်ငံပိုင် ရုပ်မြင်သံကြားဌာနက မတ် ၈ ရက်က ဖော်ပြသည်။

အစ္စရေးနှင့် အမေရိကန်ပြည်ထောင်စု အပါအဝင် ရန်သူနိုင်ငံများ၏ မည်သည့်တိုက်ခိုက်မှုမျိုးမဆို တန်ပြန်နိုင်မည့် ဆုံးဖြတ်ချက်ကိုပြသရန်အတွက် အီရန်က စစ်ရေးလေ့ကျင့်မှု သို့တည်းမဟုတ် လက်နက်များ စမ်းသပ်မှုများကို မကြာခဏ ပြုလုပ်လေ့ရှိသည်။ အီရန်က နျူကလီးယား ဗုံးထုတ်လုပ်ရန် ကြိုးပမ်းနေသည်ဟု အစ္စရေးနှင့် အမေရိကန်က စွပ်စွဲထားသည်။ အီရန်က ယင်းစွပ်စွဲမှုမှာ မဟုတ်မမှန်ကြောင်း ငြင်းဆိုထားသည်။

စမ်းသပ်

အီရန်ကပစ်လွှတ်သည့် ဒုံးကျည်များသည် အစ္စရေးနိုင်ငံရှိ နျူကလီးယားထားရှိရာ နေရာများသို့ရောက်နိုင်သည်ဟု အီရန်စစ်ဘက် ထိပ်တန်းတပ်မှူးတစ်ဦးက ပြောကြားပြီးနောက် ရက်သတ္တပတ်မတိုင်မီ ဖော်ပြပါအတိုင်း ဒုံးကျည်စမ်းသပ်မှုပေါ်ပေါက်လာခြင်းဖြစ်သည်။

အမ်အင်န်အေ၊ရိုက်တာ

ဘူးသီးတောင်မြို့နယ် စိုင်တင်ရေအားလျှပ်စစ် စီမံကိန်းလုပ်ငန်းများ တိုင်းမှူးဗိုလ်ချုပ်သောင်းအေးစစ်ဆေး၊ ဝန်ထမ်းများအားထောက်ပံ့ငွေပေးအပ်

နေပြည်တော် မတ် ၁၁

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် သောင်းအေးသည် ဖေဖော်ဝါရီ ၂၆ ရက် မွန်းလွဲပိုင်းက စစ်တွေမြို့ ပြည်နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ အဆိုပါဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများအားတွေ့ဆုံပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ တိုင်းမှူးသည် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာမှူးများနှင့် လမ်းတံတားအထူးအဖွဲ့များမှ တာဝန်ခံအင်ဂျင်နီယာမှူးများအားလည်းကောင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ်မန်နေဂျာရုံး အစည်းအဝေးခန်းမ၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများအားလည်းကောင်း တွေ့ဆုံသည်။

တိုင်းမှူးသည် ဖေဖော်ဝါရီ ၂၇ရက် နံနက်ပိုင်းက ဘူးသီးတောင်မြို့နယ်ရှိ စိုင်တင်ရေအားလျှပ်စစ် စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား ဂုဏ်ပြုထောက်ပံ့ငွေများ ပေးအပ်ကာ စိုင်တင်ချောင်းဘေးရှိ မော်မရီချောင်းကျေးရွာ၌ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

Alpha Health & Care Ltd. (Myanmar) ဖွင့်ပွဲကျင်းပ

ရန်ကုန် မတ် ၁၁

Alpha Group Ltd.(New Zealand) မြန်မာပြည်ရုံးခွဲ Alpha Health & Care Ltd. (Myanmar) ဖွင့်ပွဲအခမ်းအနားကို မတ် ၈ရက် ညနေ ၅နာရီ မိနစ် ၅၀က ရန်ကုန်မြို့ ပုလဲကွန်ဒို၌ကျင်းပရာ မြန်မာပြည်ရုံးခွဲ၏ အကြံပေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်Chetata Thanajaro (ငြိမ်း)၊ Alpha Health & Care Ltd. (Myanmar) ဥက္ကဋ္ဌ Prof. Gao Yihuai ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး Mr.Bansarn Bunnag၊ အကြံပေးအဖွဲ့ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ (ဥက္ကဋ္ဌ၊ ဇေကမ္ဘာကုမ္ပဏီလီမိတက်)၊ Alpha Health & Care Ltd. (Myanmar) အမှုဆောင်အရာရှိချုပ် Mr. Gao Wei နှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။

ဖွင့်လှစ်ပေး

ရှေးဦးစွာ Alpha Health & Care Ltd. (Myanmar) ရုံးခွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ရုံးခန်းအတွင်း လှည့်လည်ကြည့်ရှုကြသည်။ ထို့နောက် မြန်မာပြည်ရုံးခွဲ ဖွင့်လှစ်ခြင်းအထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲကို မြိုင်ညိုရှိုင်ရယ်ဟိုတယ်မြက်ခင်းပြင်၌ ကျင်းပရာ Alpha Health & Care Ltd. (Myanmar) ဥက္ကဋ္ဌ Prof. Gao Yihuai (**အပေါ်ပုံ**)နှင့် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်တို့က အမှာစကား ပြောကြားကြသည်။ ယင်းနောက် မြန်မာပြည်ရုံးခွဲဥက္ကဋ္ဌ Prof. Gao Yihuai က အကြံပေးအဖွဲ့အား အသိအမှတ်ပြုခန့်အပ်လွှာ ပေးအပ်ပြီး အထူးဧည့်သည်များအား အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

ဆက်လက်၍ ယဉ်ကျေးမှု အကများဖြင့် ဖျော်ဖြေပြီး ညစာဖြင့် တည်ခင်းဧည့်ခံသည်။ Alpha Health & Care Ltd. (Myanmar) မြန်မာပြည်ရုံးခွဲကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်း ပုလဲကွန်ဒိုလေးလွှာ၌ ဖွင့်လှစ်ထားပြီး ဆေးဖက်ဝင် သဘာဝဆေးပင်၊ ဆေးမြစ်များကို ခေတ်မီ နည်းပညာများဖြင့် ထုတ်လုပ်ထားသည့် တိုင်းရင်းဆေးဝါး ၁၅မျိုးကို ရောင်းချပေးသွားမည် ဖြစ်သည်။ အထွေထွေရောဂါများကို ထိန်းညှိပေးမည့် Ganopoly O+၊ ဦးနှောက်နှင့် နှလုံးရောဂါအတွက်Ganopoly B+၊ကင်ဆာရောဂါများအတွက် Ganopoly C+၊ အဆုတ်နှင့် အသက်ရှူလမ်းကြောင်း ရောဂါများအတွက် Ganopoly A+ဆေးဝါးများ၊ အသည်းရောဂါအတွက် Hepated၊ အစာအိမ်ရောဂါအတွက် Heripoly ဆေးဝါးများနှင့် အခြားဆေးဝါးများကိုပါ တင်သွင်းဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်သည်။ Alpha Group Ltd.(New Zealand)သည် ဆေးဝါးများကို နိုင်ငံ၂၀ခန့်၌ အောင်မြင်စွာ ဖြန့်ဖြူးပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၆၄)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော် တည်ဆောက်ရာတွင် ချမှတ်ထားသည့် မူဝါဒလမ်းစဉ်(၇)ရပ် ပြီးမြောက် အောင်မြင်စေရေးအတွက် တိုင်းရင်းသားပြည်သူများနှင့် အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

၂။ ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ် ခံယူပြီး အသက်ပေး၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

၄။ နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ပိုင်နက်လုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီ မျိုးချစ်တပ်မတော် တည်ဆောက်ရေး။

မြိတ်ခရိုင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်ဦး ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၁

တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ခင်ဇော်ဦးသည် ဖေဖော်ဝါရီ ၂၈ရက် နံနက်၇နာရီခွဲက မြိတ်မြို့ ကန်ဖျားရပ်ကွက် ကြံတောလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း၊ ကန်ဖျားရပ်ကွက် ဘုရားကိုးဆူလမ်းနှင့် အလယ်ကျွန်းရပ်ကွက် ပါရမီလမ်းအပိုင်း(၁) ကတ္တရာခင်းခြင်းလုပ်ငန်း၊ အလယ်ကျွန်းရပ်ကွက် ဘုရားကိုင်ချောင်းကူးတံတား၌ မြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်း အပိုင်း(၂) ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တိုင်းစည်ပင်သာယာရေး ဦးစီးရုံး၌ ကျင်းပသည့် စည်ပင်သာယာရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားသည်။

လိုက်လံရှင်းလင်းပြသ

ထို့နောက် တိုင်းမှူးသည် သမုတ်ကျေးရွာသို့ရောက်ရှိရာ ထားဝယ်-မြိတ်ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းမှ တာဝန်ရှိသူများက ဘုတ်ခြိ-သမုတ်လမ်းပိုင်း လမ်းအုကြောင်း လျာထားမှုနှင့် မြိတ်ဘူတာ အဆိုပြုနေရာများကို လိုက်လံရှင်းလင်းပြသကြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် သင်တန်းဆင်းပွဲနှင့် ဘွဲ့ရများအား အလုပ်ခန့်အပ်လွှာပေးအပ်

နေပြည်တော် မတ် ၁၁

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် အလယ်တန်းဆရာအတတ်သင်တန်း အမှတ်စဉ်(၁၈) သင်တန်းဆင်းပွဲနှင့် ပညာရေးဘွဲ့(၄)နှစ်သင်တန်း အမှတ်စဉ်(၄၀)မှ ဘွဲ့ရရှိသူများအား အလုပ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁နာရီက အဆိုပါတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

တက်ရောက်

ယင်းအခမ်းအနားသို့ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဦးဇော်မင်းသိန်း၊ ပြည်နယ်နှင့် တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများမှ ကိုယ်စားလှယ်များ၊ တက္ကသိုလ်ပညာရေးအဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ဧည့်သည်တော်များ၊ သင်တန်းသား သင်တန်းသူများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(သင်ကြားရေး) ဦးငွေလွင်က အလယ်တန်း ဆရာအတတ်သင်တန်းအမှတ်စဉ်(၁၈)နှင့် စပ်လျဉ်းသော အစီရင်ခံစာကို ဖတ်ကြားတင်ပြသည်။

ပေးအပ်

ဆက်လက်၍ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ်က အလယ်တန်းဆရာအတတ် သင်တန်းဆင်း သင်တန်းသား သင်တန်းသူ ၁၂ဦးတို့အား သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ပြီး ပြည်နယ်နှင့်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများမှ ကိုယ်စားလှယ်များက ပညာရေးဘွဲ့ (၄)နှစ်သင်တန်း အမှတ်စဉ်(၄၀) ဘွဲ့ရများအား အလုပ်ခန့်အပ်လွှာများကို ပေးအပ်သည်။

ဆုများချီးမြှင့်

ထို့နောက် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဦးဇော်မင်းသိန်းက အလယ်တန်းဆရာအတတ်သင်တန်းအမှတ်စဉ်(၁၈)မှ ထူးချွန်ဆုရသူများအား ဆုများ ချီးမြှင့်ပေးကာ သင်တန်းဆင်း အမှာစကားပြောကြားပြီး အခမ်းအနားကို မွန်းလွဲ ၂နာရီခွဲတွင် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

Fischer Random Chess စစ်တုရင်ပြိုင်ပွဲ မြန်မာပြည်တွင် ပထမဦးဆုံးစမ်းသပ်ကျင်းပ

ရန်ကုန် မတ် ၁၁

Fischer Random Chess စစ်တုရင် ပြိုင်ပွဲကို မတ် ၇ရက်က မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ပြိုင်ပွဲခန်းမ၌ ပထမဦးဆုံး စမ်းသပ်ကျင်းပရာ ပထမ ဝင်းဇော်ထွန်း၊ ဒုတိယ အောင်နိုင်၊ တတိယ မင်းထူး၊ စတုတ္ထ သန်းထိုက်စိုးတို့က ဆုများအသီးသီး ရရှိသွားကြပြီး ဆုကြေးငွေများကို ဦးဝင်းနိုင်က ချီးမြှင့်ပေးအပ်သည်။

အလှူငွေများပေးအပ်

မြန်မာနိုင်ငံစစ်တုရင် အဖွဲ့ချုပ်သို့ ဦးဝင်းအောင်(ဥက္ကဋ္ဌ၊ MGW ဆောက်လုပ်ရေး) မှ ငွေကျပ်ငါးသိန်း၊ ဦးထွန်းရွှေ (President, Pride International Education Center)မှငွေကျပ်တစ်သိန်း၊ ဦးလှထွန်းဦး (မန်နေဂျင်းဒါရိုက်တာ၊ ရွှေနီ ဦးဆောက်လုပ်ရေး)က ငွေကျပ်တစ်သိန်း၊ ဦးသန့်ဘော်ဦး (မန်နေဂျင်းဒါရိုက်တာ၊ ခိုင်မေခကုမ္ပဏီ)က ငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းသည်။

Fischer Random Chess

Fischer Random Chess သည် ပုံမှန်မဟုတ်သော ကနဦးပွဲစအနေအထားများမှ စတင်ရွှေ့ကစားရခြင်း ဖြစ်သည်။ ပုံမှန်မဟုတ်သော ကနဦးပွဲစအနေအထားများမှ စတင်ရွှေ့ကစားရသည့်အတွက် ပုံမှန်စစ်တုရင်ကစားနည်းကဲ့သို့ အဖွင့်ပိုင်းကစားကွက်များကို ကြိုတင်လေ့လာရှာဖွေမှုများ ပြုလုပ်နိုင်ခြင်းမရှိကြောင်းနှင့် ကမ္ဘာ့စစ်တုရင်အဖွဲ့ချုပ်က သတ်မှတ်ထားသည့် ပုံမှန်မဟုတ်သော ကနဦးပွဲစ အနေအထား ၉၆၀ရှိကြောင်း သိရှိရသည်။ Fischer Random Chess စမ်းသပ်ပြိုင်ပွဲများကို မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် ပြိုင်ပွဲခန်းမ၌ အပတ်စဉ် စနေနေ့တိုင်း ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(စစ်တုရင်အဖွဲ့ချုပ်)**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်၌ စိုင်တင်ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်နေ

ထားဝယ်-မြိတ်ရထားလမ်း ဘုတ်ခြိ-သမုတ်လမ်းပိုင်း လမ်းအုကြောင်းလျာထားဆောင်ရွက်နေ

12-3 (05).pmd 1 3/12/2009, 1:32 AM

မြန်မာ့အလင်း အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

ညောင်လေးပင်၌ နံရံကပ်နှင့် ဓာတ်ပုံပြပွဲဖွင့်

ညောင်လေးပင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ပညာရေးဌာနတို့ပူးပေါင်း၍ (၆၂)နှစ်မြောက်ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် ဟောပြောပွဲ၊ နံရံကပ်နှင့်ဓာတ်ပုံပြပွဲ အခမ်းအနားကို မွန်းလွဲ ၁နာရီခွဲက ညောင်လေးပင်မြို့ အလယ်တန်းကျောင်း၌ ကျင်းပသည်။ (မြို့နယ် ပြန်/ဆက်)

ပေါက်မြို့၌ မီးဘေးကာကွယ်ရေးဆောင်ရွက်

ပေါက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေး မီးဘေးကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်း တစ်ရပ်အနေဖြင့် ဖေဖော်ဝါရီ ၂၃ရက်က အမှုဆောင်အရာရှိ ဦးဌေးဝင်း ဦးဆောင်၍ စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးသူဈေးသားများနှင့် ဈေးအကျိုးဆောင်အဖွဲ့တို့ ပူးပေါင်းကာ မီးသတ်စက်ဖြင့် မီးငြိမ်းသတ်ရေး ကြိုတင်ဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်ကြသည်။ (၀၇၀)

မုံရွာ၌ မီးသတ်အဆောက်အအုံများဖွင့်

မုံရွာမြို့ ကွေ့ကြီးရပ်ကွက် မီးသတ်ကားထားရှိရန် အဆောက်အအုံနှင့် အရန်မီးသတ် အဆောက်အအုံဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၂ရက် ညနေ ၄နာရီက အဆိုပါ အဆောက်အအုံရှေ့၌ ကျင်းပရာ ကွေ့ကြီးရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မင်းကျော်နှင့်ဆောက်လုပ်ရေးကော်မတီဝင် ဦးကြည်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ (ခရိုင် ပြန်/ဆက်)

နွားထိုးကြီး၌ ဆက်သွယ်ရေးဖုန်း ထပ်မံချထားပေး

နွားထိုးကြီးမြို့တွင် ဂျီအက်စ်အမ်တာဝါတိုင်စိုက်ထူပြီး ဂျီအက်စ်အမ် မိုဘိုင်းလ်ဖုန်းများ ဆက်သွယ်နိုင်ပြီဖြစ်ရာ နွားထိုးကြီး မြန်မာ့ဆက်သွယ်ရေး (အော်တိုဖုန်း)က မန္တလေးတိုင်း မြန်မာ့ဆက်သွယ်ရေး၏ ကြီးကြပ်မှုနှင့် ဂျီအက်စ်အမ်ဖုန်းအလုံး ၂၀၀ကို ဒုတိယအသုတ်အဖြစ် ဖေဖော်ဝါရီ ဒုတိယပတ်မှစ၍ မြို့နယ်အဆင့် ဖုန်းကော်မတီက ဝယ်ယူခွင့်ပေးနေသည်။ ပထမအကြိမ် မိုဘိုင်းလ်ဖုန်းအလုံး ၄၀၀ ငှားရမ်းထုတ်ပေးပြီး ယခုဒုတိယအကြိမ် ရောင်းချခြင်းဖြစ်သည်။ (၀၉၂)

မြစ်ငယ်၌ မီးဘေးကာကွယ်ရေးဟောပြော

မန္တလေးတိုင်း အမရပူရမြို့နယ် မြန်မာ့မီးရထား လူစီးတွဲနှင့် ကုန်တွဲစက်ရုံ (မြစ်ငယ်)တွင် မီးဘေးကြိုတင်ကာကွယ် တားဆီးရေးဆိုင်ရာ ပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၂၁ ရက် မွန်းလွဲ ၁ နာရီက မြစ်ငယ်မီးရထားခန်းမ၌ ကျင်းပရာ စက်ရုံလက်ထောက် အထွေထွေမန်နေဂျာ ဦးစန်းလွင်က မီးဘေးကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်၍ ဆောင်ရွက်ကြရမည့်လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။ (၀၈၀)

မိုးကောင်း၌ ဒုတိယအကြိမ် ကာကွယ်ဆေးတိုက်ကျွေး

၂၀၀၉ ခုနှစ် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ဒုတိယအကြိမ်အဖြစ် မွေးစမှ အသက်ငါးနှစ်အောက်ကလေးငယ်များအား ပိုလီယိုအကြောသေရောဂါကာကွယ်ဆေး တိုက်ကျွေးခြင်း အခမ်းအနားများကို ဖေဖော်ဝါရီ ၇ ရက်က မိုးကောင်းမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုအလိုက် ဆေးတိုက်စုရပ် အသီးသီး၌ကျင်းပကြသည်။(၀၀၁)

နေပြည်တော်ရေဆင်း၌ တောင်တက်ခရီးအတွေ့အကြုံရှင်း

နေပြည်တော် ရေဆင်းမွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ခြေလျင်တောင်တက်အသင်း၏ ချင်းပြည်နယ် ခေါ်နူးသုန်(ခေါ်)ဝိတိုရိယ(ခေါ်)နတ်မတောင် တောင်တက်ခရီးစဉ် အတွေ့အကြုံရှင်းလင်းပွဲကို ဖေဖော်ဝါရီ၆ရက် ညနေ၄နာရီက ရေဆင်းမွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၊ သစ်တောတက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ်တို့မှ ကျောင်းသားများက ၂၀၀၈ခုနှစ် ဧပြီ၁၀ရက်မှ ၁၉ရက်အထိ တောင်တက်ခရီးစဉ် အတွေ့အကြုံများကို ရှင်းလင်းပြောကြားကြသည်။ (၀၈၃)

ဆင်ခြေထောက်ရောဂါကင်းဝေးရေး အသိပညာပေး

မြို့နယ်အဆင့် ဆင်ခြေထောက်ရောဂါ ကင်းဝေးရေး အသိပေးရှင်းလင်းပွဲ အခမ်းအနားကို ကျောက်ပန်းတောင်းမြို့နယ် ဆေးရုံအစည်းအဝေးခန်းမသစ်ကြီး၌ မတ် ၆ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှကြိုင်က ဆင်ခြေထောက်ရောဂါ ကင်းဝေးရေး ဆေးတိုက်ကျွေးခြင်းနှင့် ပတ်သက်၍ အသိပညာပေး ရှင်းလင်းပြောကြားသည်။ (မြို့နယ်ကျန်းမာရေး)

သီပေါ၌ မျိုးဆက်ပွားကျန်းမာရေး ဟောပြော

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာစိုင်းစံဝင်းနှင့် အဖွဲ့ဝင်များသည် မတ် ၈ရက် နံနက် ၉နာရီက သီပေါမြို့နယ် ရွာသစ်ကျေးရွာနှင့် အခြေခံပညာအထက်တန်းကျောင်းတို့၌ ကျင်းပသော ပျို့ရွယ်သူများ မျိုးဆက်ပွားကျန်းမာရေး အသိပညာပေး ဟောပြောပွဲနှင့် အသင်းဝင် အဆိုပြုလွှာလက်ခံခြင်း အခမ်းအနားသို့ တက်ရောက်ကြသည်။ (၀၂၀)

လျှပ်စစ်(၂)ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် မဟာဓာတ်အားလိုင်းတည်ဆောက်ရေးလုပ်ငန်းနှင့် ရွှေမြို့ ပင်မဓာတ်အားခွဲရုံတို့ ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၁

အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် မတ် ၉ ရက်က အထက်ပေါင်းလောင်း-နန့်ချို-ပေါင်းလောင်း ကေဗွီ ၂၃၀ မဟာဓာတ်အားလိုင်း တည်ဆောက်ရေးလုပ်ငန်း တာဝါတိုင်အမှတ်(၁)ဖောင်ဒေးရှင်းလုပ်ငန်းနှင့် တာဝါတိုင်အမှတ် (၁၉)တာဝါတိုင် တပ်ဆင်ခြင်းလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဓာတ်အားလိုင်းတည်ဆောက်မှု

ထို့နောက် ဝန်ကြီးသည် ရွှေမြို့ပင်မဓာတ်အားခွဲရုံသို့ရောက်ရှိရာ တာဝန်ရှိသူများက ဓာတ်အားပို့လွှတ်ရေးစီမံကိန်း (တောင်ပိုင်း)မှ တာဝန်ယူဆောင်ရွက်လျက်ရှိသော မဟာဓာတ်အားလိုင်းတည်ဆောက်ရေးလုပ်ငန်းများဖြစ်သည့် အထက်ပေါင်းလောင်း-နန့်ချို-ပေါင်းလောင်း ကေဗွီ ၂၃၀ မဟာဓာတ်အားလိုင်း တည်ဆောက်မှု၊ ကွန်းချောင်းကေဗွီ ၂၃၀ မဟာဓာတ်အားလိုင်းတည်ဆောက်မှု၊ ရွှေကျင်-သာယာကုန်း ကေဗွီ ၂၃၀ မဟာဓာတ်အားလိုင်း တည်ဆောက်မှုနှင့် ရွှေမြို့ ပင်မဓာတ်အားခွဲရုံ ကေဗွီ ၂၃၀ အဝင်၊ အထွက် ဓာတ်အားလိုင်းများ တည်ဆောက်မှု အခြေအနေနှင့် ဓာတ်အားဖြန့်ဖြူးပေးနိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန်းဦးက ဖြည့်စွက်တင်ပြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက်ဝန်ကြီးက တည်ဆောက်ရေးလုပ်ငန်းများသတ်မှတ်ရက်ထက် စောစွာပြီးစီးရေး အင်တိုက်အားတိုက် ဆောင်ရွက်သွားကြရန် မှာကြားပြီး ရွှေမြို့ပင်မဓာတ်အားခွဲရုံကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပို့ဆောင်ရေးဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင် ငါန်းဇွန်မြို့ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်

နေပြည်တော် မတ် ၁၁

ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်သည် မတ် ၂ ရက် နံနက်ပိုင်းက မန္တလေး အပြည်ပြည်ဆိုင်ရာ လေဆိပ်ဧည့်ခန်းမဆောင်၌ ဌာနဆိုင်ရာမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး လေဆိပ် အဆောက်အအုံကို ကြည့်ရှုစစ်ဆေးသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဒုတိယဝန်ကြီးသည် မတ် ၄ ရက် နံနက်ပိုင်းက ငါန်းဇွန်မြို့ မြစ်ရေတင် သောက်ရေသန့်စက်နှင့် ရေလှောင်ကန်ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

အဆိုပါသောက်ရေသန့်စက်သည် ဧရာဝတီမြစ်အောက် ပေ၂၀မှ ရေများကို တစ်နာရီ ဂါလန် ၃၅၀၀နှုန်းဖြင့် စုပ်တင်ပေးနိုင်သည်။ ရေလှောင်ကန်မှာ ဂါလန် ၂၃၀၀၀ ဆံ့ဖြစ်ပြီး ငါန်းဇွန်မြို့အတွက် သောက်သုံးရေလုံလောက်စွာ ပေးဝေနိုင်ကြောင်း သိရသည်။

ဒုတိယဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ကံလှကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာပြည်သူများအား တွေ့ဆုံအမှာစကားပြောကြားသည်။

အမှာစကားပြောကြား

ဒုတိယဝန်ကြီးသည် မတ် ၅ ရက် နံနက်ပိုင်းတွင် ငါန်းမြာကြီးကျေးရွာ တိုက်နယ်ဆေးရုံသို့ရောက်ရှိပြီး ဆေးရုံဧည့်ခန်းမ၌ တိုက်နယ်ဆရာဝန်ကြီး၊ ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံအမှာစကား ပြောကြားသည်။

ထောက်ပံ့ငွေပေးအပ်

ထို့နောက် ဒုတိယဝန်ကြီးနှင့် ဇနီးတို့က ငါန်းမြာကြီး အခြေခံပညာအထက် တန်းကျောင်းအတွက် ငွေကျပ်ကိုးသိန်း၊ တိုက်နယ်ဆေးရုံ ဆေးပဒေသာပင်နှင့် ကျန်းမာရေး ဝန်ထမ်းများအတွက် ငွေကျပ် ငါးသောင်းစီ၊ ကျေးရွာအရန်မီးသတ်တပ်ဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့အတွက် ငွေကျပ်သုံးသောင်းစီကို ထောက်ပံ့ပေးအပ်ပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ လူနာများအား အားပေးစကားပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်သည်။

ဒုတိယဝန်ကြီးသည် မွန်းလွဲပိုင်းတွင် မိုးတောင်ကျေးရွာ မူလတန်းလွန်ကျောင်းနှင့် ထန်းဇင်လှကျေးရွာ မူလတန်းကျောင်းတို့၌ ကျေးရွာပြည်သူများအား တွေ့ဆုံအမှာစကား ပြောကြားသည်။

ဒုတိယဝန်ကြီးသည် မတ် ၆ရက် နံနက်ပိုင်းတွင် ငါန်းဇွန်မြို့နယ်ဆေးရုံသို့ ရောက်ရှိပြီး မြို့နယ်ဆရာဝန်ကြီးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ဆေးရုံ ဆေးပဒေသာပင်နှင့် ကျန်းမာရေးဝန်ထမ်းများအတွက် ငွေကျပ် ငါးသောင်းစီ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့အတွက် ငွေကျပ်သုံးသောင်းစီတို့ကို ထောက်ပံ့ပေးအပ်ကာ လူနာများအား အားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်သည်။

ဒုတိယဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ခြင်သေ့လက်ကျေးရွာသို့ရောက်ရှိပြီး ကျေးရွာအခြေခံပညာ အလယ်တန်းကျောင်း၌ ကျင်းပသည့် ဦးမောင်စိုး-ဒေါ်ဌေးဌေး(စိန်စွန်ညီသံရည်ကျိုလုပ်ငန်း၊ မန္တလေးမြို့) မိသားစု၏ ကျောင်းဆောင်သစ် ဆောက်လုပ်ရန် အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားပြီး အလှူရှင်မိသားစုတို့ လှူဒါန်းသည့် ငွေကျပ်သိန်း ၂၀၀ ကို လက်ခံသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အလှူရှင်မိသားစုသည် ကျောင်းဆောက်လုပ်နေမှုကို ကြည့်ရှုကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မအူပင်ခရိုင် ဖိတ်ခေါ်စစ်တုရင်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၁

မအူပင်ခရိုင် စစ်တုရင် ဆပ်ကော်မတီမှကြီးမှူးကျင်းပမည့် မအူပင်ခရိုင် ဖိတ်ခေါ်စစ်တုရင်ပြိုင်ပွဲကို မအူပင်မြို့ တိုးရွှေဝါခန်းမ၌ မတ်၂၁ရက်မှ ၂၇ရက်အထိ ကျင်းပမည်ဖြစ်ရာ မည်သူမဆို ပါဝင် ယှဉ်ပြိုင်နိုင်ပြီး မတ်၂၀ရက် အရောက်စာရင်းပေးသွင်းနိုင်ကြသည်။

ရပ်ဝေးမှ အားကစားသမားများအတွက် တည်းခိုရန် စီစဉ်ပေးမည်ဖြစ်ပြီး အိပ်ရာလိပ်များကို မိမိအစီအစဉ်ဖြင့် ယူဆောင်လာရမည် ဖြစ်သည်။ ပြိုင်ပွဲတွင် အလွတ်တန်းပြိုင်ပွဲဆု၊ တိုင်းအတွင်း ဒေသခံအားကစားသမားဆုနှင့် မြို့နယ်အသင်းလိုက်ပြိုင်ပွဲဆုများ ချီးမြှင့်မည်ဖြစ်ရာ အလွတ်တန်း ပြိုင်ပွဲအတွက် ပထမဆု ကျပ်နှစ်သိန်း၊ ဒုတိယဆု ကျပ်တစ်သိန်းငါးသောင်း၊ တတိယဆု ကျပ်တစ်သိန်း၊ စတုတ္ထဆု ကျပ်ခုနစ် သောင်းငါးထောင်၊ ပဉ္စမဆု ကျပ်ငါးသောင်း၊ ဆဋ္ဌမဆု ကျပ်သုံးသောင်း၊ ဒေသခံ အားကစားသမားဆုအတွက် ပထမဆု ကျပ်သုံးသောင်း၊ ဒုတိယဆု ကျပ်နှစ်သောင်း၊ တတိယဆု ကျပ်တစ်သောင်းနှင့် အသင်းလိုက်ပြိုင်ပွဲအတွက် ပထမဆု ကျပ်တစ်သိန်း၊ ဒုတိယဆု ကျပ်ခုနစ်သောင်းငါးထောင်၊ တတိယဆု ကျပ်ငါးသောင်း အသီးသီး ချီးမြှင့်မည်ဖြစ်ကြောင်းသိရသည်။

(မြန်မာ့အလင်း)

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာနိုင်ငံများ တိုင်းရင်းဆေးဆိုင်ရာ အစည်းအဝေး ဖွင့်ပွဲကျင်းပ

ရန်ကုန် မတ် ၁၁

ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)တို့ ပူးပေါင်းကျင်းပသော ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာနိုင်ငံများ၏ တိုင်းရင်းဆေးဆိုင်ရာ အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ Traders Hotel ၌ ကျင်းပသည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ညွန့်က ကြိုဆို နှုတ်ခွန်းဆက်စကားပြောကြားပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသ ဆိုင်ရာ Regional Director, Dr.Samlee Plianbang Changက အဖွင့်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် တိုင်းရင်းဆေးကို ပိုမိုကျယ်ပြန့်စွာ အသုံးပြုရန်ရည်ရွယ်၍ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ၏ တိုင်းရင်းဆေးပညာဆိုင်ရာ သတင်းအချက်အလက်များဖလှယ်ရန်၊ တိုင်းရင်းဆေးသုတေသနလုပ်ငန်းများ ပိုမိုကျယ်ပြန့်စွာ ပူးပေါင်းဆောင်ရွက်ရန်နှင့် တိုင်းရင်းဆေးပညာကဏ္ဍတွင် အရှေ့တောင်အာရှဒေသဆိုင်ရာနိုင်ငံများ ပူးပေါင်းဆောင်ရွက်ကြရန်တို့ကို အရှေ့တောင်အာရှဒေသဆိုင်ရာ နိုင်ငံကိုးနိုင်ငံတို့က ပါဝင်ဆွေးနွေးကြမည်ဖြစ်သည်။ အဆိုပါအစည်းအဝေးကို မတ် ၁၂ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

အထက်ပေါင်းလောင်း - နန့်ချို - ပေါင်းလောင်း ကေဗွီ ၂၃၀ မဟာဓာတ်အားလိုင်းတည်ဆောက်နေ

ငါန်းဇွန်မြို့၌ မြစ်ရေတင်သောက်ရေသန့်စက်နှင့် သောက်ရေကန်လှူဒါန်းပွဲကျင်းပ

12-3 (06).pmd 1 3/12/2009, 1:32 AM

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း သာဂရစက်မှုနယ်မြေရှိ ဘက်စုံသုံး ဒီဇယ်အင်ဂျင်ထုတ်လုပ်မှု စက်ရုံစီမံကိန်းမှ Forging Shop ရှိ (16) Ton Press Machine အတွက် တန် ၃၀၀၀ ခံနိုင်သော Machine Foundation တည်ဆောက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

❒ ရှေ့ဖုံးမှ

ယင်းနောက် ဝန်ကြီးသည် မြေထိုးမြေတူး ယန္တရားထုတ်လုပ်မှု စက်ရုံ၏ ထုတ်လုပ်မှုလုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးကာ ထုတ်လုပ်မှုကို လာမည့် ဘဏ္ဍာရေးနှစ်အတွင်း တိုးမြှင့်ထုတ်လုပ်သွားရန်၊ မိမိတို့စက်ရုံအနေဖြင့် Localization ပြုလုပ်နိုင်မည့် အစိတ်အပိုင်း အမယ်သစ်များ တိုးမြှင့်ထုတ်လုပ်သွားကြရန်၊ ကုန်ကြမ်းလိုအပ်မှုကို တွက်ချက်တင်ပြရန်နှင့် Workmanship ကောင်းကောင်းဖြင့် ထုတ်လုပ်မှု ဆောင်ရွက်နိုင်ရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိတ္ထီလာတပ်မတော်ကလေးများ အထက်တန်းကျောင်း မြတ်ဆရာပူဇော်

ရန်ကုန် မတ် ၁၁

မိတ္ထီလာမြို့ ယခင်တပ်မတော်ကလေးများ အထက်တန်းကျောင်းတွင် ၁၉၅၆မှ ၁၉၆၈ခုနှစ်အတွင်း တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာ၊ ဆရာမကြီးများအား ကျောင်းသားကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲအခမ်းအနားကို မတ် ၈ရက်က ဗဟန်းမြို့နယ် ဓမ္မစေတီလမ်းရှိ မိုးညှင်းဝိပဿနာကျောင်းတိုက် ဓမ္မာရုံ၌ ကျင်းပသည်။

ဩဝါဒစကားပြောကြား

အခမ်းအနားတွင် ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ပါမောက္ခ ဗိုလ်မှူးကြီးကျော်ညွန့်(ငြိမ်း)က အမှာစကားပြောကြားပြီး ဘဏ္ဍာရေးမှူး ဒေါ်သန်းသန်းအေးမောင်က ငွေစာရင်းရှင်းတမ်း တင်ပြကာ ဒုတိယဗိုလ်မှူးကြီးသိန်းမြင့်(ငြိမ်း)၊ ဗိုလ်ကြီးတင်အောင်စိုး(ငြိမ်း)၊ ဦးဝင်းသောင်းနှင့် ဒေါ်ခင်သိန်းတို့က ဩဝါဒစကားပြောကြားကြသည်။

ပူဇော်ကန်တော့

ဆက်လက်၍ ဆရာ ဆရာမ ၂၃ဦးတို့အား ပူဇော်ကန်တော့ကြပြီး **(အောက်ပုံ)** ၂၀၁၀ပြည့်နှစ်အတွက် ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီသစ်ကို ရွေးချယ်ဖွဲ့စည်းကြသည်။

(မြန်မာ့အလင်း)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း ကျူးဘားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၁၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးညဏ်ဝင်းသည် ကျူးဘားသမ္မတနိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးအဖြစ် တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သော မစ္စတာဘရူနို အက်ဒွါဒို ရိုဒရီဂွက်ဇ် ပါရယ်ရာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

အားကစားဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်အား တရုတ်နိုင်ငံသံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် မတ် ၁၁

အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပိုသည် မတ် ၁၀ရက် ညနေ ၅ နာရီခွဲတွင် နေပြည်တော်ရှိ ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံအားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြန်အလှန် ဆက်သွယ်ဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

တန့်ဆည်မြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် မတ် ၁၁

တန့်ဆည်မြို့နယ်အသင်း(ရန်ကုန်)၏ (၄၇)နှစ်မြောက်နှစ်ပတ်လည်အစည်းအဝေး၊ အသက်(၇၅)နှစ်အထက် သက်ကြီးပူဇော်ပွဲ၊ ၂၀၀၈ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ ဂုဏ်ထူးအလိုက် ပညာရည်ချွန်ဆုပေးပွဲနှင့် (၄၇)နှစ်မြောက် နှစ်ပတ်လည်အစည်းအဝေး တို့ကို မတ်၂၂ရက် (တနင်္ဂနွေနေ့) နံနက်၈နာရီတွင် ဗဟန်း၃လမ်းရှိ တန့်ဆည်မြို့နယ်အသင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ နယ်သူနယ်သားများ တက်ရောက်ကြရန်၊ (၇၅)နှစ်အထက် မိဘများ၊ ၂၀၀၈ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ အမှတ်စာရင်းမိတ္တူနှင့်တကွ မတ်၂၀ရက်နောက်ဆုံးထား၍ ဒုတိယဥက္ကဋ္ဌ ဦးချစ်မွေး ဖုန်း-၆၄၀၂၂၃နှင့် အတွင်းရေးမှူးဦးကျော်ဒင် ဖုန်း-၅၂၂၀၇၈ တို့သို့ ဆက်သွယ်မေးမြန်းပေးပို့နိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ဗိသုကာအသင်း စကားဝိုင်း

ရန်ကုန် မတ် ၁၁

မြန်မာနိုင်ငံဗိသုကာအသင်းက ကြီးမှူးကျင်းပသော ဗိသုကာစကားဝိုင်း (၀၂/၀၉)ကို မတ်၁၅ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းအဆောက်အအုံ(လှိုင်နယ်မြေဝင်း) မြေညီထပ်၌ ပြုလုပ်မည်ဖြစ်ရာ ဆွေးနွေးမည့်ခေါင်းစဉ်မှာ Library and Architecture ဖြစ်ပြီး စိတ်ပါဝင်စားသူမည်သည့် ဗိသုကာမဆို တက်ရောက်ဆွေးနွေးနိုင်သည်။ အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံဗိသုကာအသင်း အထွေထွေအတွင်းရေးမှူး ဒေါ်မိုးမိုးလွင် ဖုန်း-၀၉-၈၇-၆၃၅၀၀၊ ရုံးအဖွဲ့မှူး ဒေါ်နီလာကျော် ဖုန်း-၀၉-၅၁-၁၆၉၈၂တို့သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။ **(ဗိသုကာအသင်း)**

အခြေခံတိုင်းရင်းဆေး ပညာပေးသင်တန်းဖွင့်

နေပြည်တော်လယ်ဝေး မတ် ၁၁

ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန နေပြည်တော်လယ်ဝေးမြို့နယ် တိုင်းရင်းဆေးကုဌာနနှင့် မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(လယ်ဝေးမြို့နယ်အသင်းခွဲ)တို့ ပူးပေါင်းဖွင့်လှစ်သော အခြေခံတိုင်းရင်းဆေးပညာပေးသင်တန်း ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၈ရက် နံနက် ၉နာရီက နေပြည်တော်လယ်ဝေးမြို့နယ် သာသနာ့ဗိမာန်၌ကျင်းပသည်။ သင်တန်းဖွင့်ပွဲတွင် တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူး(သုတေသနနှင့် ဖွံ့ဖြိုးရေး)ဦးဝင်းမြင့်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအေးကိုတို့က သင်တန်းဖွင့် အမှာစကားပြောကြားသည်။ သင်တန်းဖွင့်ပွဲသို့ တိုင်းရင်းဆေးပညာဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် သင်တန်းနည်းပြများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် သင်တန်းသူ၊ သင်တန်းသားများ တက်ရောက်ကြသည်။

(တိုင်းရင်းဆေး)

ဝါဏိဇ္ဇဘွဲ့ရများအသင်း ဟောပြောပွဲ မတ် ၁၅ရက်၌ ကျင်းပမည်

ရန်ကုန် မတ် ၁၁

ဝါဏိဇ္ဇဘွဲ့ရများအသင်း(မြန်မာနိုင်ငံ) ကကြီးမှူး၍ မတ်၁၅ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် Myanmar Info-Tech Conference Hall ၌ ပါမောက္ခ ဆရာကြီး ဦးမော်သန်းက Policies, estimates, errors, provisions & related issues in contemporary financial reporting ခေါင်းစဉ်ဖြင့် ဟောပြော မည်ဖြစ်သည်။

ထုတ်ပေးမည်

ဟောပြောပွဲသို့ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပြီး မတ် ၁၄ ရက်(စနေနေ့)နောက်ဆုံးထား၍ အသင်းရုံးခန်း အမှတ်၃၇/၄၁ လမ်း၅၀(အောက်) ဗိုလ်တထောင်မြို့နယ်သို့ မှတ်ပုံတင်ကြေးပေးသွင်း၍ စာရင်းပေးကြရန်နှင့် စာရင်းသွင်းရာတွင် လက်မှတ်ရပြည်သူ့စာရင်းကိုင်များဖြစ်ပါက မိမိတို့၏ CPA အသင်းဝင်အမှတ်၊ ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်းလက်မှတ်အမှတ်(ရှိလျှင်)၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်များ ဖော်ပြပေးပါရန်နှင့် ဟောပြောပွဲတက်ရောက်ကြောင်း လက်မှတ်များ ထုတ်ပေးမည်ဖြစ်သည်။

စုံစမ်းနိုင်

အသေးစိတ်သိလိုပါက ရုံးအဖွဲ့မှူး ဦးဘဝင်း ဖုန်း-၂၉၁၆၆၇၊ အတွင်းရေးမှူး ဦးမိုးကျော် ဖုန်း-၀၉-၅၁၅၄၅၇၄၊ တွဲဖက်အတွင်းရေးမှူး ဒေါ်အေးသီတာ ဖုန်း-၀၉-၅၀၀၀၇၅၂တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(ဝါဏိဇ္ဇဘွဲ့ရများအသင်း)

သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

မြန်မာ့ရုပ်မြင်သံကြား

၁၂-၃-၂၀၀၉ရက် (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော်ကြီး၏ ဥပ္ပါတသန္တိပါဠိတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ ချစ်စရာ့အရွယ် ကကြိုးသွယ်
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၆။ အတီးပြိုင်ပွဲ
- ၈း၁၅ ၇။ (၆၄)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြု အစီအစဉ်
- ၈း၃၀ ၈။ International News
- ၈း၄၀ ၉။ **သူငယ်ချင်းမရှိတဲ့ ဥပဒေ** မင်းဝေ၊ခင်ဇာခြည်ကျော်၊ ဇကရီကျော်ကျော် (ဒါရိုက်တာ -မောင်ယဉ်ကျော်)
- ၈း၅၀ ၁၀။ တေးဂီတအစီအစဉ်

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ အကပဒေသာ
- ၄း၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၄း၃၀ ၄။ တပ်မတော်နေ့ ဂုဏ်ပြုတေး သီချင်းပြိုင်ပွဲ ဆုရတေးများ
- ၄း၄၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(အထူးပြုအားလုံး) (အင်္ဂလိပ်စာ)
- ၄း၅၅ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၀၀ ၇။ **ရိုးသားစွာ ကြိုးစားပါ** ထွန်းထွန်းဝင်း၊ မြင့်မြင့်ခိုင်၊ ဟိန်းထက်ဇော်(ခ) ကာတော့ဝီယ၊ ဦးစောနိုင်(ရှမ်းပြည်)၊ ဦးရဲစိန်၊ကြည်စိုး(IC)၊ ဒေါ်အိအိစိုး၊ ဒေါ်သဲနုခိုင် (ဒါရိုက်တာ မြင့်စိုး(ဝ/သ)ရန်ကုန်)
- ၅း၂၅ ၈။ တေးဂီတအစီအစဉ်
- ၅း၃၅ ၉။ (၆၄)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၅း၄၅ ၁၀။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
- ၆း၀၀ ၁၁။ ညနေခင်းသတင်း
- ၆း၃၀ ၁၂။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၃။ **ပျော်ရွှင်စေသော နေ့ရက်များ “ကူလီချစ်”** ဇော်ဇော်အောင်၊စိုးရန်အောင်၊ တိမ်ညွန့်၊ နန်းဆုရတီစိုး (ဒါရိုက်တာ-အောင်ကျော်သူရ)
- ၆း၅၀ ၁၄။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့် ချဉ်းကပ်ခြင်း
- ၇း၁၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကုန်သွယ်မုန်တိုင်း** (အပိုင်း-၅၉)
- ၈း၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာလမ်းဆုံ** (အပိုင်း-၇)
- ၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **မြူခိုးဝေဝေ ချစ်သက်တည်** (အပိုင်း-၆)

"၂၀၀၉ ခုနှစ် နှမ်းပါးကို သတ်မှတ် လျာထားချက်ထက် ကျော်လွန်အောင် စိုက်ပျိုးနိုင်ခဲ့ပါတယ်"

ဦးကျော်သူရ
ဥက္ကဋ္ဌ
မြို့နယ်အေးချမ်းသာယာရေးနှင့်
ဖွံ့ဖြိုးရေးကောင်စီ
တန့်ယန်းမြို့။

✻ ကျောဖုံးမှ

၁၉၈၈ခုနှစ် နောက်ပိုင်း တပ်မတော်အစိုးရလက်ထက် လက်နက်နှင့် ငြိမ်းချမ်းရေး ရယူခဲ့ပြီးသည့် နောက်ပိုင်းတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးခရိုင် တန့်ယန်းမြို့နယ်သည် တည်ငြိမ်အေးချမ်းလာပြီး ဖွံ့ဖြိုးစည်ပင်လာခဲ့ပြီဖြစ်သည်။ မတ် ၁ ရက်က ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ်ပေးမှုဖြင့် မြန်မာ့အလင်းသတင်းအဖွဲ့ တန့်ယန်းမြို့သို့ ရောက်ရှိခဲ့သည်။ သတင်းအဖွဲ့နှင့်အတူ (နှစ်ရှည်ပင်)ပြည်နယ်မန်နေဂျာဦးဝင်းလှိုင်ဦး၊ လားရှိုးမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဦးသိန်းဟန်တို့ လိုက်ပါခဲ့ကြသည်။

တစ်မျှော်တစ်ခေါ်

လားရှိုးမြို့မှ ကိုးမိုင်ခွဲအကွာ လားရှိုး-မန္တလေး ကားလမ်းဆုံမှ တန့်ယန်းမြို့သို့ လမ်းခွဲ ထွက်ခဲ့ရသည်။ ဖြတ်သန်းခဲ့ရသော ကျေးရွာများမှာ နမ့်ပေါင်၊ ဟိုယ၊ နမ့်တုံး၊ လွိုင်ငင်းနှင့် ကျေးရွာ ၂၀ကျော်ခန့် ဖြစ်သည်။ သပ်ရပ်သောနေအိမ်များ၊ တိုက်ခံအဆောက်အအုံများ၊ချောင်းကူး တံတားလတ်၊ တံတားငယ်များနှင့် စပါး၊ ပြောင်း၊ ကြံ၊ ပဲစင်းငုံ၊ ဆီမုန်ညင်း၊ ကော်ဖီ၊ လက်ဖက်၊ ပဲ စိုက်ခင်းများကို တစ်မျှော်တစ်ခေါ် မြင်တွေ့ရသည်။

တောင်တွေကို ကွေ့ပိုက်ဖောက်ထားသော လမ်းများမှ တစ်တောင်တက် တစ်တောင်ဆင်း ဗင်ကားငယ်လေးဖြင့် မောင်းနှင်သွားခဲ့သည်။ ဖြတ်သန်းသွားခဲ့သော ကျေးရွာတိုင်းတွင် အစိုးရမူလတန်းကျောင်းများကို တွေ့မြင်ခဲ့သည်။ လျှပ်စစ်မီး သုံးစွဲနေမှုကို တွေ့ရသဖြင့် မေးမြန်းကြည့်ရာ ကိုယ့်အားကိုယ်ကိုး မီးစက်များ သုံးစွဲ၍ လည်းကောင်း၊ အသေးစားရေအားလျှပ်စစ်များထုတ်လုပ်၍လည်းကောင်း၊ ကျေးရွာအလိုက် ထွန်းညှိသုံးစွဲနေသည်ကို ညဘက် အပြန်ခရီးတွင် မြင်တွေ့ရသည်။ လားရှိုး-တန့်ယန်း၈၃မိုင်ခရီးကို ငါးယောက်စီးဗင်ကားငယ်လေးများ၊ ဆန်နီပစ်ကပ်၊ ဟိုင်းလက် ပစ်ကပ်ကားများဖြင့် ခရီးသည်တင်၊ ကုန်စည်တင် ပြေးဆွဲပေးနေသည်ကိုလည်း မြင်တွေ့ရသည်။

ရှင်းလင်းပြောကြား

တန့်ယန်းမြို့နယ်တွင် ရပ်ကွက် ၁၀ရပ်ကွက်၊ ကျေးရွာအုပ်စု ၄၉အုပ်စု ရှိပြီး အိမ်ခြေ ၁၆၁၁၈ ရှိသည်။ အိမ်ထောင်စု ၁၆၂၂၅ ရှိပြီး လူဦးရေ ၁၈၉၂၉၉ နေထိုင်ကြောင်းသိရသည်။ ဘိန်းအစားထိုးသီးနှံများအဖြစ်ကော်ဖီ၊ လက်ဖက်၊ ရော်ဘာများ စိုက်ပျိုးနေပြီဖြစ်ကြောင်း၊ မြေပဲဆိုလျှင် ဧက၃၂၀၀ စိုက်ရန် လျာထားသတ်မှတ်သော်လည်း ဧက ၄၇၅၀ စိုက်နိုင်ခဲ့သဖြင့် လျာထားချက် ကျော်လွန်ပြီး ၁၀၄ ဒသမ ၉ ရာခိုင်နှုန်း စိုက်ပျိုးနိုင်ခဲ့ကြောင်း၊၂၀၀၉ခုနှစ်အတွက် နှမ်းပါး ဧက ၉၀၀ စိုက်ပျိုးနိုင်၍ သတ်မှတ်လျာထားချက် ကျော်လွန်ကာ ၁၄၆ ဒသမ ၄၆ ရာခိုင်နှုန်းဖြစ်သဖြင့် ဒေသဝမ်းစာ ဖူလုံနေပြီ ဖြစ်ကြောင်း၊ ပညာရေးကဏ္ဍတွင်လည်း ကျောင်းနေအရွယ် ကလေးတိုင်း ကျောင်းစာသင်ရန် အစီအမံများထားရှိပြီးဖြစ်ကြောင်း၊ ယခုနှစ်တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ တန့်ယန်းမြို့နယ်မှ ၂၇၅ဦး ဝင်ရောက်ဖြေဆိုနေကြကြောင်း၊ ယမန်နှစ်က လေးဘာသာဂုဏ်ထူးရှင် နှစ်ဦး ပေါ်ထွက်ပြီး ဆေးတက္ကသိုလ် ဝင်ခွင့်တစ်ဦး ရရှိခဲ့ကြောင်း၊ ယခုနှစ်တွင်လည်း တက္ကသိုလ်ဝင်တန်း အောင်ချက် မြင့်မားရေးနှင့် စာမေးပွဲဝင်ရောက်ဖြေဆိုမည့် ကျောင်းသူကျောင်းသားများအတွက် အထောက်အကူပြုနိုင်ရန် ငွေကျပ် သုံးသိန်းကို မြို့နယ်ပညာရေးမှူးသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သူရက မြန်မာ့အလင်းသို့ ရှင်းလင်းပြောကြားသည်။

တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေးအတွက် အထောက်အကူပြုနိုင်ရန် တန့်ယန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သူရက မြို့နယ်ပညာရေးမှူး ဦးရဲညွှန့်သို့ ငွေကျပ်သုံးသိန်း ပေးအပ်လှူဒါန်းခဲ့စဉ်။ (မြန်မာ့အလင်း)

ရှမ်းပြည်နယ်(မြောက်ပိုင်း)တန့်ယန်းမြို့ ဆက်သွယ်ရေးစခန်းတွင် ယခင်လက်လှည့်တယ်လီဖုန်း ဆက်သွယ်ရေးစနစ်မှ MPT ဂြိုဟ်တုစနစ်ဖြင့် ကမ္ဘာ့နိုင်ငံများသို့ပါ ဆက်သွယ်ပြောဆိုနိုင်ကြပေပြီ။(မြန်မာ့အလင်း)

မြို့နယ် ဆက်သွယ်ရေးစခန်းမှာ ယခင်က လက်လှည့်တယ်လီဖုန်းစနစ်အစား၊ ယခုအခါ ဆက်သွယ်ရေး ဖုန်း MPT.Satellite စနစ်ဖြင့် နိုင်ငံရပ်ခြားနှင့် နယ်အဝေးပြောများသို့ ဆက်သွယ် ပြောဆိုနိုင်ပြီဖြစ်ကြောင်း ဆက်သွယ်ရေးရုံးတာဝန်ခံ ဒေါ်ဝင်းမေထူးက ရှင်းပြပြောကြားသည်။

တစ်ချိန်တစ်ခါက မတည်ငြိမ်မငြိမ်းချမ်းခဲ့သော တန့်ယန်းမြို့သည် ယခုအခါ ဘိန်းအစားထိုးသီးနှံ ရော်ဘာ၊ လက်ဖက်များ စိုက်ပျိုးပြီး မြို့နေ၊ ကျေးရွာနေ ဒေသခံများ၊ အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်ထွန်းလာခဲ့ပေပြီ။ ဆိုင်ကယ် တဝီဝီ စီးနင်းပြီး ထော်လာဂျီယာဉ်ငယ်များနှင့် ကုန်ပစ္စည်းအမယ်မျိုးစုံကို လူးလာခေါက်တုံ့ ကျေးရွာအနှံ့ အပြန်ပြန် အလှန်လှန် ဒေသထွက်ကုန်ချင်းဖလှယ်ကာ ထိတ်လန့်စိုးရွံ့မှုကင်းသော အသွင်အပြင်များသည် တန့်ယန်းမြို့ကြီး အေးချမ်းတည်ငြိမ် ဖွံ့ဖြိုးတိုးတက်ခြင်းကိုလှစ်ဟပြနေခြင်းပင်ဖြစ်ပါကြောင်း သတင်းမြင်ကွင်း ဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

သတ်မှတ်လျာထားချက်ကျော်လွန်သော နှမ်းပါး စိုက်ပျိုးရန်အတွက် တန့်ယန်းမြို့နယ် ခိုယောင်းကျေးရွာ နှမ်းပါးပျိုးခင်းမှ ပျိုးပင်များ စုပေါင်း ရိတ်သိမ်းနေကြသည်မှာ.... (မြန်မာ့အလင်း)

လက်ဖက်နှင့်ပတ်သက်၍ အများပြည်သူသိရှိရန် အသိပေးကြေညာချက်

ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေး စစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကို အများပြည်သူတို့ စားသုံးနိုင်ရန် စဉ်ဆက်မပြတ် စစ်ဆေးလျက်ရှိသည်။

ဈေးကွက်များတွင် ရောင်းချလျက်ရှိသော လက်ဖက်များကို ဓာတ်ခွဲစစ်ဆေးရာ အောက်ဖော်ပြပါ လက်ဖက်အမှတ်တံဆိပ်များ၌ အစားအသောက်တွင် သုံးစွဲရန်ခွင့်မပြုသော အဝါရောင်ဆိုးဆေး(Auramine O) ပါဝင်ကြောင်း တွေ့ရှိရသည်။

Auramine O သည် ချည်၊ သိုးမွေး၊ ပိုးထည်၊ စက္ကူ၊ သားရေများကို အရောင်ဆိုးသောဓာတုပစ္စည်းဖြစ်ပါသည်။ စားသုံးသူများကို လတ်တလော အဆိပ်အတောက် မဖြစ်စေသော်လည်း ရေရှည်တွင် အသည်းနှင့်ကျောက်ကပ်ရောဂါဖြစ်စေခြင်း၊ ခန္ဓာကိုယ်ကြီးထွားမှုကို ထိခိုက်စေခြင်း၊ ကင်ဆာရောဂါဖြစ်စေခြင်းတို့ကြောင့် Auramine O ပါဝင်သော လက်ဖက်များသည် စားသုံးရန်မသင့်ကြောင်း အသိပေးအပ်ပါသည်။

အစားအသောက်တွင် သုံးစွဲရန်ခွင့်မပြုသော အဝါရောင်ဆိုးဆေး (Auramine O) တွေ့ရှိရသည့် အမှတ်တံဆိပ်/လုပ်ငန်းများနှင့် လက်ဖက်အမျိုးအစားများ

စဉ်	အမှတ်တံဆိပ်/လုပ်ငန်း	လက်ဖက်အမျိုးအစား
၁။	ရွှေခြသေ့်တံဆိပ်	လက်ဖက်အသား၊ ချဉ်စပ်လက်ဖက်
၂။	ပဒေသာလုပ်ငန်း	လက်ဖက်အသား
၃။	မျိုးတံဆိပ်	ချဉ်စပ်
၄။	မတင်ပိုင်တံဆိပ်	လက်ဖက်အသား၊ ကြက်ခြေနီနှပ်
၅။	အောင်ပွင့်ဖူးလုပ်ငန်း	လက်ဖက်အသား
၆။	ရွှေပြည်စံတံဆိပ်	လက်ဖက်အသား
၇။	ရွှေပြည်တန်တံဆိပ်	လက်ဖက်အသား
၈။	လမင်းတံဆိပ်	လက်ဖက်အသား၊ ချဉ်စပ်လက်ဖက်
၉။	ဝင်းလုပ်ငန်း	လက်ဖက်အသား
၁၀။	ငွေတောင်တန်းတံဆိပ်	လက်ဖက်ဆီနှပ်
၁၁။	ပင်ပျိုရွက်နုလုပ်ငန်း	လက်ဖက်အသား
၁၂။	ချစ်မမတံဆိပ်	လက်ဖက်နှပ်
၁၃။	ရွှေညီနောင်လုပ်ငန်း	လက်ဖက်အသား
၁၄။	အောင်ဆင်မင်းတံဆိပ်	လက်ဖက်ဆီနှပ်နှင့်အကြော်စုံ
၁၅။	ပလောင်ပျိုမေတံဆိပ်	လက်ဖက်နှင့်အကြော်စုံ
၁၆။	အောင်သပြေတံဆိပ်	လက်ဖက်အသား
၁၇။	ထိပ်တန်းအောင်လုပ်ငန်း	လက်ဖက်အသား
၁၈။	နေလ တံဆိပ်	ချဉ်စပ်
၁၉။	မရွှေယုတံဆိပ်	ဇယန်းအညွန့်နှပ်၊ အစပ်
၂၀။	စိန်ဝေလျှံတံဆိပ်	လက်ဖက်နှပ်
၂၁။	မြင့်မိုရ်လုပ်ငန်း	လက်ဖက်အသား
၂၂။	စမ်းမင်းတံဆိပ်	ချဉ်စပ်လက်ဖက်
၂၃။	သုခိတာလုပ်ငန်း	လက်ဖက်အသား
၂၄။	ရွှေနတ်သားလုပ်ငန်း	လက်ဖက်အသား
၂၅။	ငြိမ်းငြိမ်းတံဆိပ်	လက်ဖက်အသား၊ ချင်းချဉ်စပ် လက်ဖက်ချဉ်စပ်
၂၆။	ရွှေတုတ်တံဆိပ်	မိုးကုတ်လက်ဖက်ညွန့်နှင့်အကြော်စုံ မိုးကုတ်လက်ဖက် ချဉ်စပ်နှင့်အကြော်စုံ မိုးကုတ်လက်ဖက် ရှုးရှဲနှင့်အကြော်စုံ
၂၇။	မြသီဒါတံဆိပ်	လက်ဖက်အသား၊ ချဉ်စပ်လက်ဖက် ဇယန်းနှပ်
၂၈။	သီဟစိုးလုပ်ငန်း	လက်ဖက်အသား
၂၉။	ကျော်ကျော်မှီတံဆိပ်	လက်ဖက်အသား၊ ချဉ်စပ်လက်ဖက်
၃၀။	သိန်းတစ်ရာလုပ်ငန်း	လက်ဖက်အသား
၃၁။	ရည်မွန်တံဆိပ်	ချဉ်စပ်
၃၂။	ဖိုးလမင်းလုပ်ငန်း	လက်ဖက်အသား
၃၃။	ဗေဒါရွှေကြာတံဆိပ်	ချင်းချဉ်စပ်လက်ဖက်
၃၄။	ရွှေရီမွန်တံဆိပ်	ဇယန်းအညွန့်အချို၊ ဇယန်းအညွန့်ချဉ်စပ်၊ ရှုးရှဲလက်ဖက်
၃၅။	ဓနဝေလုပ်ငန်း	လက်ဖက်အသား
၃၆။	ရွှေကြိုးကြာ ငွေကြိုးကြာလုပ်ငန်း	လက်ဖက်အသား
၃၇။	ရွှေအိုးကြီးတံဆိပ်	ရှုးရှဲလက်ဖက်နှပ် ရှုးရှဲလက်ဖက်အကြော်စုံ၊ လက်ဖက်နှပ်
၃၈။	ဝင့်ဝါဦးတံဆိပ်	ချဉ်စပ်လက်ဖက်
၃၉။	အရှီးတောင်းတံဆိပ်	လက်ဖက်အသား၊ ချဉ်စပ်
၄၀။	သိန်းသန်းတံဆိပ်	လက်ဖက်အသား၊ ချဉ်စပ်
၄၁။	ပလောင်လေးတံဆိပ်	ဇယန်းလက်ဖက်နှပ်
၄၂။	ပုလဲရတနာတံဆိပ်	လက်ဖက်ဆီနှပ်အချို
၄၃။	မွှမွှလေးတံဆိပ်	လက်ဖက်နှင့်အကြော်စုံချဉ်စပ်၊ လက်ဖက်ချဉ်စပ်

ကျန်းမာရေးဝန်ကြီးဌာန။

ရော်ဘာစေးထွက်ရှိရန် ဤသို့ လှီးခြစ်ထုတ်ရသည်။ (မြန်မာ့အလင်း)

● *ရှေ့ဖုံးမှ*

ရော်ဘာကို ကမ္ဘာ့စက်မှုထွန်းကားသည့်နိုင်ငံများက စက်မှုလုပ်ငန်းများတွင် သုံးစွဲမှုများပြားလာခြင်းကြောင့် ဝယ်လိုအား ကောင်းလျက်ရှိသည်။ အထူးသဖြင့် ရော်ဘာကို မော်တော်ကားတာယာနှင့် စက်မှုလုပ်ငန်းသုံး ပစ္စည်းအချို့တွင် မဖြစ်မနေ သုံးစွဲနေကြရသည်။

အများဆုံး

မြန်မာနိုင်ငံတွင် ရော်ဘာကို တနင်္သာရီတိုင်းနှင့် မွန်ပြည်နယ်တို့၌ အများဆုံး စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။ ရော်ဘာကို မြန်မာနိုင်ငံတွင် စက်မှုကုန်ကြမ်းသီးနှံအဖြစ် မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်း(နှစ်ရှည်ပင်)က စိုက်ပျိုးဖြစ်ထွန်းနိုင်သည့် ရေမြေရာသီဥတုနှင့်လိုက်လျောညီထွေမှုရှိသော ပြည်နယ်နှင့် တိုင်းများ၌ စိုက်ဧကများ တိုးပွားလာစေရေးအတွက် တွန်းအားပေး ဆောင်ရွက်လျက်ရှိသည်။

မြန်မာ့အလင်းသတင်းအဖွဲ့သည် တနင်္သာရီတိုင်း၏ ဒေသဖွံ့ဖြိုးရေး သတင်းဆောင်းပါးများရေးသားတင်ပြနိုင်ရန် မကြာမီက မြိတ်မြို့သို့ရောက်ရှိခဲ့သည်။ တနင်္သာရီတိုင်း မြန်မာ့စက်မှုသီးနှံ ဖွံ့ဖြိုးရေးလုပ်ငန်း(နှစ်ရှည်ပင်)မှ ခရိုင်မန်နေဂျာ ဦးလှကျော်၏ စီစဉ်ပေးမှုဖြင့် မြိတ်-ကော့သောင်း ကားလမ်းဘေးရှိ ရော်ဘာ စိုက်ပျိုးရေးခြံများသို့ သွားရောက်လေ့လာခဲ့သည်။

ရော်ဘာပြားများ

သတင်းအဖွဲ့သည် မြိတ်-ထားဝယ် ကားလမ်းမှ မြိတ်-ကော့သောင်း ကားလမ်းအပိုင်းသို့ ခွဲထွက်လာပြီး မကြာမီ လမ်းတစ်လျှောက် ရော်ဘာတောများ ရှုမဆုံးအောင် မြင်တွေ့ခဲ့ရသည်။ ရော်ဘာပင်များတွင် အစေးလှီးနေသူများ၊ ရော်ဘာပြားများ နေလှန်းထားသည့်နေရာများ လမ်းတစ်လျှောက် အများအပြားတွေ့ရသည်။

ရော်ဘာကိုမြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်း(နှစ်ရှည်ပင်)မှ တာဝန်ယူစိုက်ပျိုးနေသည့် ခြံများ၊ တစ်သီးပုဂ္ဂလစိုက်ပျိုးသည့် ခြံများရှိကြောင်း သိရသည်။ တနင်္သာရီတိုင်းတွင် မြိတ်ခရိုင်၊ ထားဝယ်ခရိုင်နှင့် ကော့သောင်းခရိုင်ဟူ၍ ခရိုင်သုံးခရိုင်ရှိရာ မြိတ်ခရိုင်သည် ရော်ဘာအများဆုံးစိုက်ပျိုးသည့် ဒေသဖြစ်သည်။

ရော်ဘာပြားများ လက်လှည့်ကြိတ်စက်ဖြင့် ထုတ်လုပ်နေမှု။ (မြန်မာ့အလင်း)

သတင်းအဖွဲ့သည် မြိတ်-ကော့သောင်း ကားလမ်းနံဘေး၊ မြိတ်မြို့မှ မိုင်၂၀အကွာရှိ ရော်ဘာခြံလုပ်ငန်းရှင် ဦးအင်စိန်၏ ရော်ဘာစိုက်ပျိုးရေးခြံသို့ ဝင်ရောက်လေ့လာခဲ့သည်။

''ကျွန်တော်တို့ ရော်ဘာကို ၁၉၉၈ ခုနှစ်ကတည်းက စစိုက်ပါတယ်၊ စုစုပေါင်းဧက ၁၀၀စိုက်ထားပါတယ်၊ အခုလည်း ရော်ဘာစိုက်ခင်းသစ်တွေ ထပ်မံတိုးချဲ့စိုက်ပျိုးနေပါတယ်၊ စိုက်ပျိုးတဲ့မျိုးတွေကတော့ BPM 24 မျိုးဖြစ်ပါတယ်၊ ဒီမျိုးက အလွန်အထွက်ကောင်းတဲ့မျိုးဖြစ်ပါတယ်၊ ရော်ဘာကို စိုက်ပျိုးပြီး ငါးနှစ်အကြာမှာ အစေးလှီးနိုင်ပါတယ်၊ စတင်လှီးတဲ့ ပထမနှစ်မှာ တစ်ဧကကို ပေါင် ၁၄၀၀ လောက်ထွက်ပါတယ်၊ ဒုတိယနှစ်မှာတော့ ပေါင် ၁၆၀၀အထိ ထွက်ပါတယ်၊ အဲဒီနောက် တစ်ဧကအထွက်နှုန်းတိုးသွားပြီး ရော်ဘာစိုက်ပျိုးသက်တမ်း ၁၂နှစ်အထိ အများဆုံးထွက်လာပါတယ်၊ ဒီနောက်မှာတော့ အထွက်နှုန်းပြန်ကျလာပြီး သက်တမ်း ၂၅နှစ် ၃၀မှာ သက်တမ်းကုန်ဆုံး ပါတယ်''ဟု ရော်ဘာခြံပိုင်ရှင်ဦးအင်စိန်က မြန်မာ့အလင်းသို့ ရှင်းပြသည်။

''ရော်ဘာဟာ ကမ္ဘာမှာ ဝယ်လိုအား ကောင်းနေတဲ့ စက်မှုကုန်ကြမ်းသီးနှံတစ်ခုဖြစ်ပါတယ်၊ စိုက်ပျိုးတဲ့တောင်သူတွေအနေနဲ့ သားစဉ်မြေးဆက် ရေရှည်အကျိုးဖြစ်ထွန်းစေမယ့် ရော်ဘာကို တိုးချဲ့စိုက်ပျိုးလုပ်ကိုင်သင့်ပါတယ်''ဟု ဦးအင်စိန်က ဆက်လက် ပြောကြားသည်။

စက်မှုသီးနှံ

သတင်းအဖွဲ့သည် ထိုမှဆက်လက်ထွက်ခွာလာရာ မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်း (နှစ်ရှည်ပင်)က တာဝန်ယူစိုက်ပျိုးနေသည့် ခြံမန်နေဂျာ ဦးဝင်းဇော်၏ခြံသို့ ဝင်ရောက်လေ့လာခဲ့သည်။

ခြံအတွင်း၌ **'ရော်ဘာစိုက်ပျိုးပြည့်အကျိုး ဆတိုးဆောင်ရွက် စီးပွားတက်'** ဟူသော ဆိုင်းဘုတ်ကြီးတစ်ခု စိုက်ထူထားသည်။ ရော်ဘာစိုက်ပျိုးရေးအတွက် ဒေသခံတောင်သူများအား လှုံ့ဆော်ထားခြင်းဖြစ်သည်။

''ကျွန်တော်တို့ ဒီတနင်္သာရီတိုင်းဟာ ရော်ဘာစိုက်ပျိုးဖို့ ရေမြေရာသီဥတု အလွန်ကောင်းလွန်းပါတယ်၊ စိုက်ပျိုးတဲ့တောင်သူတွေအတွက်လည်း အကျိုးအမြတ်ရေရှည်ဖြစ်ထွန်းစေမှာဖြစ်ပါတယ်၊ ဒီဒေသမှာ အများဆုံး စိုက်တဲ့မျိုးတွေကတော့ BPM 24 လို့ခေါ်တဲ့ အင်ဒိုနီးရှားမျိုး၊ PB 260, PB 235 လို့ခေါ်တဲ့ မလေးရှားမျိုးနဲ့ RRIC-100 လို့ခေါ်တဲ့ သီရိလင်္ကာမျိုးပွား အများဆုံးစိုက်ပျိုးကြပါတယ်'' ဟု ခြံမန်နေဂျာ ဦးဝင်းဇော်က မြန်မာ့အလင်းသို့ ရှင်းပြသည်။

စိုက်ခင်းသစ်

''ရော်ဘာခြံလုပ်ငန်းရှင်များအနေနဲ့ ရှိပြီးသားအစေးဖြစ်နေတဲ့ ရော်ဘာစိုက်ခင်းများအပြင် စိုက်ခင်းသစ်များ တိုးချဲ့လုပ်ကိုင်သွားရန် အရေးကြီးပါတယ်၊ ရော်ဘာစိုက်ပျိုးခြင်းဖြင့် ရေရှည်အကျိုးစီးပွားဖြစ်ထွန်းနိုင်မှာဖြစ်ပါတယ်၊ စိုက်ပျိုးပြီး သက်တမ်းအိုတဲ့ ရော်ဘာပင်အိုတွေကိုလည်း ယခုအခါမှာ ရော်ဘာသစ်ထုတ်လုပ်ရေးလုပ်ငန်းတွေ ပေါ်ပေါက်လာတာမို့ အပင်အိုတွေကို တစ်ပင်အနည်းဆုံး ကျပ် ၁၀၀၀နဲ့ ရောင်းနေရတာမို့ ရော်ဘာပင်ပြန်စိုက်ဖို့ အခက်အခဲကိုလည်း ကျော်လွှားနိုင်မှာဖြစ်ပါတယ်'' ဟု ဦးဝင်းဇော်က ဆက်လက် ရှင်းပြသည်။

ဆက်လက်၍ သတင်းအဖွဲ့သည် ဦးအင်စိန်၏ ရော်ဘာထုတ်လုပ်ရေးစခန်းသို့လည်း သွားရောက်လေ့လာခဲ့သည်။



ရော်ဘာပြားများကို ဤသို့နေလှန်းကြရသည်။ (မြန်မာ့အလင်း)

''ရော်ဘာပင်မှ အစေးလှီးပြီးကျန်တဲ့အစေးများကို ခွက်များနဲ့ခံထားပါတယ်၊ ရရှိလာတဲ့ ရော်ဘာအစေးများကို ရော်ဘာအစေးခြစ် လုပ်သားများက ပုံးအလွတ်တစ်ပုံးနဲ့ ရော်ဘာတောအတွင်း လိုက်လံစုဆောင်းရပါတယ်၊ ရရှိလာတဲ့ ရော်ဘာအစေးများကို ဖောမစ်အက်စစ်၊ ရေတို့နှင့် အချိုးကျရောစပ်ပြီး ပုံစံခွက်များထဲသို့ထည့်ရပါတယ်၊ ဒီပုံစံခွက်များထဲမှ ရော်ဘာများကို ရော်ဘာလက်ကြိတ်စက်နဲ့ အပြားများဖြစ်အောင် ကြိတ်ရပါတယ်၊ ဒီရော်ဘာပြားများကို ခေတ္တမျှ ရေဇလားတစ်ခုအတွင်း စိမ်ထားရပါတယ်၊ ယင်းရေဇလားမှ ရော်ဘာပြားများကို သုံးရက်ကြာ နေလှန်းပေးရပါတယ်၊ ယင်းနောက် မီးအပူပေးထားတဲ့ မှိုင်းခံရုံအတွင်းမှာ သုံးရက်ကြာ မှိုင်းခံပေးရပါတယ်၊ ဒီနောက် ဈေးကွက်သို့ တင်ပို့ ရောင်းချနိုင်တဲ့ ရော်ဘာပြားများရရှိပါတယ်'' ဟု ရော်ဘာထုတ်လုပ်ပုံ အဆင့်ဆင့်နှင့် ပတ်သက်ပြီး မြန်မာ့နှစ်ရှည်ပင်မှ တာဝန်ခံဦးအုံးမောင်က ရှင်းပြသည်။

ရော်ဘာကိုတနင်္သာရီတိုင်းအတွင်း ခရိုင်သုံးခရိုင်စလုံး၌ စိုက်ပျိုးလျက်ရှိရာ ၂၀၀၇-၂၀၀၈ ခုနှစ်အထိ စိုက်ပျိုးပြီးဧကမှာ ၁၇၂၇၃၄ ဧကရှိပြီး ၂၀၀၈-၂၀၀၉ ခုနှစ်အတွင်း ဧက ၃၀၀၀၀ကိုလည်း ထပ်မံတိုးချဲ့စိုက်ပျိုးသွားရန်ရှိကြောင်း သိရသည်။

သို့ဖြစ်၍ ဈေးကွက်ဝယ်လိုအားကောင်းသည့်ရော်ဘာများကိုတနင်္သာရီတိုင်းအတွင်း ရော်ဘာခြံလုပ်ငန်းရှင်များအနေဖြင့် တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးသွားခြင်းဖြင့် **'ရော်ဘာစိုက်ပျိုး ပြည့်အကျိုး၊ ဆတိုးဆောင်ရွက် စီးပွားတက်'** ဆိုသည့် ဆောင်ပုဒ်အတိုင်း အမှန်တကယ်စီးပွားဖြစ်ထွန်းမည်သာဖြစ်ပါကြောင်း လေ့လာတင်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

တနင်္သာရီတိုင်း မြိတ်-ကော့သောင်းမြို့နယ်များတွင် အောင်မြင်ရှင်သန်ဖြစ်ထွန်းနေသော ရော်ဘာစိုက်ခင်းတစ်နေရာ။ (မြန်မာ့အလင်း)

မြိတ်-ကော့သောင်း ကားလမ်းနံဘေးဝဲယာတွင် စိုက်ပျိုးထားသော ရော်ဘာပင်တန်းများ။ (မြန်မာ့အလင်း)

ရော်ဘာကို တနင်္သာရီတိုင်းအတွင်း ခရိုင်သုံးခရိုင်စလုံး၌ စိုက်ပျိုးလျက်ရှိရာ ၂၀၀၇-၂၀၀၈ ခုနှစ်အထိ စိုက်ပျိုးပြီး ဧကမှာ ၁၇၂၇၃၄ ဧကရှိပြီး ၂၀၀၈ -၂၀၀၉ခုနှစ်အတွင်း ဧက ၃၀၀၀၀ကိုလည်း ထပ်မံတိုးချဲ့စိုက်ပျိုးသွားမည်။

တိမ်စင်ဝင်းပ ရွှန်းမြမြ ရွှေမန္တလေးမှာ သာတဲ့လ

ဒေါက်တာ နီလာသိန်း (လင်းရောင်သစ်)

၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့။ ဤနေ့သည် မန္တလေးမြို့သူ မြို့သားများအတွက် ကျက်သရေမင်္ဂလာ အဖြာဖြာနှင့် ပြည့်စုံသော နေ့တစ်နေ့ပင်ဖြစ်သည်။ **'အောင်ကျော်ချမ်းအေး မန္တလေး'** ...၊ **'အင်ကြင်းကြာငုံ ရတနာပုံ'** ဟု အမှတ်သညာပြုခဲ့ကြသည့် ရတနာပုံ ရွှေမြို့တော်ကြီး၏ နှစ်(၁၅၀)ပြည့်မြောက်ခဲ့သည့် အချိန်ကာလနှင့်လည်း ကိုက်ညီနေပြန်သလို၊ ရှေးယဉ်ကျေးမှုအမွေအနှစ်များ ကျုံးမြို့ရိုး၊ တန်ဆောင်း၊ ပြာသာဒ်များ စသည့် ရှေးမူနန်းဆန်ကြငှန်း ဆန်လှသည့် အလှတရားများကလည်း မန္တလေး၏ဂုဏ်ကို ပိုမိုဝင့်ထည်နေစေပေသည်။

ထို့အတူ ဤနေ့ဤရက်သည် မန္တလေးမြို့၏ ကျန်းမာရေးကဏ္ဍသစ်တစ်ရပ်ကို အောင်မြင်စွာ ဖွင့်လှစ်ပေးနိုင်ခဲ့သောကြောင့် ကျန်းမာရေးဝန်ကြီးဌာနအတွက်လည်း သမိုင်းတွင်ကျန်ရစ်မည့် ထူးခြားခမ်းနားသည့် နေ့ဟုလည်း ဆိုရမည်ဖြစ်သည်။ ကျန်းမာရေးသည် လူတိုင်းအတွက် အဓိက လိုအပ်ချက်တစ်ရပ်ဖြစ်သလို ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူများအသက်ရှည်ကျန်းမာစွာ နေထိုင်ရေး၊ ရောဂါဘယ ကင်းရှင်းရေး တို့အတွက် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို တိုးမြှင့်ဖြည့်ဆည်းပေးလျက်ရှိပါသည်။ ဆေးရုံ၊ ဆေးခန်းများကိုလည်း တိုးချဲ့ဆောက်လုပ်လျက်ရှိရာ ၁၉၈၈ ခုနှစ်တွင် ဆေးရုံပေါင်း ၆၃၁ ရုံ၊ ၂၀၀၉ ခုနှစ်အထိ ဆေးရုံပေါင်း ၈၄၆ ရုံ အထိ တိုးမြှင့် ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။ ပြည်သူလူထု အခြေပြု၊ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို ဆောင်ရွက်ရာတွင်လည်း ပြည်ထောင်စုတစ်ဝန်းလုံး၊ နယ်မြေဒေသ အကြားအလပ်မရှိစေဘဲ၊ မြို့ပြနှင့် ကျေးလက်၊ ပြည်နယ်ပြည်မ ကွာဟချက်များ နည်းပါးနိုင်ရန် အထူးကု ဆရာဝန်ကြီးများအနေဖြင့် ကျေးလက်ဒေသအထိ ကွင်းဆင်း ဆောင်ရွက်ခဲ့ကြရာ ကျေးလက်နေပြည်သူတို့၏ ကျန်းမာရေးကဏ္ဍကို မြှင့်တင်ပေးနိုင်ကြပါသည်။

ဤသို့ဖြင့် ၂၀-၂-၂၀၀၉ ရက်မှ ၂၃-၂-၂၀၀၉ ရက်အထိ မြန်မာနိုင်ငံနှင့် စင်ကာပူနိုင်ငံမှ ဆရာဝန်ကြီးများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို မန္တလေးမြို့၌ ကျင်းပပြုလုပ်ခဲ့ရာ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း ဆေးရုံကြီးတွင် မျက်စိဝေဒနာရှင်များကိုလည်းကောင်း၊ မန္တလေးပြည်သူ့ဆေးရုံကြီးတွင် နှလုံးရောဂါ၊ အရိုးရောဂါ၊ ဆီးချိုရောဂါ၊ ခွဲစိတ်ရောဂါနှင့် အထွေထွေ ရောဂါများအတွက် စမ်းသပ်စစ်ဆေးကုသမှုများ ပေးခဲ့ကြသည်။

အထူးကုအဖွဲ့တွင် စင်ကာပူနိုင်ငံနှင့် မြန်မာနိုင်ငံမှ မျက်စိအထူးကု ဆရာဝန်ကြီးများ၊ အရိုးအထူးကုဆရာဝန်ကြီးများပူးပေါင်း၍ အခမဲ့စမ်းသပ်ကုသမှုများပေးခဲ့ကြရာ မန္တလေးတိုင်းအတွင်းရှိ မြို့နယ်များမှ ပြည်သူများအတွက် နိုင်ငံတကာအဆင့်မီ ကျန်းမာရေးကုသမှုများ ခံယူနိုင်ခဲ့ကြပြီဖြစ်၍ ထူးခြားသည့်အခွင့်အရေးတစ်ရပ်ကို ရရှိခဲ့သည့်နေ့ရက်ဟု ဆိုရခြင်းဖြစ်ပါသည်။ ကျွန်မတို့ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် အမိနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် ပြည်ထောင်စုဖွားတိုင်းရင်းသား ဆွေမျိုးသားချင်းများအားလုံး အသက်ရှည်ကျန်းမာစွာ နေထိုင်နိုင်ရေးအတွက် စေတနာရှေ့ထား၍ ဆောင်ရွက်ပေးကြရမည်ဖြစ်ပါသည်။ **နိုင်ငံတော်အနေဖြင့်လည်း ရန်ကုန်နှင့် မန္တလေး တစ်ပြေးညီ ဖြစ်ရေးအတွက် မန္တလေးမြို့တွင် နိုင်ငံတကာအဆင့်မီ ကလေးအထူးကုဆေးရုံကြီး၊ ဗဟိုအမျိုးသမီးဆေးရုံကြီး၊ တီဘီရောဂါအထူးကုဆေးရုံကြီး၊ မူးယစ်နှင့် စိတ်ရောဂါကုဆေးရုံကြီး၊ တိုင်းရင်းဆေးရုံကြီး၊ သံဃာ့ဆေးရုံ စသည်ဖြင့် ဖွင့်လှစ်ပေးနိုင်ခဲ့ပြီးဖြစ်သည့်အပြင် ခုတင် - ၂၀၀ ဆံ့ အရိုးအထူးကု ဆေးရုံကြီးကိုလည်း မကြာမီဖွင့်လှစ်နိုင်တော့မည်ဖြစ်သည်။** ကျွမ်းကျင်ပညာရှင်များ၊ ခေတ်မီစက်ကိရိယာများ၊ ဓာတ်ခွဲခန်း၊ ဓာတ်မှန်ခန်းသုံး အဆင့်မြင့်ပစ္စည်းများကိုလည်း တပ်ဆင်ထားရှိခဲ့ပြီးဖြစ်ပါသည်။

ဤသို့ဖြင့် ၂၁-၂-၂၀၀၉ ရက်တွင် စေတနာရှင်၊ အလှူရှင်များ ပါဝင်လှူဒါန်းခဲ့ကြသည့် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး ငါးထပ်ဆေးကုသဆောင်သစ်ကြီးကို စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်နိုင်ခဲ့ကြရာ အားလုံး လက်တွဲညီညီ၊ ဟန်ချက်ညီညီစုပေါင်းအားကို မီးမောင်းထိုးပြနိုင်ခဲ့သည့် မဟာအောင်ပွဲကြီးပင် ဖြစ်ခဲ့ရပေသည်။ ထို့အတူ မြန်မာ-စင်ကာပူဝန်ကြီးများ ပူးပေါင်းဆောင်ရွက်သည့် ကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ်တွင် မန္တလေး၊ အမရပူရ၊ စစ်ကိုင်း၊ ပုသိမ်ကြီး၊ မတ္တရာ၊ ကန့်ဘလူ၊ ငါန်းဇွန်၊ မြင်းမူ၊ မလှိုင်၊ ထီးချိုင့်၊ မြစ်ကြီးနား စသည်တို့မှ လာရောက်ပြသခဲ့ကြရာ နှလုံးရောဂါဝေဒနာရှင် ၅၂၃ ဦး၊ အရိုးရောဂါ ၅၁၀၊ ဆီးချိုရောဂါရှင် ၁၃၃၉ ဦး၊ ခွဲစိတ်ရောဂါ ၇၂၇ ဦး၊ အထွေထွေ ရောဂါ ၁၁၃၉ ဦးတို့ကို ကြည့်ရှုစစ်ဆေး၍ ကုသမှုများ ပေးနိုင်ခဲ့ကြသည်။

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးကိုယ်တိုင်ဦးဆောင်၍ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ပါမောက္ခများ၊ ဆေးရုံအုပ်ကြီးများ၊ အထူးကုဆရာဝန်ကြီးများနှင့်အတူ ရောဂါအလိုက် စနစ်တကျကုသမှုများ ပေးနေကြပုံမှာလည်း မကြုံစဖူး ထူးကဲသည့် မြင်ကွင်းတစ်ရပ်ပင်ဖြစ်သည်။

ဆီးချိုရောဂါ၊ အရိုးရောဂါနှင့်ပတ်သက်၍ မြန်မာနိုင်ငံမှ ဆရာဝန်ကြီးများက စစ်ဆေးကုသပေးခဲ့ကြရာ ငါးထပ်ဆေးကုသဆောင်သစ်ကြီး တစ်ခုလုံး ခြေချစရာနေရာ မရှိအောင် ကြက်ပျံမကျ ဖြစ်နေခဲ့ရသည်။

အလားတူ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းဆေးရုံဝင်းကြီး တစ်ခုလုံး၌လည်း လာရောက်ပြသသူများနှင့်ပြည့်နှက်နေပြီး ပြင်ပလူနာကြည့်ရှုသည့်နေရာ၊ လူနာရွေးချယ်စစ်ဆေးခြင်း၊ မျက်မှန်ပါဝါစမ်းသပ်ခြင်း၊ မခွဲစိတ်မီ ဆီးချို၊ သွေးတိုးစစ်ဆေးခြင်း၊ မျက်တွင်းမှန်ပါဝါတိုင်းတာခြင်းများ၊ အသေးစားခွဲစိတ်ခန်း စသဖြင့် စနစ်တကျရှိနေခဲ့ကာ စင်ကာပူ မျက်စိဆရာဝန်များ၏ 'ရေတိမ်ရောဂါဝေဒနာရှင်များကို ခေတ်မီ စက်ကိရိယာများဖြင့် စစ်ဆေးကုသခြင်း' ကို ဆေးရုံအုပ်ကြီးနှင့် မျက်စိ အထူးကုဆရာဝန်ကြီးများက ပံ့ပိုးကူညီ ဆောင်ရွက်ပေးခဲ့ကြပါသည်။ ခွဲစိတ်ခန်းမကြီးအတွင်းတွင် ခွဲစိတ်ခုတင် ၁၀ ခုတင် စီစဉ်ထားရှိပြီး မန္တလေး၊ စစ်ကိုင်း၊ မိတ္ထီလာ၊ မင်းဘူး၊ စဉ့်ကိုင်မြို့မှ မျက်စိဆရာဝန်ကြီးများက စမ်းသပ်ခွဲစိတ်ပေးခဲ့ကြရာ ပြင်ပလူနာပေါင်း ၂၅၄၄ဦး၊ အတွင်းတိမ်၊ ရေတိမ်လူနာ ၅၉၈ ဦး၊ အသေးစားခွဲစိတ်မှု၁၇၇ဦး စုစုပေါင်း ၇၇၅ ဦး တို့ကို အောင်မြင်စွာခွဲစိတ်ပေးနိုင်ခဲ့ကြသည်။ ခွဲစိတ်ခန်းအဝတွင် မိမိ အလှည့်ကိုစောင့်ဆိုင်းနေကြသည့် အဘိုးအို၊ အဘွားအိုများကို ယုယကြင်နာစွာ နှုတ်ဆက်အားပေးနေသည့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး၏ ပီတိမျက်နှာ၊ အပြုံးများကြောင့်လည်း လာရောက်ပြသသူများ၊ လူနာစောင့်များအားလုံး ပျော်ရွှင်တက်ကြွ အားရကျေနပ်နေခဲ့ကြသည်။

ခွဲစိတ်ပြီးလူနာများထံမှ " မြင်ရပါပြီသားရယ်၊ ဝမ်းသာလွန်းလို့ ဘာပြောရမှန်းတောင် မသိတော့ပါဘူး" ဟုဆိုကာ မျက်ရည်တလည်လည်ဖြင့် ဝမ်းသာလုံးဆို့နေရှာသည့် ရိုးသားလှသော အညာသူ အညာသားကြီးများ၏ ပျော်ရွှင်မှုများက ကျွန်မတို့ထံသို့ ကူးစက်လာခဲ့ရပြန်သည်။ ခွဲစိတ်ပြီး လူနာများကို မျက်စဉ်းများ၊ နေကာမျက်မှန်များ၊ ကိုင်ဆုပ်ပြီး "မတ္တရာမြို့ကပါတော်၊ အသက်(၈၁)နှစ်ရှိပြီတော့၊ အမေကြီးမျက်စိမမြင်တာလေ အနှစ် ၂၀ ကျော်ခဲ့ပါပြီသားရယ်၊ ဟော.. အခုတော့လေ မြင်လိုက်ပုံများ လင်းလို့ ဝင်းလို့... အိုကွယ် ကျေးဇူးတင်လိုက်တာသားရယ်..." ဟု နှုတ်မှ မရပ်မနားပြောရင်း လက်ခုပ်လက်ဝါးတဖြောင်းဖြောင်းတီးပြီး ရတ်တရက် ထ ကလိုက်ရာ ကျွန်မတို့အားလုံး တအံ့တသြနှင့် မှင်သက်နေမိ ခဲ့ကြသည်။ နှစ်ပေါင်း ၂၀ ကြာ အလင်းရောင်ကွယ်ပျောက်ခဲ့ရာမှ ယခုလို ပတ်ဝန်းကျင်လောကကြီးကို ရုတ်တရက်မြင်တွေ့လိုက်ရသည့် အခါ ငယ်မူပြန်သွားရှာသော မတ္တရာသူ အမေကြီး ဒေါ်ခင်ကြည်၏ ရင်တွင်းလှိုက်ခတ်၊ ပီတိဓာတ်များက ဘေးမှကြည့်နေသူ ကျွန်မတို့အားလုံး မျက်ရည်များပင် စို့ခဲ့ရတော့သည်။

အလင်းရောင်ဟူသည် မည်မျှ တန်ဖိုးရှိပါသနည်း။ ဘဝဟောင်းမှ စိတ်သစ်လူသစ်၊ ဘဝသစ်၊ လောကသစ်သို့ ပြောင်းလဲဖော်ဆောင်ပေးနိုင်စွမ်းသလို၊ အဆိုပါစက္ခုအလင်းမှသည် ပညာအလင်း၊ ဘဝအလင်း၊ ဓမ္မအလင်းတို့အထိ ပို့ဆောင်ပေးခဲ့ပုံများက ကျွန်မအတွေးဝယ် လင်းလက်လာခဲ့ရပေသည်။ ဇရပ်ကလေးနှင့် အလားသဏ္ဍာန်တူသည့် ဤဆေးရုံကြီးဝယ် ခေတ္တလာရောက်နားခိုသူအားလုံး စိတ်ချမ်းမြေ့ အဆင်ပြေနိုင်ရေးအတွက် ကြိုးစားခဲ့ရသည်များ၊ အောင်မြင်ပြီးစီးသွားခဲ့ရ၍ "ဘဝ၏အပျော်ဆုံး" နေ့ရက်များဟု ပြောကြားသွားခဲ့သော မန္တလေးဆေးရုံအုပ်ကြီး၏ စကားသံများကို ကြားယောင်မိရင်းဖြင့် ယနေ့အောင်ပွဲမှသည် လင်းလက်တောက်ပသော နိုင်ငံတော်သစ်ကြီး၏ ကျန်းမာရေးကဏ္ဍကို မြှင့်တင်ကြရာတွင် ကျွန်မတို့အားလုံး ကျရာအခန်းကဏ္ဍမှနေ၍ စည်းလုံးညီညွှတ်စွာ ပါဝင်ဆောင်ရွက်ကြရင်းဖြင့် ရှေ့သို့ခရီးဆက်ကြရမည်သာ ဖြစ်သည်။

မည်သို့ပင်ဆိုစေ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး၏ ဦးဆောင်မှုဖြင့် ကျွန်မတို့ မြန်မာဆရာဝန်ကြီးများ၏ ပြည်သူလူထုအကျိုးပြု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ခြိမ့်ခြိမ့်သဲသဲ ကျင်းပနိုင်ခဲ့ကြသည့် အောင်ပွဲပွဲတင်သံများကဖြင့် မိုးယံထိတိုင် သိမ့်သိမ့်ညံခဲ့ရပေပြီ။ ရတနာပုံရွှေမြို့တော်ကြီးတစ်ခုလုံး တိမ်စင်ဝင်းပ ရွှန်းမြမြနှင့် လမင်းတစ်ရာ သာခဲ့ရပါပြီဟု ညွှန်းဆိုမိရင်းဖြင့် ၂၀၀၉ ခုနှစ် မေလတွင်လည်း ဂျပန် မြန်မာ မျက်စိအထူးကု ဆရာဝန်ကြီးများပူးပေါင်း၍ မျက်စိအခမဲ့ ခွဲစိတ်ကုသမှုလုပ်ငန်းများကို မန္တလေးမြို့တွင် ကျင်းပဦးမည်ဖြစ်ပါကြောင်း သတင်းကောင်းပါးရင်း နိဂုံးချုပ်လိုက်ရပေတော့သည်။ ။

နိုင်ငံတော်အနေဖြင့် ရန်ကုန်နှင့် မန္တလေး တစ်ပြေးညီဖြစ်ရေး အတွက် မန္တလေးမြို့တွင် နိုင်ငံတကာအဆင့်မီ ကလေးအထူးကု ဆေးရုံကြီး၊ ဗဟိုအမျိုးသမီးဆေးရုံကြီး၊ တီဘီရောဂါအထူးကု ဆေးရုံကြီး၊ မူးယစ်နှင့် စိတ်ရောဂါကုဆေးရုံကြီး၊ တိုင်းရင်းဆေးရုံကြီး၊ သံဃာ့ဆေးရုံ စသည်ဖြင့် ဖွင့်လှစ်ပေးနိုင်ခဲ့ပြီးဖြစ်သည့်အပြင် ခုတင်- ၂၀၀ ဆံ့ အရိုးအထူးကု ဆေးရုံကြီးကိုလည်း မကြာမီဖွင့်လှစ်နိုင်တော့ မည်ဖြစ်သည်။

မကွေးတိုင်း ခရိုင်ချင်းဆက်လမ်း ကတ္တရာခင်း

တောင်တွင်းကြီး မတ် ၁၁

မကွေးတိုင်းစည်ပင်သာယာရေး အဖွဲ့မှ ၂၀၀၈-၂၀၀၉ခု ဘဏ္ဍာရေးနှစ်အတွင်း ကြီးကြပ်ဆောင်ရွက်လျက်ရှိသော ခရိုင်ချင်းဆက်လမ်းအမှတ်(၁)၊ တောင်တွင်းကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ လမ်းအပိုင်း ကတ္တရာခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ဇန်နဝါရီ ၂၇ ရက်က စည်ပင်သာယာရေး ဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး(အင်ဂျင်နီယာဌာန) ဦးကျော်စိုး ကွင်းဆင်းစစ်ဆေးခဲ့ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်ဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမင်းဆွေတို့က ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

လက်ပံတန်း မတ် ၁၁

ပဲခူးတိုင်း (အနောက်ပိုင်း) လက်ပံတန်းမြို့ မင်းရပ်-ရပ်ကွက်(၂)လမ်း၌ မတ် ၉ ရက် နံနက်ရနာရီက အမှတ်(၁) စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော် ဖွင့်ပွဲ အခမ်းအနားကို ကျင်းပရာ သာယာဝတီခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ပဲခူးတိုင်း စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာန တိုင်းဦးစီးဌာနမှူး၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်း အဖွဲ့များ တက်ရောက်ကြသည်။

အမှတ်(၁) စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော် လက်ပံတန်းတွင် ကျင်းပ

ကြည့်ရှုအားပေး

ရှေးဦးစွာ ဈေးရောင်းပွဲတော်ကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ခိုင်စိုးနှင့် ပဲခူးတိုင်း စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးကျော်စိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တက်ရောက်လာကြသော ဧည့်သည်တော်များနှင့် ဌာနဆိုင်ရာများမှ အရောင်းပြခန်းများကို လိုက်လံကြည့်ရှုအားပေးကြသည်။

ဈေးရောင်းပွဲတော်ကို မတ် ၁၅ ရက်အထိ ဖွင့်လှစ်ရောင်းချပေးလျက်ရှိသည်။ **(၁၇၅)**

အထက(၁) ဒဂုံ မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် မတ် ၁၁

၁၉၇၅-၂၀၀၈ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ကြပြီး အသက် ၆၀ ပြည့် ဆရာကြီး ဆရာမကြီးများအား မတ် ၂၉ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အထက(၁)ဒဂုံ ဒဂုံသီရိခန်းမ၌ ဆရာကန်တော့ပွဲ ကျင်းပမည်ဖြစ်သည်။ ကန်တော့ခံ ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ အားလုံး ပါဝင်တက်ရောက်ကြပါရန်နှင့် အလှူငွေများ ပါဝင်လှူဒါန်းလိုသော ကျောင်းသား၊ ကျောင်းသူဟောင်းများသည် မသီရိမာ ဖုန်း-၀၉-၅၀-၂၁၂၄၁၊ နုနုရီ ဖုန်း-၀၉-၅၁-၇၈၄၀၇၊ မြတ်စိုးဝင်း ဖုန်း-၀၉-၅၁-၂၆၇၇၅၊ ဇော်မင်းဦး ဖုန်း-၀၉-၅၀-၀၂၅၇၁၊ လှမျိုးထွန်း ဖုန်း-၆၅၂၃၂၁၊ ၆၅၂၁၁၆၊ ၆၅၂၂၄၀၊ ကေခိုင်လင်း ဖုန်း- ၀၉-၅၁-၂၇၂၁၅၊ ချိုလေးလွင် ဖုန်း-၂၄၀၄၈၃၊ အေးအေးမျိုး ဖုန်း-၀၉-၅၀-၁၆၆၀၅၊ ဝင့်ကြည်ညွှန့် ဖုန်း-၀၉-၅၁-၁၂၅၂၁၊ အောင်သူထွန်း ဖုန်း-၀၉-၅၁-၃၂၈၅၁၊ ကျော်သူစိုး ဖုန်း-၀၉-၅၁-၆၆၂၉၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၁၃၅)**

ဒုတိယဝန်ကြီး ဦးမောင်မြင့် ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ (၁၀)ကြိမ်မြောက် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံဆွေးနွေးပွဲ တက်ရောက်ခဲ့

နေပြည်တော် မတ် ၁၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့သို့ မတ် ၃ ရက်တွင် လေကြောင်းခရီးဖြင့် ရောက်ရှိခဲ့ကြသည်။

ညှိနှိုင်းဆွေးနွေး

ဒုတိယဝန်ကြီး ဦးမောင်မြင့် ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် မတ် ၅ ရက် နံနက် ၁၀ နာရီခွဲတွင် နယူးဒေလီမြို့ အိန္ဒိယ ပြည်ပရေးရာဝန်ကြီးဌာန၌ ကျင်းပသည့် (၁၀)ကြိမ်မြောက် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး/အတွင်းဝန်အဆင့် ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်ပြီး နိုင်ငံခြားရေး အတွင်းဝန် မစ္စတာရှိဗ် ရှန်ကာမီနွန် ခေါင်းဆောင်သည့် အိန္ဒိယကိုယ်စားလှယ်အဖွဲ့နှင့် ညှိနှိုင်းဆွေးနွေးသည်။ **(အပေါ်ပုံ)**

အဆိုပါ ညှိနှိုင်းဆွေးနွေးပွဲတွင် နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကိုလည်းကောင်း၊ ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလက မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည့် အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ၏ ခရီးစဉ်အတွင်း ညှိနှိုင်းဆွေးနွေးချက်များအား ဆက်လက်အကောင်အထည်ဖော်ရေး ကိစ္စရပ်များကို လည်းကောင်း ဆွေးနွေးခဲ့ကြသည်။

လက်မှတ်ရေးထိုး

ယင်းနောက် နှစ်နိုင်ငံ ညှိနှိုင်းဆွေးနွေးပွဲ သဘောတူညီချက် လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ညနေ ၅ နာရီတွင် အိန္ဒိယပြည်ပရေးရာ ဝန်ကြီးဌာန၌ ကျင်းပရာ ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် နိုင်ငံခြားရေး အတွင်းဝန် မစ္စတာရှိဗ် ရှန်ကာမီနွန် တို့က လက်မှတ်ရေးထိုးကြသည်။

ပြန်လည်ရောက်ရှိ

ဒုတိယဝန်ကြီး ဦးမောင်မြင့် ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် မတ်၆ရက်တွင် ကီရာလားပြည်နယ်သို့ သွားရောက်ခဲ့ကြပြီး မတ်၁၀ရက်တွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ကိုဒူကွဲရေလှောင်တမံ စီမံကိန်းလုပ်ငန်းများ တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၁

ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်းသည် မတ်၂ရက် နံနက်ပိုင်းတွင် ပဲခူးမြို့နယ်ရှိ ကိုဒူကွဲရေလှောင်တမံစီမံကိန်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

တိုင်းမှူးသည် မတ် ၄ ရက်တွင် တောင်ငူမြို့နယ် ညောင်ပင်လှကျေးရွာအနီးရှိ စစ်မှုထမ်းဟောင်းကျေးရွာ တည်ဆောက်ရေးလုပ်ငန်းနှင့် တောင်ငူမြို့နယ် ဇီးပင်ဖြူ ကျေးရွာအနီး၌ စစ်တောင်းမြစ်ဖြတ် သောင်တူးခြင်းလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည် **(သတင်းစဉ်)**

မြောက်ဥက္ကလာပ အမက(၈) အာစရိယပူဇော်

ရန်ကုန် မတ် ၁၁

မြောက်ဥက္ကလာပမြို့နယ် အမှတ်(၈) အခြေခံပညာမူလတန်းကျောင်း ပဉ္စမအကြိမ်မြောက် ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို မတ် ၂၉ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ငမိုးရိပ်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ အပူဇော်ခံ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန် နိုးဆော်ထားသည်။ ကန်တော့ပစ္စည်းများနှင့် အလှူငွေများကို ကျောင်းသားဟောင်း ဦးထွန်းထွန်းဦး ဖုန်း-၀၉-၅၀-၀၉၈၉၇ နှင့် ဦးဝင်းနိုင် ဖုန်း-၀၉-၅၁-၂၉၁၀၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(၁၁၈)**

ဘဝအောင်မြင်မှုဆိုင်ရာဆောင်းပါးများ စာအုပ်ထုတ်ဝေဖြန့်ချိ

ရန်ကုန် မတ် ၁၁



စာရေးဆရာမ အေးဖြူ၏ **“ဘဝအောင်မြင်မှုဆိုင်ရာဆောင်းပါးများ”** စာအုပ်ကို ချိုတေးသံစာပေက ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ဝဲပုံ)**

အဆိုပါစာအုပ်တွင် လူငယ်လူရွယ်များသာမက လုပ်ငန်းအဖွဲ့အစည်းများတွင် ပါဝင်ဦးဆောင် တာဝန်ယူနေကြသူများအတွက်ပါ အစွမ်းအစနှင့် အင်အားများကို ဖြစ်စေနိုင်သည့် အောင်မြင်မှုအတွက် "Focus"၊ ကိုယ့်ကိုယ်ကိုတွန်းအားပေးပါ၊ လက်လျှော့အရှုံးပေးရမှာကို ကြောက်တဲ့စိတ်၊ သဘောပေါက်မှုတွေ မလွဲရအောင်၊ ဝေဖန်မှုတွေအကြား၊ ဘဝအောင်မြင်ဖို့ ဒါတွေစီမံခန့်ခွဲတတ်ပြီလား၊ ဆက်ဆံရေးမှာ အခရာ စာနာစိတ်လေးပါ၊ နမူကောင်းတွေယူတတ်ရင်ရမယ်၊ အသေးအဖွဲလေးတွေ ပေမယ့်၊ အနာဂတ်အင်အားလူငယ်များ၊ စိတ်ဖိစီးမှုဒဏ်မခံရအောင်၊ အလုပ်နဲ့ နှလုံးသားတစ်ထပ်တည်းကျစေဖို့၊ အလုပ်မှာ လိုလိုလားလား အားထည့်လုပ်ချင်အောင်၊ အလုပ်တာဝန်ထပ်ဆင့်ခွဲဝေခြင်း၊ အောင်မြင်တဲ့အသင်းတစ်သင်းဖြစ်အောင် ဘယ်လိုတည်ဆောက်မလဲ’စသည့် အသိပညာပေး အကျိုးပြုဆောင်းပါးများကို ခံစားတင်ပြထားသည်။

ထိုစာအုပ်ကို ချိုတေးသံစာပေမှ တစ်ပြည်လုံးသို့ ဖြန့်ချိပြီး စာအုပ်တန်ဖိုးမှာ ကျပ် ၁၄၀၀ ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဆကာကြီးအသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် မတ် ၁၁

ဆကာကြီးအသင်း(ရန်ကုန်)၏ (၃၈) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို မတ်၂၉ရက် နံနက်၈နာရီခွဲတွင် ကြည့်မြင်တိုင်မြို့နယ် စလင်းကျောင်းတိုက်ဝင်းအတွင်းရှိ ဂန္ဓကုဋီတိုက်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ပေးပို့

အသင်းဝင်များအားလုံးနှင့် ဆကာကြီး နယ်သူနယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် သက်ကြီးပူဇော်ပွဲအတွက် အသက် (၈၀) ပြည့်နှင့် အထက် အသင်းဝင်များ၊ အသင်းဝင် မိသားစုများ၊ တက္ကသိုလ်ပါရဂူဘွဲ့ရ ဆကာကြီး နယ်သူနယ်သားများ၏ အထောက်အထား၊ မိတ္တူများနှင့် ၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ကြသော ဆကာကြီးနယ်သူ နယ်သားများ၏ သားသမီးများ၏အမှတ်စာရင်းများကို မတ် ၂၅ရက် နောက်ဆုံးထား၍ ပေးပို့ကြရမည်ဖြစ်သည်။

လှူဒါန်းနိုင်

လှူဒါန်းလိုသူများသည် ဥက္ကဋ္ဌ ဦးအောင်ဆွေ(ဦးပါကြီး) ဖုန်း-၂၁၅၇၁၁ (၁၀၈၂)၊ အတွင်းရေးမှူး ဦးအေးကြူ (ဆကာကြီးအေးကြူ) ဖုန်း-၅၀၁၄၈၄၊ နာယက ဦးကျော်မြင့် ဖုန်း-၅၁၈၁၃၂၊ ဘဏ္ဍာရေးမှူး ဦးစံဝင်း ဖုန်း-၅၁၀၅၈၆၊ ဘဏ္ဍာရေးမှူး ဦးအောင်ကြည် ဖုန်း-၂၉၁၁၆၉၊ စည်းရုံးရေးမှူး ဦးကြည် ဖုန်း-၀၉-၅၀-၆၁၇၅၈၊ ဦးအုန်းမြင့်(ဆကာကြီးနယ်မြေ)တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ဓာတ်ဆီဖြည့်မှု သတိပြု

ပူပြင်းသောရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ခြင်းများပြုလုပ်စဉ် ပွတ်တိုက်မှု(Friction)မှ သဘာဝတည်ငြိမ်လျှပ်စစ်(Static Electricity) ဖြစ်ပေါ်ပြီး မီးလောင်မှုများ ဖြစ်ပွားစေနိုင်ပါသည်။ ထို့ကြောင့် ရာသီဥတုပူပြင်းချိန်တွင် ပလတ်စတစ်ပုံးဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြု ရှောင်ကြဉ်ကြပါရန်။

မီးသတ်ဦးစီးဌာန

မီးအစဉ်သတိပြု

Myanmar Masters 2009 ဂေါက်သီးရိုက်ပြိုင်ပွဲ PRO-AM ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပ

ရန်ကုန် မတ် ၁၁

မြန်မာပီဂျီအေက ကြီးမှူး၍ မြန်မာနိုင်ငံ အိမ်ရှင်နိုင်ငံအဖြစ် Air Bagan Ltd. က အဓိက ကူညီပံ့ပိုးသော Myanmar Masters 2009 ဂေါက်သီးရိုက်ပြိုင်ပွဲ၏ PRO-AM ဂေါက်သီးရိုက်ပြိုင်ပွဲကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်ရှိ ပန်းလှိုင်ဂေါက်ကလပ်၌ ကျင်းပသည်။

ကြည့်ရှုအားပေး

အဆိုပါပြိုင်ပွဲတွင် မြန်မာပီဂျီအေနှင့် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် နာယက ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)၊ ဥက္ကဋ္ဌ ဦးတေဇ၊ ဒုတိယဥက္ကဋ္ဌဦးဇော်မင်းနှင့် ဦးမင်းသိန်း၊ အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်နှင့်အမှုဆောင်များ၊ ပန်းလှိုင်ဂေါက်ကလပ်မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်သည့် အခမ်းအနားကို ည ၇နာရီတွင် ကျင်းပရာ ဦးတင့်ဦး(IBTC Executive) ဒါရိုက်တာက အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် တတိယ မစုစုလှိုင်၊ ဒုတိယ Miss Jeon Mi OK၊ ပထမ Miss Lily Yang တို့အားလည်းကောင်း၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် တတိယ Mr. Matt၊ ဒုတိယ ဦးမင်းသိန်း၊ ပထမဝေယံအောင် တို့အားလည်းကောင်း၊ Mr. Frankie Tan က Mens Gross Category တွင် ပထမ Willien Houng Lee အား လည်းကောင်း၊ အမျိုးသား တစ်ဦးချင်း Professional ပြိုင်ပွဲတွင် တတိယ ခင်ဇော်ဝင်း၊ ဒုတိယ Mcintosh Gregory Douglas၊ ပထမ Kim Young Jin တို့အား ဆုများကိုပေးအပ် ချီးမြှင့်ကြသည်။

ဆုများချီးမြှင့်

ဆက်လက်၍ မြန်မာပီဂျီအေနှင့် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းက အသင်းလိုက်ပြိုင်ပွဲတွင် Professional Golfer သိန်းဇော်မြင့်၊ အပျော်တမ်းကစားသမားများဖြစ်သော ဝေယံအောင်၊ Lily Yang၊ ခင်ဆွေမင်းတို့ပါဝင်သောအသင်းက ပဉ္စမ၊ Professional Golfer စိန်ပိုင်၊ အပျော်တမ်းကစားသမားများဖြစ်ကြသော ရန်မျိုးအောင်၊ စိုးကျင်နှင့်သန်မိုးတို့ပါဝင်သော အသင်းက စတုတ္ထတို့အား ဆုများပေးအပ်ချီးမြှင့်ကြသည်။

သူတို့ရရှိ

ယင်းနောက် မြန်မာပီဂျီအေနှင့် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးတေဇက Professional Golfer လှမျိုး၊ အပျော်တမ်းဂေါက်သီးရိုက်သမားများဖြစ်ကြသော လင်းလင်း၊ စိန်မြင့်အောင်နှင့် ဇော်လင်းထွန်းတို့ပါဝင်သောအသင်းက တတိယ၊ အပျော်တမ်းဂေါက်သီးရိုက်သမားများပါဝင်ကြသော မင်းလွင်၊ ကျော်မောင်မောင်ဟိန်း၊ ကိုကိုအောင်၊ ရွှေသွင်တို့အသင်းက ဒုတိယရရှိပြီး Professional Golfer Kim Yong Jin၊ ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)၊ ဦးမင်းသိန်း၊ ဦးချစ်ခိုင်တို့ပါဝင်သော အသင်းက ပထမ၊ Hole in One ရရှိသော Mr.Matt(Srixon)တို့အား ဆုများကိုပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောက်ကြီးမြို့နယ်၌ သောင်းကျန်းသူအဖျက်သမားများထောင်ထားသည့် နင်းမိုင်းနှစ်လုံးနင်းမိပေါက်ကွဲသဖြင့် အပြစ်မဲ့ပြည်သူနှစ်ဦး ထိခိုက်ဒဏ်ရာများရရှိ

ရန်ကုန် မတ် ၁၁

ပဲခူးတိုင်း ကျောက်ကြီးမြို့နယ် ကျွန်းတောရွာနေ မောင်သန်းလွင်ထွန်း(၁၅)နှစ်သည် ၄င်း၏အစ်ကိုနှင့်အတူ မတ် ၇ရက် နံနက် ၅နာရီခန့်တွင် သစ်တောအင်းတောသို့ နွားလှည်းဖြင့် ထင်းခုတ်ရန်သွားရောက်စဉ် အောင်းလောင်းစိမ်ကျေးရွာ၏အရှေ့ဘက် တစ်မိုင်ခန့်အကွာ သစ်တောအင်းတောစပ်သို့အရောက်၌ သောင်းကျန်းသူအဖျက်သမားများထောင်ထားသော မိုင်းတစ်လုံးကို လှည်း ယာဘက်ဘီးဖြင့် နင်းမိပေါက်ကွဲသောကြောင့် မောင်သန်းလွင်ထွန်း၏ ယာဘက်ခြေမျက်စိအထက်တွင် မိုင်းစထိမှန်ဒဏ်ရာ(မစိုးရိမ်ရ) ရရှိခဲ့သဖြင့် မုန်းတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ကုသပေးလျက်ရှိကြောင်း သိရသည်။

ပို့ဆောင်ကုသ

အလားတူ ကျောက်ကြီးမြို့နယ် တုံးတောကျေးရွာနေ မကြီး အသက် (၃၀)သည် အဖော်နှစ်ဦးနှင့်အတူ မတ် ၇ရက် နံနက် ၉နာရီခန့်တွင် ရွာအရှေ့ဘက် တစ်မိုင်ခန့်အကွာရှိ နောင်ကုန်းခေါင်းခွက်အင်းအနီး၌ ဟင်းသီးဟင်းရွက်ခူးနေစဉ် သောင်းကျန်းသူအဖျက်သမားများထောင်ထားသည့် မိုင်းတစ်လုံးကို နင်းမိပေါက်ကွဲသောကြောင့် မကြီး၏ ဝဲ၊ ယာ ဒူးအောက် ပြတ်တောက် ဒဏ်ရာများ (စိုးရိမ်ရ)ရရှိခဲ့သဖြင့် မုန်းတိုက်နယ်ဆေးရုံတွင် အတွင်းလူနာအဖြစ် ပို့ဆောင်ကုသပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကွာတားဖိုင်နယ်တက်ရန် မသေချာသေးသည့် ပို့ဆောင်ရေးနှင့်သစ်တောတို့၏ ပထမအကျော့အနိုင်ရလဒ်များ

သတင်းမြင်ကွင်း - ဖိုးသော်ဇင် ❖ ဓာတ်ပုံမှတ်တမ်း - စိုင်းရဲရင့် ❖ စာမျက်နှာဖွဲ့စည်းမှု - ဘိုဘိုမင်း

ရန်ကုန် မတ် ၁၁

၂၀၀၈-၂၀၀၉ ဘောလုံးရာသီ မြန်မာလိဂ်(အဆင့်မြင့်တန်း) ကွင်းပိတ် ရှုံး/ထွက် ဘောလုံးပြိုင်ပွဲ ပထမအဆင့် ရှုံး/ထွက် ပထမအကျော့ပွဲစဉ်များကို ယနေ့ညနေ ၃ နာရီခွဲက အောင်ဆန်းကွင်းနှင့် သုဝဏ္ဏကွင်းတို့တွင် ဆက်လက်ကျင်းပရာ ပို့ဆောင်ရေးအသင်းနဲ့ သစ်တောရေးရာအသင်းတို့ နိုင်ပွဲများ ရရှိသွားကြပါတယ်။

(အောင်ဆန်းကွင်း)

ပို့ဆောင်ရေး-နှစ်ဂိုး မြန်မာ့မီးရထား-တစ်ဂိုး

ပို့ဆောင်ရေးအသင်းမှာ ဝင်းမင်းထွဋ်၊ ပြည့်ဖြိုးဦး၊ ကျော်ဒွန်း အစရှိတဲ့ အမာခံကစားသမားတွေ မပါဝင်ခဲ့ပေမယ့် လူငယ်ကစားသမား ကြည်လင်း ခြေစွမ်းပြကစားနိုင်မှုကြောင့် ပထမအကျော့မှာ ရလဒ်ကောင်းသွားပါတယ်။ အမှတ်ပေးပြိုင်ပွဲတုန်းက ရလဒ်တွေဆိုးရွားပြီး အဆင့်(၁၃)နေရာသာ ရရှိခဲ့တဲ့ မြန်မာ့မီးရထားအသင်းကတော့ အခုပွဲမှာ ပို့ဆောင်ရေးကို ခြေရည်တူလိုက်ကစားနိုင်ပေမယ့် အဆုံးသတ်အားနည်းလို့ အရေးနိမ့်ခဲ့တယ်ဆိုရင် မမှားပါဘူး။



ပို့ဆောင်ရေးအသင်းနှင့် မြန်မာ့မီးရထားအသင်းတို့ ဤသို့အကြိတ်အနယ်။ (မြန်မာ့အလင်း)

နှစ်ဂိုးပြတ်နဲ့ ဦးဆောင်

ပွဲအစမှာတော့ မြန်မာ့မီးရထားအသင်းက အချိတ်အဆက်မိမိနဲ့ ထိုးဖောက်ပြီး ပို့ဆောင်ရေးဘက်ကို ခြိမ်းခြောက်နိုင်ခဲ့ပါတယ်။ ခြောက်မိနစ်မှာ သန့်ဇင်ထွန်း အပိုင်ပိတ်ခွင့်ရပေမယ့် ဘေးထွက်သွားလို့ မြန်မာ့မီးရထား နစ်နာခဲ့ရပါတယ်။ အဲဒီ နောက်ပိုင်းမှာလည်း မြန်မာ့မီးရထားအသင်း ဂိုးထပ်ရနိုင်တဲ့အခွင့်အရေးတွေ ထပ်ရခဲ့ပေမယ့် အောင်မျိုးမင်း၊ စိုးမင်းနိုင်နဲ့ သန့်ဇင်ထွန်းတို့ အသုံးမချနိုင်ခဲ့ပါဘူး။ အဲဒီဂိုးတွေမရတာဟာ ပွဲကိုအလှည့်အပြောင်း ဖြစ်သွားစေရုံသာမက ပို့ဆောင်ရေးကိုလည်း အားတက်သွားစေပါတယ်။ ပို့ဆောင်ရေးအသင်းဟာ ကြည်လင်းနဲ့ အောင်မြင့်ထွန်းတို့ရဲ့ အတိုးအလှုပ်တွေနဲ့ အဓိကထိုးဖောက်သွားပြီး ၃၁ မိနစ်မှာ ကြည်လင်းက ဗွေဆော်ဦးဂိုး သွင်းယူသွားပါတယ်။ သုံးမိနစ်အကြာမှာပဲ ကြည်လင်းက ဒုတိယဂိုး ထပ်မံသွင်းယူခဲ့လို့ ပထမပိုင်းအပြီးမှာ ပို့ဆောင်ရေးက နှစ်ဂိုးပြတ်နဲ့ ဦးဆောင်နေပါတယ်။

ခံစစ်ကစားခဲ့

ပို့ဆောင်ရေးအသင်းဟာ အနိုင်ကို သေချာစေဖို့အတွက် ဒုတိယပိုင်းမှာ ခံစစ်ကို အားပြုကစားခဲ့ပါတယ်။ အဲဒါကြောင့် မြန်မာ့မီးရထားအသင်းက အချိန်တော်တော်များများ ဖိကစားနိုင်ခဲ့ပါတယ်။ ဒါပေမယ့် အားထားရတဲ့ ကစားသမား စိုးမင်းနိုင် ခြေမပေါ်တာ၊ တိုက်စစ်မှူးတွေ အဆုံးသတ်မသေချာတာကြောင့် ဂိုးရဖို့ ခက်ခဲစေခဲ့ပါတယ်။ ၈၄ မိနစ်မှာ စိုးမင်းနိုင်ရဲ့ ချေပဂိုးတစ်ဂိုး ပြန်ရခဲ့တာကြောင့် မြန်မာ့မီးရထားအသင်း ဒုတိယအကျော့အတွက် အသက်ရှိသွားခဲ့ပါတယ်။

နောက်တစ်ဆင့်တက်ဖို့ မသေချာ

သုဝဏ္ဏကွင်းမှာ ကျင်းပတဲ့ပွဲစဉ်မှာ သစ်တောရေးရာအသင်းက ဆက်သွယ်ရေးအသင်းကို တစ်ဂိုး-ဂိုးမရှိ နဲ့ အနိုင်ရသွားပါတယ်။ ပို့ဆောင်ရေးနဲ့ သစ်တောတို့ဟာ အနိုင်ရခဲ့ကြပေမယ့် နောက်တစ်ဆင့်တက်ဖို့ မသေချာသေးပါဘူး။

ယနေ့ပွဲ

အောင်ဆန်းကွင်း

ကမ္ဘောဇ - Air Bagan F.C

သုဝဏ္ဏကွင်း

စွမ်းအင် - ဆောက်လုပ်ရေး။

(မြန်မာ့အလင်း)

Myanmar C.P Tennis Tournament အသင်းလိုက်ပြိုင်ပွဲနှင့် သက်တန်းလိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၁

(၆၄)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က ကြီးမှူး၍ Myanmar C.P Co.,Ltd.၏ ပံ့ပိုးကူညီမှုဖြင့် ကျင်းပမည့် Myanmar C.PTennis Tournament ပြိုင်ပွဲကို မတ် ၂၈ရက်မှ ဧပြီ ၁ရက်အထိ သိမ်ဖြူတင်းနစ်အားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲအမျိုးအစားများမှာ- အသင်းလိုက်ပြိုင်ပွဲ၊ အမျိုးသားအလွတ်တန်း တစ်ဦးချင်းနှင့် နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီးအလွတ်တန်း တစ်ဦးချင်းပြိုင်ပွဲ၊ အသက်(၅၅)နှစ်နှင့်အထက် တစ်ဦးချင်းနှင့် နှစ်ယောက်တွဲပြိုင်ပွဲ၊ အသက်(၁၀)၊ အသက်(၁၂)နှစ်နှင့် အသက်(၁၄)နှစ်အောက်လူငယ် ကျား/မ တင်းနစ်ပြိုင်ပွဲတို့ ပါဝင်မည်ဖြစ်သည်။

ပြိုင်ပွဲစည်းကမ်းများမှာ- (က)အသင်းလိုက် ပြိုင်ပွဲတွင် ပြည်နယ်နှင့် တိုင်းအဆင့်မဟုတ်သူများ၊ အသက်(၄၅) နှစ်အထက်ပြည်နယ်နှင့်တိုင်းအဆင့် အားကစားသမားတစ်ဦး၊ အသက်(၅၀)အထက် ပြည်နယ်နှင့်တိုင်းအဆင့် အားကစားသမား တစ်ဦးနှင့် အသက်(၆၀)အထက် ပြည်နယ်နှင့်တိုင်းအားကစားသမား၊ မြန်မာ့လက်ရွေးစင်အားကစားသမားဟောင်းများ တစ်သင်းလျှင် အားကစားသမားဦးရေ ကန့်သတ်ချက်မရှိ ပါဝင်ခွင့်ရှိသည်။ အားကစားသမားအနေဖြင့် အသင်းတစ်သင်းလျှင် အားကစားသမားဦးရေ အနည်းဆုံး ခြောက်ဦး၊ အများဆုံး ခုနစ်ဦး ဝင်ရောက်ယှဉ်ပြိုင်ရမည်။ (ခ)သက်တန်းလိုက်ပြိုင်ပွဲတွင် ပြိုင်ပွဲစတင်သည့်ရက်မှစ၍ အသက်ပြည့်သူနှင့် အသက်မကျော်လွန်သူများအားလုံး ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။

စီစဉ်ဆောင်ရွက်ပေး

ပြိုင်ပွဲသို့ နယ်မှလာရောက် ပါဝင်ယှဉ်ပြိုင်သော ကလပ်အသင်းများကို ခရီးစရိတ်အဖြစ် တစ်သင်းလျှင် ငွေကျပ် ၃၀၀၀၀၊ လူငယ်သက်တန်းအလိုက် ပါဝင်ကစားလိုသူများ တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀နှင့် နေထိုင်ရေးတို့ကို မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်မှ စီစဉ်ဆောင်ရွက်ပေးမည်။

ဆက်သွယ်စာရင်းပေးသွင်း

ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်လိုသူများသည် မတ် ၂၆ရက် ညနေ ၄နာရီ နောက်ဆုံးထား၍ မြန်မာနိုင်ငံတင်းနစ်ဖွဲ့ချုပ် ဖုန်း-၃၇၂၃၆၀၊ ၃၈၁၉၉၁၊၉၉၂(လိုင်းခွဲ-၀)သို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းရမည်ဖြစ်ပြီး မတ် ၂၇ရက် မွန်းလွဲ ၂ နာရီတွင် ပွဲစဉ်များရေးဆွဲမည့် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ရုံးခန်းသို့ အသင်းတစ်သင်းမှ တာဝန်ရှိသူတစ်ဦး တက်ရောက်ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖေဖော်ဝါရီလအတွင်း မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

နေပြည်တော် မတ် ၁၁

၂၀၀၉ခုနှစ် ဖေဖော်ဝါရီလတွင် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အကောက်ခွန်ဦးစီးဌာနတို့မှ မူးယစ်ဆေးဝါးအမှုပေါင်း ၁၈၃ မှု ဖမ်းဆီးနိုင်ခဲ့ပြီး ဘိန်း ၃၇ မှု အလေးချိန် ၃၁၆ ဒသမ ၂၄၃၈ ကီလို၊ ဘိန်းဖြူ ၆၂ မှု အလေးချိန် ၂ ဒသမ ၆၇၂၇ ကီလို၊ဘိန်းညို ၁ မှု အလေးချိန် ၆၃ ကီလို၊ ဘိန်းဆီ ၁၀ မှု အလေးချိန် ၇ ဒသမ ၉၅၉၄ ကီလို၊ အဆင့်နိမ့်ဘိန်း ၆ မှု အလေးချိန် ၂၁၅ ဒသမ ၈၃၆၂ ကီလို၊ ဆေးခြောက် ၉ မှု အလေးချိန် ၁ဒသမ၀၇၄၆ ကီလို ၊ စိတ်ကြွရူးသွပ်ဆေးပြား ၃၈ မှု ၁၃၆၈၁၇၈ပြား၊ ဘိန်းစာမှုန့် ၁၁ မှု အလေးချိန် ၂၃ ဒသမ ၁၆၂၆ ကီလို၊ စိတ်ကြွဆေးမှုန့်အလေးချိန် ၀ ဒသမ ၀၀၈၅ ကီလို၊ ကတ်တမင်းဟိုက်ဒရိုကလိုရိုဒ် ထိုးဆေး ၁ မှု ပုလင်း ၁၂၀၀၊ မှတ်ပုံတင်ပျက် ၁ မှုနှင့် အခြားအမှု ၇ မှု တို့ဖြစ်သည်။

အရေးယူ

အဆိုပါအမှုပေါင်း ၁၈၃ မှု ဖမ်းဆီးခဲ့ရာတွင် တရားခံ ကျား ၂၃၉ဦး၊ မ ၄၁ဦး စုစုပေါင်း တရားခံ ၂၈၀ တို့အား ဥပဒေအရ အရေးယူခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တာချီလိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့သာယာလှပရေးလုပ်ငန်းများ အချိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ဗိုလ်ချုပ်လမ်းတစ်လျှောက် လမ်းလယ်ကျွန်းပန်းခုံများတွင် ပန်းအလှပင်များ စိုက်ပျိုးထားရှိမှုကို ဖေဖော်ဝါရီ ၁၇ရက်က ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့မှ ညွှန်ကြားရေးမှူး ဦးအုန်းသွင်နှင့်အဖွဲ့ လိုက်လံကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ငွေဆောင်ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံမှ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ် စတင်ထုတ်လွှင့်

နေပြည်တော် မတ် ၁၁

ရုပ်မြင်သံကြားတိုးချဲ့ထုတ်လွှင့်ရေး အစီအစဉ်အရ ဧရာဝတီတိုင်း ငွေဆောင်ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံမှ လွှင့်အား ဝပ် ၁၀၀ လှိုင်းနှုန်း(J-13)ဖြင့် မတ် ၇ရက်မှ စတင်၍ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များကို အရုပ်၊ အသံ ကြည်လင်ပြတ်သားစွာဖြင့် ထုတ်လွှင့်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိုင်းငေါ့ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံမှ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ် စတင်ထုတ်လွှင့်

နေပြည်တော် မတ် ၁၁

ရုပ်မြင်သံကြားတိုးချဲ့ထုတ်လွှင့်ရေး အစီအစဉ်အရ ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းငေါ့ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံမှ လွှင့်အား ဝပ် ၁၀၊ လှိုင်းနှုန်း(J-13)ဖြင့် မတ် ၈ရက်မှစတင်၍ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များကို အရုပ်၊ အသံ ကြည်လင်ပြတ်သားစွာဖြင့် ထုတ်လွှင့်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒေသဖွံ့ဖြိုးရေးလုပ်ငန်း အရှိန်အဟုန်မြှင့်ဆောင်ရွက်ရေး ပုလဲမြို့နယ်တွင် ညှိနှိုင်းစည်းဝေး

ပုလဲ မတ် ၁၁

ပုလဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် အဖွဲ့ဝင်စာရေးများ၏ လစဉ်လဝက်အစည်းအဝေးကို ဖေဖော်ဝါရီ ၁၅ရက် နံနက်၁၀နာရီက ပုလဲရတနာ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုဥက္ကဋ္ဌများက မိမိတို့ဒေသအတွင်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို ကျေးရွာအုပ်စုအလိုက် တစ်ဦးချင်း တင်ပြကြသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ ပုလဲမြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက ကျေးရွာအုပ်စုအလိုက် အရေးတကြီးဆောင်ရွက်ရမည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် နိုင်ငံတော်၏ စီမံကိန်းသီးနှံ နွေစပါးကို လျာထားချက် ပြည့်မီကျော်လွန်အောင် စိုက်ပျိုးရေးအတွက် အချိန်မီ ဆောင်ရွက်ရမည့် လုပ်ငန်းများကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**



မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဆောင်ရွက်လျက်ရှိသည့် တိုးချဲ့မြစ်ရေတင် လုပ်ငန်းသို့ စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးနိုင် အောင် ဖေဖော်ဝါရီ ၁၆ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမြတ်စိုးနှင့် အင်ဂျင်နီယာမှူး ဦးသင်းမင်းလတ်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

12-3 (12).pmd 1 3/12/2009, 1:32 AM

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ ပေရှိ **"ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး"** အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁) ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ)	၂၉၆၄ ချပ်	၁ ချပ်	ကျပ် ၁၆၂၀၀၀၀ နှုန်း
(၂) ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ× ၁ပေ)	၄၂၀၈ ချပ်	၁ ချပ်	ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း - ဝ၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

အထက(၂)လမ်းမတော် အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် မတ် ၁၁

အထက(၂)လမ်းမတော် (ယခင်မြမာလာ)ကျောင်းတွင် ပညာသင်ကြားခဲ့သည့် ကျောင်းသား ကျောင်းသူဟောင်းများ၏ ဒသမအကြိမ် အာစရိယပူဇော်ပွဲကို မတ် ၂၂ရက်(တနင်္ဂနွေနေ့) နံနက်၉နာရီတွင် လမ်းမတော်မြို့နယ် ကျုံးကြီးလမ်းနှင့် ၉လမ်းထောင့်ရှိ အထက(၂)လမ်းမတော် ကျောင်း၌ ကျင်းပမည် ဖြစ်သည်။

ဆက်သွယ်လှူဒါန်း

အသက်(၆၀)ပြည့်အငြိမ်းစားဆရာကြီး ဆရာမကြီးများနှင့် ၂၀၀၈ခုနှစ်အထိ ပညာသင်ကြားခဲ့ကြသည့် ကျောင်းသား ကျောင်းသူဟောင်းများသည် အာစရိယပူဇော်ပွဲသို့ မပျက်မကွက် တက်ရောက်ကြရန်နှင့် ပါဝင် လှူဒါန်းလိုသူများသည် အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သန်းသန်းညွန့် ဖုန်း-၂၂၈၁၀၄၊ ဝ၉-၈၅-၁၆၁၉၉၊ ဒုတိယဥက္ကဋ္ဌ ဦးကံကောင်း ဖုန်း-ဝ၉-၉၉-၂၃၅၂၈၊ ဘဏ္ဍာရေးမှူး ဦးကြင်စိန် ဖုန်း- ၂၄၅၀၉၆၊ ဝ၉-၈၀-၃၀၂၆၁၊ အဖွဲ့ဝင် ဒေါ်ကြည်ကြည်ဝင်း ဖုန်း- ၃၈၀၄၀၁၊ အဖွဲ့ဝင် ဦးစိန်ဝင်း ဖုန်း- ၂၂၂၂၆၇ နှင့် ကျောင်းအုပ်ဆရာကြီး အထက(၂)လမ်းမတော်တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ **(ပညာရေး)**

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

ယုံကြည်မှုတွေ ခိုင်မာလာနေပြီ (ဘင်နီတက်ဇ်) ―― စွမ်းဆောင်ရည်မြင့်တဲ့ ကစားသမားတွေချည်းပါပဲ (ဂူဟာစ်ဒင့်)

မောင်မောင်မြင့်ဆွေ ရေးသားတင်ပြ၍ ဇော်ထွန်းဦး(မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းသည်

လန်ဒန် မတ် ၁၁

ချန်ပီယံလိဂ် ၁၆သင်းအဆင့် ရှုံးထွက်ပွဲ ဒုတိယအကျော့ပွဲစဉ်တွေကို မတ်၁၁ရက်က ဆက်လက်ယှဉ်ပြိုင်တဲ့အခါ အင်္ဂလန်ထိပ်တန်းနှစ်သင်းဖြစ်တဲ့ လီဗာပူးနဲ့ ချယ်လ်ဆီးတို့ နိုင်ပွဲ၊ သရေပွဲရလဒ်တွေနဲ့ ကွာတားဖိုင်နယ်အဆင့်ကို တက်ရောက်သွားခဲ့ကြပြီ ဖြစ်ပါတယ်။ ဒါ့အပြင် ဘိုင်ယန်မြူးနစ်နဲ့ ဗီလာရီးရဲတို့လည်း နိုင်ပွဲရပြီး ချန်ပီယံလိဂ်ကွာတားဖိုင်နယ်ကို တက်ရောက်နိုင်ခဲ့ကြပါတယ်။

ထိုက်တန်တဲ့ ခြေစွမ်း

နာမည်ကြီး စပိန်ကလပ် ရီးရဲလ်မက်ဒရစ်ကို အဝေးကွင်း၊ အိမ်ကွင်း ရှုံးပွဲ မရှိ၊ ပေးဂိုးမရှိဘဲ နှစ်ပွဲပေါင်း ငါးဂိုးပြတ်နဲ့ ပြတ်ပြတ်သားသား အနိုင်ယူပြီး ချန်ပီယံလိဂ် ကွာတားဖိုင်နယ်ကို တက်ရောက်ခဲ့တဲ့ လီဗာပူးနည်းပြဘင်နီတက်ဇ်က **"ချန်ပီယံလိဂ်ဖလားနဲ့ ထိုက်တန်တဲ့ ခြေစွမ်းရှိတယ်ဆိုတာ ရလဒ်တွေက သက်သေပြနေပါပြီ။ ဒါ့အပြင် လာမယ့်ပရီမီယာလိဂ်ပွဲစဉ်အဖြစ် မန်ယူနဲ့ ပွဲမှာလည်း ခြေစွမ်းပြ အနိုင်ယူသွားမယ်ဆိုတဲ့ ယုံကြည်မှုတွေ ခိုင်မာနေပါပြီ"**လို့ ပြောကြားခဲ့ပါတယ်။ ဒုတိယအကျော့ ရီးရဲလ်မက်ဒရစ်နဲ့ပွဲမှာ လီဗာပူးအတွက် တောရက်စ်တစ်ဂိုး၊ ဂျရတ်နှစ်ဂိုးနဲ့ ဒေါ့ဆီနာက တစ်ဂိုး သွင်းယူခဲ့ကြပါတယ်။

ချယ်လ်ဆီးနည်းပြ ဂူဟာစ်ဒင့်။

ဒီလိုပါပဲ၊ ဂျူဗင်းတပ်စ်အိမ်ကွင်းမှာ နှစ်ဂိုးစီသရေပွဲဖြစ်ခဲ့ပေမယ့် နှစ်ပွဲပေါင်း ရလဒ် နှစ်ဂိုး-သုံးဂိုးနဲ့ ချန်ပီယံလိဂ် ကွာတားဖိုင်နယ်အဆင့် တက်ရောက်ခဲ့တဲ့ ချယ်လ်ဆီးနည်းပြ ဂူဟာစ်ဒင့်က **"ဂျူဗင်းတပ်စ်လိုအသင်းကို ကျော်ဖြတ်ဖို့ဆိုတာ ခက်ခဲတဲ့ လုပ်ရပ်ပါ။ ဒါပေမယ့် ချယ်လ်ဆီးကစားသမားတွေဟာ စွမ်းဆောင်ရည်မြင့်မားတဲ့ သူတွေချည်းဆိုတာ ပြနိုင်ခဲ့ပါတယ်"** လို့ ပြောကြားခဲ့ပါတယ်။ ဒီပွဲမှာ ဂျူဗင်းတပ်စ်တို့က အဖွင့်ဂိုးရော၊ ပယ်နယ်တီပါ ကန်သွင်းပြီး ဂိုးတွေရရှိခဲ့ပေမယ့် အက်ဆီယံနဲ့ ဒရော့ဘာတို့က ချေပဂိုးတွေ သွင်းယူနိုင်ခဲ့တာမို့ အိမ်ကွင်းမှာ ရှုံးခဲ့ရခြင်း ဖြစ်ပါတယ်။ ဒီပွဲမှာ ဂျူဗင်းတပ်စ် နောက်ခံလူ ချီလီနီ မိနစ် ၇၀ မှာ အနီကတ်ပြ အထုတ်ခံရသလို ချယ်လ်ဆီး က ပီတာချက်၊ ဒရော့ဘာ၊ အက်ရှ်လေကိုး နဲ့ အနယ်လ်ကာတို့လည်း အဝါကတ်တွေ ထိခဲ့ကြပါတယ်။

ရေပန်းစား

ဒီနှစ် ချန်ပီယံလိဂ်မှာတော့ ထူးထူးခြားခြား နှစ်ကျော့ပေါင်း ဂိုးတစ်ဒါဇင်ပြည့်အောင် သွင်းခဲ့တာကတော့ ဘိုင်ယန်မြူးနစ်ပါပဲ။ စပို့တင်းလစ္စဘွန်းကို အိမ်ကွင်းမှာ ငါးဂိုး၊ အဝေးကွင်းမှာ ခုနစ်ဂိုး သွင်းယူနိုင်ခဲ့တဲ့ဘိုင်ယန်မြူးနစ်ရဲ့ ဂိုးသွင်းသူရဲကောင်းတွေကတော့ နာမည်ကြီးတွေဖြစ်တဲ့ ပိုဒေါစကီး၊ ကလိုဆေးတို့ ပါဝင်ပါတယ်။ ဒီလိုခြေစွမ်းတွေကြောင့် ဒီနှစ် ချန်ပီယံလိဂ်ဖလား ရယူရေးမှာ ဘိုင်ယန်မြူးနစ်တို့လည်း ရေပန်းစားလာပါတယ်။

အကျပ်အတည်း

ပါနာသီနာကို့စ်ကို ခက်ခက်ခဲခဲ ကစားခဲ့ရတဲ့ ဗီလာရီးရဲဟာ အီဘာဂါဇာရဲ့ အဖွင့်ဂိုးနဲ့ ဦးဆောင်နိုင်ခဲ့ပေမယ့် မိနစ်ပိုင်းအတွင်းမှာ ပါနာသီနာကို့စ်တို့က ချေပဂိုးပြန်သွင်းနိုင်ခဲ့တာမို့ ဗီလာရီးရဲတို့ အကျပ်အတည်း ကြုံတွေ့ခဲ့ရပါတယ်။ မိနစ်၇၀မှာ ဗီလာရီးရဲတို့ အနိုင်ဂိုးသွင်းယူခဲ့တာကြောင့် နိုင်ပွဲရပြီး ကံကောင်းစွာ ချန်ပီယံလိဂ် ကွာတားဖိုင်နယ်ကို တက်ရောက်နိုင်ခဲ့တာ ဖြစ်ပါတယ်။ ။

(အင်တာနက်)

ဂိုးသွင်းယူ

လီဗာပူးအတွက် ဂျရတ်က ဤသို့ ပယ်နယ်တီဂိုးသွင်းယူခဲ့သည်။

(အင်တာနက်ဓာတ်ပုံ)

အေစီမီလန်ကွင်းလယ်မှ ဘက်ခမ်း ခြေချင်းဝတ်ဒဏ်ရာရရှိ

လန်ဒန် မတ် ၁၁

ကွင်းလယ်ကစားသမား ဘက်ခမ်းသည် မတ် ၁၀ရက်က လေ့ကျင့်ကွင်းဆင်းစဉ် ခြေချင်းဝတ်ဒဏ်ရာရရှိခဲ့ကြောင်း အေစီမီလန်အသင်းက သတင်းထုတ်ပြန်ခဲ့သည်။

အယ်လ်အေဂလက်ဆီအသင်းမှ အေစီမီလန်အသင်းသို့ အငှားစာချုပ်ဖြင့် သွားရောက်ကစားနေသူ ဘက်ခမ်းသည် ယခုဘောလုံးရာသီကုန်သည်အထိ အေစီမီလန်တွင် ဆက်ကစားရန် အငှားစာချုပ် တိုးချဲ့ချုပ်ဆိုပြီး နှစ်ရက်အကြာတွင် ဒဏ်ရာရရှိခဲ့ခြင်း ဖြစ်သည်။

အနားယူ

မီလန်အသင်းသည် မကြာသေးသော သီတင်းပတ်များက ကစားသမားများ ဒဏ်ရာရရှိမှု၏ ထိုးနှက်မှုကို ခံနေရသည်။ တိုက်စစ်မှူး မာကိုဘော်ရီလိုနှင့် ကွင်းလယ်ကစားသမားဂတ်တူဆိုတို့ ဒဏ်ရာရရှိနေချိန်တွင် တိုက်စစ်မှူး ကာကာလည်း ပြီးခဲ့သည့် ဖေဖော်ဝါရီ ၇ရက်ကတည်းက ခြေထောက်ဒဏ်ရာကြောင့် အနားယူနေရသည်။ **(အင်တာနက်)**

ဗြိတိန်အယ်လ်တီအေ အဖွဲ့အစည်းဖျက်သိမ်းရေး မာ့ခ်ပက်ချေတောင်းဆို

လန်ဒန် မတ် ၁၁

ပြီးခဲ့သည့် သီတင်းပတ်အကုန်က ဒေးဗစ်ဖလား တင်းနစ်ပြိုင်ပွဲတွင် ဗြိတိန်တင်းနစ်အသင်းက ယူကရိန်းတင်းနစ်အသင်းကို ၄-၁ဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် မြက်ခင်းပြင်တင်းနစ်အဖွဲ့အစည်း(အယ်လ်တီအေ)ကို ဖျက်သိမ်းရန် မာ့ခ်ပက်ချေက တောင်းဆိုလိုက်သည်။ ပက်ချေသည် ဗြိတိသျှတင်းနစ်ကြယ်ပွင့် အန်ဒီမာရေးအား သင်ကြားနည်းပြပေးခြင်းမှ ၂၀၀၆ ခုနှစ်တွင် အနားယူခဲ့သူဖြစ်သည်။

ဗြိတိသျှ ဒေးဗစ်ဖလားကစားသမားဟောင်းနှင့် အယ်လ်တီအေအရာရှိဖြစ်သူ ပက်ချေက ယင်းကဲ့သို့ ရှုံးနိမ့်ခဲ့မှုသည် ဗြိတိန်နိုင်ငံအနေဖြင့် တင်းနစ်အဖွဲ့အစည်းကို အသစ်ပြန်လည်ဖွဲ့စည်းရန် ပြသလိုက်သည့် နောက်ဆုံး လက္ခဏာတစ်ရပ်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **(အင်တာနက်)**

ဗြိတိသျှတင်းနစ်ကြယ်ပွင့် မာရေး မာစတာပြိုင်ပွဲများတွင် ဆင်နွှဲနိုင်ဖွယ်ရှိ

လန်ဒန် မတ် ၁၁

ဗြိတိသျှ အဆင့်တစ်ရှိ တင်းနစ်ကြယ်ပွင့် အန်ဒီမာရေးသည် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် အင်ဒီးယန်းဝဲလ်ဒေသ၌ ကျင်းပမည့် မာစတာစီးရီး တင်းနစ်ပြိုင်ပွဲများတွင် ပြင်သစ်တင်းနစ်သမား ဖလောရင့်ဆာရာ သို့မဟုတ် စပိန်မှ အဲလ်ဘတ်မွန်တာနက်စ် တစ်ဦးဦးနှင့် ပထမဦးဆုံးပွဲအဖြစ် ယှဉ်ပြိုင်ကစားရဖွယ်ရှိသည်။



ယှဉ်ပြိုင်ကစား

သို့သော်လည်း ကမ္ဘာ့အဆင့်လေးရှိ မာရေးသည် ကျန်းမာရေးကြောင့် ဒေးဗစ်ဖလား တင်းနစ်ပြိုင်ပွဲတွင် ဗြိတိန်နှင့် ယူကရိန်းတို့ ယှဉ်ပြိုင်ကစားရမည့်ပွဲစဉ်နှင့် လွဲချော်ခဲ့ရပြီးနောက် ကြံ့ခိုင်ရေး ပြည့်ဝမှု ရှိ မရှိ အတည်မပြုရသေးကြောင်း သတင်း၌ ဖော်ပြသည်။

(အင်တာနက်)

ဝက်စ်ဟမ်းကွင်းလယ်မှ ဘက်ချ်ရာမီ ဒူးခွဲစိတ်ပြီး ခြောက်လခန့် နားရမည်

လန်ဒန် မတ် ၁၁

ဝက်စ်ဟမ်းကွင်းလယ် ကစားသမား ဗာလွန်ဘက်ချ်ရာမီသည် ဒူးခေါင်း အရွတ်အတွင်းဒဏ်ရာရရှိခဲ့မှုကြောင့် ခြောက်လခန့် အနားယူရမည်ဟု သတင်း၌ဖော်ပြသည်။

အသက် ၂၃နှစ်ရှိ ဘက်ချ်ရာမီသည် မတ် ၁ရက်က မန်စီးတီးအသင်းအား ဝက်စ်ဟမ်းအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သောပွဲစဉ်တွင် ယင်းဒဏ်ရာ ရရှိခဲ့ခြင်းဖြစ်သည်။



ဘက်ချ်ရာမီသည် မတ် ၁၀ရက်က အီတလီတွင် ခွဲစိတ်ကုသမှု ခံယူခဲ့ရပြီး ၎င်း၏ ကြံ့ခိုင်ရေးအတွက် အနားယူရန် လာမည့် သီတင်းပတ်အတွင်း လန်ဒန်သို့ ပြန်လာဖွယ်ရှိသည်။ ဆွစ်ဇာလန်လက်ရွေးစင် ဘက်ချ်ရာမီသည် ပြီးခဲ့သည့် နွေရာသီတွင် လာဇီယိုမှ ရောက်ရှိလာကတည်းက ၂၇ပွဲ ပါဝင်ကစားကာ ဝက်စ်ဟမ်းအသင်းအတွက် နှစ်ဂိုးသွင်းယူပေးထားသူဖြစ်သည်။ **(အင်တာနက်)**

ချစ် စိုး နိုင် စု စည်း တင် ပြ သည်

မွေးနေ့မင်္ဂလာ ကျေးဇူးတင်လွှာ

သားသား ဂင်္ဂါဇာနည်(ခ)ဂါဂါ၏ ၈-၃-၂၀၀၉ရက် (တနင်္ဂနွေနေ့) Sedona Hotel (မင်းတုန်းခန်းမ)၌ ကျင်းပသော မွေးနေ့မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဒုတိယဗိုလ်မှူးကြီးဟန်ထွန်း(ငြိမ်း) (ဒုတိယအထွေထွေမန်နေဂျာ၊ ဟိုတယ်နှင့်ခရီး)နှင့် ဇနီး ဒေါ်ဝင်းမာသိန်းအားလည်းကောင်း၊ ဘိုးလေး Capt;ဦးမျိုးညွှန့်နှင့် ဘွားလေး ဒေါ်စုစုလွင် (Marina Shipping Enterprise Co.,Ltd.)အားလည်းကောင်း၊ ဦးဦး Rဇာနည်နှင့် အန်တီဝမ်းအားလည်းကောင်း၊ ဦးဦး Alex နှင့် အန်တီ အိအားလည်းကောင်း၊ မေတ္တာဖြင့် ဓာတ်ပုံရိုက်ကူးပေးပါသော ဦးဦးဝဏ္ဏခွာနီးအားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးပါသော နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ Do-Re-Mi မှ သားသား သူငယ်ချင်းများအားလည်းကောင်း၊ Sedona Hotel မှ မဖြူဖြူသက်နှင့် ဝန်ထမ်းများအားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူအားလုံးကိုလည်းကောင်း အထူးကျေးဇူးဥပကာရတင်ရှိပါကြောင်း။

ဖေဖေ ဦးကျော်ဇာနည်စိုး - မေမေ ဒေါ်သက်စုအောင်

သားသား ဂင်္ဂါဇာနည်(ခ)ဂါဂါ။

မင်းနဲ့ငါ
နောင်တစ်နေ့မှာ
ပြန်မတွေ့များ မတွေ့ရင်
အစဉ်ထာဝရဝေးရင်
စိတ်ကူးဆောက်တည်ထားတဲ့
မျှော်လင့်ချက်တွေ
အနာဂတ်မှာ
ရည်ရွယ်သလိုများ
မဖြစ်ခဲ့ရင်
မင်းအတွက်ဆိုပြီး
ရည်ရွယ်ဝယ်ထားတဲ့
JASMINE PHYU က
လက်ဝတ်လက်စားလေးတွေကို
နောက်တစ်ယောက်ကို ပေးမပစ်ပါဘူး
ရင်ခွင်ဦးရယ်
ကိုယ့်ဆီကို မင်းပြန်လာတဲ့အချိန်ထိ
သိမ်းထားမှာပါ…

အမှတ် ၅၆/အေ၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊ (ချမ်းမြေ့ရိပ်သာဘုန်းကြီးကျောင်းရှေ့)၊ ဖုန်း-၉၅-၁-၆၆၁၇၆၂။

ဆိုမာလီဓားပြများ၏ဖမ်းဆီးထားမှုမှလွတ်မြောက်ခဲ့သော မြန်မာသင်္ဘောသားများအား နစ်နာကြေးငွေများပေးအပ်ပွဲကျင်းပ

ရန်ကုန် မတ် ၁၁

ဆိုမာလီဓားပြများ၏ ဖမ်းဆီးထားမှုမှ လွတ်မြောက်ခဲ့သော မြန်မာသင်္ဘောသားများအား မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားများအသင်းက နစ်နာကြေးငွေများ ပေးအပ်ပွဲကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ၃၇လမ်းရှိ မြန်မာနိုင်ငံပင်လယ်ကူး သင်္ဘောသားများအသင်းရုံးခန်းမ၌ ကျင်းပရာ အသင်းအလုပ်အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌဦးဝင်းငွေက အဖွင့်အမှာစကားပြောကြားပြီး ဒေသခံကိုယ်စားလှယ် ဦးငွေအောင်က နစ်နာကြေးများ ရရှိရန် ဆောင်ရွက်ခဲ့မှုအဆင့်ဆင့်ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက်မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားများအသင်း ဘဏ္ဍာရေးမှူး ဦးရဲအောင်က ဆိုမာလီဓားပြများ၏ ဖမ်းဆီးထားမှုမှ လွတ်မြောက်ခဲ့သော မြန်မာသင်္ဘောသား ၁၂ဦးတို့အား နစ်နာကြေးငွေများကို ပေးအပ်သည်။**(အပေါ်ပုံ)**

ကျေးဇူးတင်စကားပြောကြား

ထို့နောက် မြန်မာသင်္ဘောသားများကိုယ်စား ဦးကျော်စိုးနှင့်အသင်းတွဲဖက်အတွင်းရေးမှူး ဦးမင်းဇော်တို့က ကျေးဇူးတင်စကားပြောကြားကြသည်။

ဖမ်းဆီးခြင်းခံခဲ့ရ

မြန်မာသင်္ဘောသား ၁၂ဦးသည် MV. Bright Ruby သင်္ဘောတွင် တာဝန်ထမ်းဆောင်နေစဉ် ၂၀၀၈ခုနှစ် စက်တင်ဘာ ၁၀ရက်မှ အောက်တိုဘာ၁၆ရက်အထိ ဆိုမာလီဓားပြများ၏ ဖမ်းဆီးခြင်းကို ခံခဲ့ကြရခြင်းဖြစ်ကြောင်းသိရှိရသည်။ **(သတင်းစဉ်)**

အစာအိမ်အူလမ်းကြောင်းနှင့် အသည်းရောဂါအဖွဲ့၏ နှစ်ပတ်လည်အစည်းအဝေး ဖိတ်ကြားခြင်း

မြန်မာနိုင်ငံဆရာဝန်အသင်း၊ အစာအိမ်အူလမ်းကြောင်းနှင့် အသည်းရောဂါအဖွဲ့၏ ပဉ္စမအကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးကို ၁၅-၃-၂၀၀၉ရက် ညနေ ၅း၃၀နာရီတွင် ကုန်သည်ကြီးများဟိုတယ် ရန်ကုန်တွင်ကျင်းပမည်ဖြစ်ပါ၍ အသင်းသူ အသင်းသားများ (သီးခြားဖိတ်စာရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ) အားလုံးတက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

အစာအိမ်အူလမ်းကြောင်းနှင့်အသည်းရောဂါအဖွဲ့။

အင်တာနက်နှင့်အီးမေးလ်သင်တန်းဖွင့်မည်

ရန်ကုန် မတ် ၁၁

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများ လူနေမှုဘဝမြှင့်တင်ရေးလုပ်ငန်းအဖွဲ့နှင့် Information Channel (i- Channel)တို့ ပူးပေါင်းစီစဉ်မှုဖြင့် Internet နှင့် e-mail သင်တန်းအမှတ်စဉ် ၄/၂၀၀၉ကို မတ်၃၀ရက်မှစ၍ ရှစ်ရက်ကြာဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။ သင်တန်းသူ အမျိုးသမီး ၃၀သာ လက်ခံသင်ကြားမည်ဖြစ်ပြီး သင်တန်းလျှောက်လွှာများကို မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဖုန်း-၂၅၂၅၈၉ အောင်ဆန်းအားကစားပြိုင်ဝင်း အနောက်ဘက်တန်းတွင်ရယူ၍ မတ်၂၆ရက် နောက်ဆုံးထားပြီး ပြန်လည်ပေးပို့ရမည်ဖြစ်သည်။ **(အမျိုးသမီးရေးရာ)**

သင့်သွေးဖြင့် အသက်ကယ်ပါ

နေပြည်တော် မြို့မဂေါက်ကွင်း၌ တစ်ချက်တည်းကျင်းဝင်

ရန်ကုန် မတ် ၁၁

နေပြည်တော် မြို့မဂေါက်ကွင်း၌ ဦးဇော်နိုင်သည် မတ် ၉ရက်က ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ် (၁၆) ကိုက် ၁၈၀ အကွာအဝေးကို PING (I-3) (Iron-5) တုတ်ဖြင့် Titleist (ProV-1) ဂေါက်သီးကို ရိုက်လိုက်ရာ တစ်ချက်တည်းကျင်းဝင်သွားခဲ့ကြောင်း သိရသည်။

ထိုအချိန်တွင် ကစားဖော်များဖြစ်ကြသော ဦးဖုန်းကို၊ ဦးဇော်မြင့်နိုင်၊ ဦးကျော်ဖြိုးအောင်တို့လည်း အတူကစားလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပျောက်ဆုံးကြောင်း

ကျွန်မ မိဟိန်းဟိန်းစံ ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ် အမှတ် ၇၃၄၃၉၈သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **မိဟိန်းဟိန်းစံ**

ကဒါရပ်၊ ပေါင်မြို့။



ဦးခင်မောင်လတ် သိစေရန်

ဦးခင်မောင်လတ် ၉/မမန(နိုင်)၀၁၇၈၀၈ က ပြင်ဦးလွင်ခရိုင် ကညနရုံးတွင် Toyota Hilux ကားအမှတ် ဒ/၅၇၆၅၏ ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူကို လျှောက်ထားကြောင်းသိရှိရပါသည်။ ၎င်းမော်တော်ယာဉ်စာအုပ် တရားဝင်လက်ဝယ်ရှိသူများက ရက်အနည်းငယ်အတွင်း လူကြီးမင်းများထံ လူကိုယ်တိုင်လာရောက်၍ ပြေလည်မှုရရှိစေရန် ညှိနှိုင်းဆောင်ရွက်မည်ဖြစ်ကြောင်းအသိပေးပါသည်။ ဒေါ်အီရန် ၁၃/မခန(နိုင်)၀၀၆၄၉၉၏

ညွှန်ကြားချက်အရ-

ဦးကြည်ဖေစိန် B.A (Law), LL.B,

တရားရုံးချုပ်ရှေ့နေ၊ ကျိုင်းတုံမြို့။

မူးယစ်ကင်းစင် အလှဆင်

ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈/၁၂၁၂ တိုယိုတာ ဟိုင်းလပ် RN 33 ပစ်ကပ်ယာဉ် လက်ဝယ်ရှိသူ ဒေါ်သိန်းသိန်း ၁၂/အစန(နိုင်)၁၀၅၉၃၀ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊

အင်းစိန်မြို့။

အင်းစိန်မြို့နယ် အမှတ်(၂၇) အခြေခံပညာ မူလတန်းကျောင်း၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် မူလတန်းဆင့် သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂၈ရက်ကကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးစန်းက စတုတ္ထတန်းမှ မထက်နန္ဒာအောင်အား သင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်ချီးမြှင့်စဉ်။ (ပညာရေး)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

နိုင်ငံတော်သြဝါဒါစရိယ မွန်ပြည်နယ် ရေးမြို့ ဟာလဇေတဝန်ကျောင်းတိုက်၏ ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိတ၏ ထေရုပ္ပတ္တိအကျဉ်း

ဖွားမြင်တော်မူခြင်း

ဆရာတော် လောင်းလျာသည် မွန်ပြည်နယ် ရေးမြို့နယ် လမိုင်းမြို့ သောင်ပြင်ကျေးရွာ ခမည်းတော် ဦးရွှေရန်-မယ်တော်ဒေါ်ဖြေတို့မှ ၁၂၈၀ပြည့်နှစ် တပေါင်းလဆန်း ၁၃ရက် (ကြာသပတေးနေ့)တွင် ဖွားမြင်သော သားရတနာဖြစ်ပါသည်။

ရှင်ရဟန်းအဖြစ်သို့ရောက်ရှိတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၂၉၄ ခုနှစ် တပေါင်းလဆန်း ၇ ရက် ကြာသပတေးနေ့တွင် ရေးမြို့နယ် လမိုင်းမြို့ သောင်ပြင်ကျေးရွာ ကျောင်းကြီးကျောင်းစာသင်တိုက်မူလအာဒိကမ္မိကမွန်သာသနာပြု ဆရာတော်ကြီး သောင်ပြင်ဂိုဏ်းချုပ် ဆရာတော် ဘဒ္ဒန္တပုဂ္ဂရမ္မမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၀၀ ပြည့်နှစ် သီတင်းကျွတ်လဆန်း ၁၅ရက် (စနေနေ့) ညနေ ၃ နာရီအချိန်တွင် သောင်ပြင်ဂိုဏ်းချုပ် ဆရာတော်ကို ဥပဇ္ဈာယ်ပြုလျက် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ပရိယတ္တိစာပေ သင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် ရေးမြို့ သောင်ပြင်ဂိုဏ်းချုပ်ဆရာတော် မော့ကနင်တိုက်ကျောင်းဆရာတော် ဦးပညာဇောတိ၊ မော်လမြိုင်မြို့ ဖားအောက်တိုက်ကျောင်း ဆရာတော်ဦးစန္ဒိမာ၊ ပေါင်မြို့မင်းကျောင်းဆရာတော်၊ ရေးမြို့ သီရိမာလာရပ်ကွက် ဖာလ ဇေတဝန်ကျောင်းဆရာတော် ဘဒ္ဒန္တဝါရိန္ဒ၊ ရန်ကုန်မြို့ ခြောက်ထပ်ကြီးဘုရားကျောင်းတိုက်ဆရာတော် ဦးကောဏ္ဍည၊ ဦးအာစိဏ္ဏ၊ မန္တလေးမြို့ ဘုရားကြီးတိုက်ဆရာတော် ဦးနာရဒ၊ ရွှေရေးဆောင်တိုက် ဆရာတော် ဦးပဏ္ဍဝ၊ ဆီးဘန်းနီတိုက် ဆရာတော် ဦးအာစာရ၊ အမရပူရမြို့ မင်္ဂလာတိုက်သစ်ဆရာတော် ဦးပညာဝံသတို့ထံ၌ ပါဠိအဋ္ဌကထာ၊ ဋီကာကျမ်းများ၊ ဉဝါများ စသော လောကုတ္တရာ စာပေများကို ကျမ်းကြီးပေါက် သင်ယူဆည်းပူးတော်မူခဲ့ပါသည်။

စာပေပို့ချခြင်းနှင့် သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ၁၃၁၉ခုနှစ်မှစ၍ ရေးမြို့ သီရိမာလာရပ်ကွက် ဖာလဇေတဝန်ကျောင်းတိုက်၌ ငယ်၊ လတ်၊ ကြီး၊ ဓမ္မာစရိယတန်း စာသင်သားများကို နှစ် ၃၀ ကျော်ပို့ချခဲ့ပြီး ဒါယကာ၊ ဒါယိကာမများကို နှစ် ၅၀ နီးပါး ဝိပဿနာတရားများ ဟောကြားပြသတော်မူခဲ့ပါသည်။ ဆရာတော်သည် ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းတွင် ရပ်ကွက်သံဃနာယကဥက္ကဋ္ဌ၊ မြို့နယ်သြဝါဒါစရိယ၊ ရေးမြို့နယ် ရွှေဆံတော်နှင့် စကားတောင်စေတီတော်၊ ရေလည်ဘုရားစေတီ၊ တပလ္လလင် နှစ်ဆူစေတီ၊ မြို့တော်ဦး ဘုရားစေတီတော်တို့၏ သြဝါဒါစရိယအဖြစ် လည်းကောင်း၊ ရေးမြို့ ဖာလဇေတဝန်ကျောင်း ပဝါရဏာဂိုဏ်းချုပ်ဆရာတော်အဖြစ်လည်းကောင်း သာသနာ့တာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်တော်မူခဲ့ပါသည်။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်သည် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် (၉၀)၊ သိက္ခာတော်(၇၀)ဝါအရ (၁၃၇၀ပြည့်နှစ်၊ တပေါင်းလဆန်း ၉ရက်) ၂၀၀၉ခုနှစ် မတ် ၄ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၁၁နာရီတွင် သီတင်းသုံးရာ ကျောင်းတိုက်၌ ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

သာစည်မြို့နယ်၌ ကြေးခေတ်၊ သံခေတ်ယဉ်ကျေးမှု ထွန်းကားခဲ့သည့် အထောက်အထားများတွေ့ရှိ

နေပြည်တော် မတ် ၁၁

ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနသည် "မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းရှာဖွေဖော်ထုတ်တိုးတက်ပြန့်ပွားအောင် ဆောင်ရွက်၍ မိမိတို့၏အစဉ်အလာကောင်းများကို ဂုဏ်ယူလေးစားပြီး နိုင်ငံနှင့်လူမျိုးကို ချစ်မြတ်နိုးစေရန်" ဟူသည့် ဝန်ကြီးဌာန၏ မူဝါဒနှင့်အညီ တူးဖော်သုတေသနပြု ထိန်းသိမ်းခြင်းလုပ်ငန်းကို အရှိန်အဟုန်မပျက် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

အထောက်အထား

ယင်းသို့ ဆောင်ရွက်လျက်ရှိရာတွင် ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာန (မြောက်ပိုင်း) မန္တလေးမြို့မှ အရာထမ်း၊ အမှုထမ်းများနှင့် ပြင်သစ်နိုင်ငံ ဗဟိုအမျိုးသားသိပ္ပံနှင့် သုတေသနဌာန (C.N.R.C)မှ သုတေသနပညာရှင်များ ပူးပေါင်း၍ မန္တလေးတိုင်း၊ မိတ္ထီလာခရိုင်၊ သာစည်မြို့နယ် ရှာကုန်းကြီးကျေးရွာ ပတ်ဝန်းကျင်ရှိ ကြေးခေတ်၊ သံခေတ် ယဉ်ကျေးမှုထွန်းကားခဲ့သည့် အထောက်အထားများကို ဇန်နဝါရီ ၁၁ ရက်မှ ၃၀ ရက်အထိ ကွင်းဆင်းတူးဖော်သုတေသနပြု လေ့လာခဲ့ကြသည်။

သုတေသနပြု

အဆိုပါ မြန်မာ-ပြင်သစ် ပူးပေါင်း သုတေသနလုပ်ငန်းအဖွဲ့သည် မြန်မာနိုင်ငံတွင် တိမ်မြုပ်ပျောက်ကွယ်နေသော ကြေးခေတ်၊သံခေတ်ယဉ်ကျေးမှုအထောက်အထားများ ရှာဖွေဖော်ထုတ်သုတေသနပြု လေ့လာရန် မြန်မာ့သမိုင်းကွင်းဆက်ကွက်လပ်များကို တူးဖော်သုတေသနပြု လေ့လာ၍ ခိုင်မာအောင်ဖြည့်ဆည်းဆောင်ရွက်ရန်၊ တူးဖော်ခဲ့ပြီးသော ကြေးခေတ်၊ သံခေတ်များနှင့် ဆက်စပ်နှိုင်းယှဉ်လေ့လာရန်နှင့် ရှာကုန်းကြီးဒေသ ဝန်းကျင်တွင် အခြေချနေထိုင်ခဲ့ကြသော လူမျိုးစု၏ ယဉ်ကျေးမှုအဆင့်အတန်းကို သုတေသနပြု လေ့လာရန် စသည့်ရည်ရွယ်ချက်များဖြင့် ရှာကုန်းကြီးဒေသတူးဖော်သုတေသနပြု လုပ်ငန်းများကို ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

လေ့လာတွေ့ရှိ

တူးဖော်သုတေသနပြုရာတွင် လူရုပ်အလောင်း ၄၄ ခု မြှုပ်နှံထားသည့် အထောက်အထားများနှင့်အတူ ကြေးစည်းထုပ်ငယ် နှစ်ထုပ်၊ သံထည်ပစ္စည်း နှစ်ခု၊ ရောင်စုံကျောက်ပုတီးစေ့ ၁၄ လုံး၊ ကျောက်ချောလက်နက်တစ်ခု၊ ချည်ငင်ရာတွင် အသုံးပြုသည်ဟု ယူဆရသော မြေမီးဖုတ်လွန်းဆံငယ် နှစ်ခုနှင့် မြေထည်ပစ္စည်းအမျိုးမျိုးတို့ကို လေ့လာတွေ့ရှိရသည်။ တွေ့ရှိရသော လူရုပ်ကြွင်းများကို သုတေသနပြု လေ့လာရာတွင် အများအားဖြင့် ပျက်စီးနေပြီး နှစ်ခုသာ ပြည့်စုံစွာ တွေ့ရသည်။ ရုပ်ကြွင်းများကို မြောက်ဘက်သို့ ဦးခေါင်းလှည့်၍ မြှုပ်နှံထားပြီး လူလတ်ပိုင်းနှင့် လူကြီးအရွယ် ရုပ်ကြွင်း ၂၀၊ ကလေးအရွယ်ရုပ်ကြွင်း ၁၀ခု၊ လသားအရွယ် ရုပ်ကြွင်းတစ်ခုတွေ့ရပြီး အခြားရုပ်ကြွင်း မြှုပ်နှံမှု ၁၃ ခုမှာ အရိုးအပိုင်းအစသာတွေ့ရသဖြင့် အသက်ခန့်မှန်း၍ မရပေ။ အသက် (၄၀)ကျော်အရွယ် မြှုပ်နှံမှုတစ်ခုသာ တွေ့ရပြီး တင်ပါးဆုံရိုးအပိုင်းမှာများစွာပျက်စီးနေသည်ကို တွေ့ရသည်။

ရှာကုန်းကြီးဒေသမှ တူးဖော်တွေ့ရှိရသည့် လူရုပ်ကြွင်းအထောက်အထား။ (သတင်းစဉ်)



ရှာကုန်းကြီးဒေသမှ တူးဖော်တွေ့ရှိရသည့် ရောင်စုံကျောက်ပုတီးစေ့များ။ (သတင်းစဉ်)

ရင်းနှီးမြှုပ်နှံထား

သံထည်ပစ္စည်းများသည် အခြားကြေးခေတ်၊ သံခေတ်ဒေသများနည်းတူ မြှုပ်နှံထားသည်ကို လေ့လာတွေ့ရှိရပြီး ကြေးခေတ်၊ သံခေတ်ဒေသများဖြစ်သည့် ရှာထင်(ပျော်ဘွယ်)နှင့် ကန်သစ်ကုန်း(သာစည်)တို့၌လည်း တွေ့ရှိခဲ့ပြီး ဖြစ်သည်။ ချည်ငင်ရာတွင် အသုံးပြုသည်ဟု ယူဆရသော မြေမီးဖုတ်လွန်းဆံငယ်ပစ္စည်းမျိုးကိုလည်း တွေ့ရှိခဲ့သည်။ အထူးသဖြင့် မြို့ပြထူထောင်သည့်ဒေသများတွင် အများအပြား တွေ့ရလေ့ရှိပြီး မြေမီးဖုတ် ပုတီးစေ့ဟု ခေါ်ဝေါ်သုံးစွဲလေ့ရှိသည်ကို လေ့လာသိရှိရသည်။ ရုပ်ကြွင်း ငါးခုမှာ အခေါင်းဖြင့် ထည့်သွင်းမြှုပ်နှံသည်ဟု ခန့်မှန်းယူဆရပြီး အလားတူ မြှုပ်နှံမှုမျိုးကို ရှာထင် (ပျော်ဘွယ်)၊ မြို့လှ(ရမည်းသင်း)၊ ထုံးဘို (ပျော်ဘွယ်)၊ စသည့်ကြေးခေတ်၊ သံခေတ်ဒေသများတွင်လည်း တွေ့ရှိခဲ့ပြီး ဖြစ်သည်။

ထွန်းကားခဲ့

ရှာကုန်းကြီးတူးဖော်မှုလုပ်ငန်းမှ တွေ့ရှိရသော ရုပ်ကြွင်းများမြှုပ်နှံမှုနှင့် ဆက်စပ်မြှုပ်နှံထားသော ပစ္စည်းများ၊ ကျောက်ခေတ်နှောင်းယဉ်ကျေးမှုတွင် အသုံးပြုလေ့ရှိသော ကျောက်လက်နက်များ၊ အိုးကွဲခြမ်းအပိုင်းအစများအား လေ့လာချက်အရ ဤဒေသတွင် ကျောက်ခေတ်နှောင်း ယဉ်ကျေးမှုနှင့် သံခေတ်ယဉ်ကျေးမှု ထွန်းကားခဲ့သည်ဟု ယူဆရကြောင်း ပညာရှင်များက လေ့လာသုံးသပ်ခဲ့သည်။ တူးဖော်တွေ့ရှိရသောပစ္စည်းများတွင် စာပေရေးသားမှုဆိုင်ရာအထောက်အထားများ၊ ဘာသာရေးဆိုင်ရာကိုးကွယ်မှု အထောက်အထားများ မတွေ့ရှိရကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရှာကုန်းကြီးဒေသမှ တူးဖော်တွေ့ရှိရသည့် မြေမီးဖုတ်လွန်းဆံငယ်။ (သတင်းစဉ်)

ရှာကုန်းကြီးဒေသမှ တူးဖော်တွေ့ရှိရသည့် မြေထည်ပစ္စည်းများ။ (သတင်းစဉ်)

သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေး စေတနာ့ဝန်ထမ်း မြို့နယ်အဆင့်နည်းပြသင်တန်းဖွင့်

ရန်ကုန် မတ် ၁၁

လမ်းမတော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ်ကြီးကြပ်မှုဖြင့် လမ်းမတော်မြို့နယ် ကျန်းမာရေးကော်မတီက ဆယ်အိမ်စု သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေး စေတနာ့ဝန်ထမ်း မြို့နယ်အဆင့် နည်းပြသင်တန်းကို မတ် ၆ရက်က လမ်းမတော် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဖွင့်လှစ်သည်။

အဆိုပါ သင်တန်းတွင် လမ်းမတော်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြို့နယ်ကျန်းမာရေးကော်မတီဥက္ကဋ္ဌဦးခင်ဇော်က အဖွင့်အမှာစကား ပြောကြားပြီး **(ယာပုံ)** မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးသီတာဝင်းနှင့် သူနာပြုဆရာမကြီးဒေါ်စန်းစန်းဝေတို့က မြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေး လုပ်ငန်းများတွင် ပိုးလောက်လမ်းနှိမ်နင်းရေးလုပ်ငန်း၊ ဖုံး၊ သွန်၊ လဲ၊စစ်၊ လွှမ်းခြုံမှုမြင့်မားစေရေး ဆွေးနွေးပို့ချသည်။

တက်ရောက်

သင်တန်းသို့ မြို့နယ်အတွင်းရှိရပ်ကွက်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရာအိမ်မှူးများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် သင်တန်းသားစုစုပေါင်း ၆၀ တက်ရောက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ဖလမ်းမြို့ အထက(၁)၌ ရှေးဦးပြုစု အခြေခံသင်တန်းဆင်း

ဖလမ်း မတ် ၁၁

ရှေးဦးပြုစုခြင်း အခြေခံသင်တန်းဆင်းပွဲအခမ်းအနားကို ဇန်နဝါရီ ၂၁ရက် နံနက် ၁၀နာရီက ဖလမ်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ရှုလွယ်ခန်းမ၌ ကျင်းပသည်။

ဆုများချီးမြှင့်

ရှေးဦးစွာ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ခေတ္တဥက္ကဋ္ဌ ခရိုင် ရဲတပ်ဖွဲ့မှူး ဇော်ဝင်းနှင့် ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဦးညွှန့်ဦးမောင်တို့က အမှာစကားပြောကြားပြီး သင်တန်းတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

တက်ရောက်

အဆိုပါ သင်တန်းသို့ သင်တန်းသား သင်တန်းသူပေါင်း ၄၇ဦး တက်ရောက်ကြသည်။

(ခရိုင် ပြန်/ဆက်)

ကျောက်ဆည်ခရိုင် ပြန်/ဆက်ဦးစီးဌာန ရည်မှန်းချက်လုပ်ငန်းတာဝန်များ ရှင်းလင်း

ကျောက်ဆည် မတ် ၄

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ (၁၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၏ မှာကြားချက်များနှင့် ၂၀၀၉-၂၀၁၀ပြည့်နှစ် ဆောင်ရွက်ရမည့် ရည်မှန်းချက်လုပ်ငန်းတာဝန်များ ရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၁၄ရက် နံနက် ၁၀နာရီက ကျောက်ဆည်ခရိုင်ရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တနင်္သာရီတိုင်း လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ထွန်းက ရှင်းလင်းမှာကြားပြီး**(ယာပုံ)** ကျောက်ဆည်ခရိုင်ဦးစီးအရာရှိ ဒေါ်လှကြည်က လုပ်ငန်းအလိုက် ဆောင်ရွက်ရမည့် စီမံချက်များ တင်ပြသည်။

ညှိနှိုင်းတင်ပြ

ထို့နောက် တက်ရောက်လာကြသည့် ကျောက်ဆည်ခရိုင် ဘုတ်ပြင်းမြို့နယ်နှင့် ပြည်ကြီးမဏ္ဍိုင်၊ ခမောက်ကြီးနှင့် ကရသူရိမြို့များမှ မြို့နယ်ဦးစီးမှူးများက ရှေ့ဆောင်ရွက်ရမည့် လုပ်ငန်းများ အောင်မြင်ရန် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်သွားကြရေး ညှိနှိုင်းတင်ပြပြီး နှစ်ပတ်လည်နေ့တွင် ရုံးချုပ်က ထောက်ပံ့သည့်ငွေများကို တိုင်းလက်ထောက်ညွှန်ကြားရေးမှူးက ပေးအပ်ရာ ခရိုင်ဦးစီးအရာရှိဒေါ်လှကြည်က လက်ခံယူကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ရန်ကုန်တောင်ပိုင်းခရိုင် ပြန်/ဆက် ဦးစီးဌာန လုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် မတ် ၁၁

ရန်ကုန်တောင်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို မတ် ၆ရက် မွန်းလွဲ ၁နာရီက သန်လျင်မြို့ရှိ ခရိုင်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေ့ဦးစွာ ခရိုင်အတွင်းရှိ မြို့နယ်များမှ မြို့နယ်ဦးစီးမှူးများက မိမိတို့မြို့နယ်အတွင်း ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို လည်းကောင်း၊ ခရိုင်ဦးစီးအရာရှိ ဦးစန်းလွင်ဦးက ခရိုင်အတွင်း အရှိန်မြင့် ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရန်ကုန်တိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဦးစီးမှူးဦးမြင့်ဆွေက ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး၏၂၀၀၉-၂၀၁၀ခုနှစ် လုပ်ငန်းညွှန်ကြားချက် (၁၁)ရပ်၊စံ(၅)ချက်နှင့်အညီ ခိုင်မာဆောင်ရွက်ရမည့် လုပ်ငန်းများ အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားပြီး ခရိုင်နှင့် မြို့နယ်များ၏ လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။**(အပေါ်ပုံ)**

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းဦးစီးမှူး ဦးမြင့်ဆွေသည် ရန်ကုန်တောင်ပိုင်းခရိုင်ရုံး (သန်လျင်)၏ ရုံးလုပ်ငန်း၊ စာကြည့်တိုက်၊ ဓာတ်ပုံနံရံကပ်စာစောင်နှင့် မြေစိုက်နံရံကပ်စာစောင် ဘုတ်တို့ကို ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မြင်းခြံခရိုင် တောင်သာမြို့နယ် တောင်လုလင် ကျေးရွာတွင် သောက်သုံးရေသန့် ရရှိရေးအတွက်ကျေးရွာစက်ရေတွင်းကို ဖေဖော်ဝါရီ ၂၀ ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးစိုးစိုးရွှေနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှဝင်းတို့ ကြည့်ရှုစစ်ဆေးစဉ်။
(မြို့နယ်စည်ပင်)

စာမေးပွဲအထောက်အကူပြု ဘာသာရပ်များ ဟောပြောပို့ချ

ပျော်ဘွယ် မတ် ၄

ပျော်ဘွယ်မြို့နယ်ရှိ တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအား စာမေးပွဲအထောက်အကူပြု ဘာသာရပ်များတွင် ဟောပြောပို့ချခဲ့ကြသော ဆရာ ဆရာမများအား ဂုဏ်ပြုပွဲကို ဖေဖော်ဝါရီ ၂၇ ရက် ည ၇နာရီက အမေထိန်းခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးစန်းဌေးက အမှာစကားပြောကြားပြီး ဆရာဆရာမများနှင့် အလှူရှင်များအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ **(ဝစ၅)**

တောင်တွင်းကြီးမြို့နယ်၌ စာကြည့်တိုက် အဆောက်အအုံသစ်များဖွင့်

တောင်တွင်းကြီး မတ် ၄

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် တောင်တွင်းကြီးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူး၍ ဖေဖော်ဝါရီ ၂၅ရက် နံနက် ၉နာရီက ဇီးတောအုပ်စု ဆိတ်ဖူးကျင်းကျေးရွာ၌ ဘဝ အလင်းရောင်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကျင်းပရာ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်လဲ့လဲ့ခိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးရယ်နှင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးဇော်ဌေးအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

ဆက်လက်၍ ဇီးတောအုပ်စု စည်ပင်ခံကျေးရွာ ကြယ်တံခွန်စာကြည့်တိုက် အဆောက်အအုံသစ်ကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးရယ်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်ဌေးအောင်နှင့် ကျေးရွာဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ပေးအပ်လှူဒါန်း

အဆိုပါ စာကြည့်တိုက်များအတွက် အလှူရှင် ၂၀တို့က ငွေကျပ်နှစ်သိန်းခန့်တန်ဖိုးရှိ သုတရသ စာအုပ်မျိုးစုံ အုပ် ၉၀၀ ပေးအပ်လှူဒါန်းကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြို့နယ်သတင်းများ

ရှင်ဗွေယန်မြို့ ကျေးရွာစာကြည့်တိုက်များအတွက် ရုပ်မြင်သံကြားပြစက်နှင့် မီးစက်ပေးအပ်လှူဒါန်း

ရှင်ဗွေယန် မတ် ၃

မြစ်ကြီးနားခရိုင် ရှင်ဗွေယန်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၂၅ရက်က ကျေးရွာစာကြည့်တိုက်နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနအတွက် ရုပ်မြင်သံကြားပြစက်နှင့် မီးစက်လှူဒါန်းပွဲ ကျင်းပသည်။

ယင်းလှူဒါန်းပွဲ၌ အလှူရှင်ဦးတင်ညို-ဒေါ်သန်းညွှန့်(သန်းနန္ဒအေး) မိသားစု (ရွှေကူမြို့)တို့က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအတွက် လက်စွဲမီးစက်တစ်လုံးနှင့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် ၁၄ လက်မ ရုပ်မြင်သံကြားပြစက်နှစ်လုံးတို့ကိုလှူဒါန်းရာ မြို့အုပ်ချုပ်ရေးမှူး ဦးတင်အောင်လွင်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူးဦးမျိုးဝေတို့က လက်ခံရယူကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဇန်နဝါရီ ၇ ရက်က မုဒုံမြို့အဝင် ပန်းကွက်ပန်းအလှပင်များ လဲလှယ်စိုက်ပျိုးခြင်းကို အငယ်တန်း အင်ဂျင်နီယာ-၂ ဒေါ်ခင်လဲ့လဲ့နိုင် ဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်အေးကြီးကြပ်ဆောင်ရွက်ပေးစဉ်။
(မြို့နယ်စည်ပင်)

အကယ်ဒမီဒါရိုက်တာဆုရသူ ဂုဏ်ပြုပွဲ မန္တလေးတွင် ပြုလုပ်

မန္တလေး မတ် ၂

ကိုးဆယ်ဆသာလိမ့်မယ် ရုပ်ရှင်ဇာတ်ကားအတွက် ၂၀၀၇ခုနှစ် အကောင်းဆုံးဒါရိုက်တာဆု အကယ်ဒမီဆုချီးမြှင့်ခံရသော ဒါရိုက်တာမောင်ယဉ်အောင်အား မန္တလေးမြို့ ဂိုးလ်ဒင်းမောင်းတင်း ရွှေပညာသင်တန်းမှ စီစဉ်၍ မန္တလေးမြို့ စာပေအနုပညာရှင်များမှဂုဏ်ပြုပွဲကို ဖေဖော်ဝါရီ ၁၂ရက် မွန်းလွဲ ၁နာရီက ဟိုတယ်(မန္တလေး)စံပယ်ဖြူခန်းမ၌ ကျင်းပသည်။

ပေးအပ်ချီးမြှင့်

ဂုဏ်ပြုပွဲတွင် ရွှေပညာသင်တန်းမှ ကိုသာဇော်(နံနက်ခင်းဂျာနယ်)၊ ရီမြင့်ရုပ်ရှင်မှ ကိုဇော်မြင့်၊ စာရေးဆရာနေမျိုး၊ ကဗျာဆရာ မောင်သင်းပန်၊ ဦးစိုးနိုင် (မန္တလေးတက္ကသိုလ်)၊ သိုက်ထွန်းသက်၊ ကျော်ရင်မြင့်၊ ဆူးငှက်တို့က အကယ်ဒမီ မောင်ယဉ်အောင်အတွက် ဂုဏ်ပြုစကား ပြောကြားကြပြီး စာပေအနုပညာရှင်များက ချီးမြှင့်သော ဂုဏ်ပြုပန်းခြင်းလက်ဆောင်နှင့် ဆုများကို စာပေအနုပညာရှင်များ ကိုယ်စား နတ်မောက်ထွန်းရှိန်က ဒါရိုက်တာမောင်ယဉ်အောင်သို့ ပေးအပ်ချီးမြှင့်သည်။

(၁၁၃)

ရန်ကုန်မြို့ ဘိုကလေးဈေးလမ်း အမှတ် ၅နေ ဦးအောင်ဝင်း(ခ)ဦးတင်ဟန်မိသားစုက တွံတေးမြို့ မိဘဂုဏ်ဘိုးဘွားရိပ်သာ ဆေးအာဟာရပဒေသာပင်အတွက် ငွေကျပ်တစ်သိန်းလှူဒါန်းရာ အလှူရှင်ကိုယ်စား ဦးမြသိန်းက ဘိုးဘွားရိပ်သာအဖွဲ့ဝင် ဦးမြင့်မောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (၁၀၅)

မတ္တရာမြို့နယ် ပြန်/ဆက်ဦးစီးဌာန ဝန်ထမ်းများ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများ ညှိနှိုင်းဆွေးနွေး

မတ္တရာ ဖေဖော်ဝါရီ ၂၈

ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခိုင်ခိုင်သင်းသည်ဖေဖော်ဝါရီ၁၈ရက်က မတ္တရာမြို့နယ်ရုံးရှိဝန်ထမ်းများနှင့် တွေ့ဆုံကာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ (၁၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနား၌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း၏ မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းသည်။

တာဝန်ပေးအပ်

ဆက်လက်၍ ၂၀၀၈-၂၀၀၉ ခုနှစ် လုပ်ငန်းဆောင်ရွက်နိုင်မှုနှင့် ၂၀၀၉-၂၀၁၀ ခုနှစ် ဆက်လက်ဆောင်ရွက်သွားရမည့် လုပ်ငန်းများကို ဝန်ထမ်းများနှင့် ညှိနှိုင်းဆွေးနွေးပြီး တာဝန်များ ပေးအပ်သည်။

(မြို့နယ် ပြန်/ဆက်)

ဖေဖော်ဝါရီ၁၅ရက်က ပေါင်မြို့နယ် ကော့ကဒိုက်ကျေးရွာ သံလွင်မြစ်ကမ်း မြေနုကျွန်းများပေါ်တွင် စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နေသော ဆီထွက်သီးနှံ မြေပဲဧက ၄၅၀နှင့် ဈေးကွက်ဝင် ပဲလွမ်းဖြူဧက၃၅၀စိုက်ခင်းကို ပေါင်မြို့နယ် ဥက္ကဋ္ဌဦးထွန်းမြ၊ မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များနှင့်အတူ ကွင်းဆင်းကြည့်ရှုစစ်ဆေးကြစဉ်။ (၁၇၆)

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ချိပ်ပိတ်တင်ဒါအမှတ်-၁/၂၀၀၈-၂၀၀၉

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်တွင် အသုံးမပြုတော့သည့် Noritsu ရောင်စုံဖလင်ပုံ ကူးစက် Model-QSS2211 နှင့် Noritsu ဖလင်ဆေးစက် Model-QSS430L-3 တစ်စုံကို ချိပ်ပိတ်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။ ချိပ်ပိတ်တင်ဒါပုံစံများကို တစ်စောင်လျှင် ငွေသားကျပ် ၁၀၀၀(ကျပ်တစ်ထောင်တိတိ)ဖြင့် ရုံးအမှတ်(၇) နေပြည်တော်၊ အမှတ် ၂၂၈ သိမ်ဖြူလမ်း ရန်ကုန်မြို့နှင့် ၆၂လမ်း ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်ကြီးတံခွန် မန္တလေးမြို့တို့တွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ် အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၆၉၊ ၀၁-၃၇၁၃၄၂နှင့် ၀၂-၈၀၉၈၇တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

ချိပ်ပိတ်တင်ဒါစတင်ရောင်းချမည့်ရက် - ၁၂-၃-၂၀၀၉ရက် (ကြာသပတေးနေ့)

ချိပ်ပိတ်တင်ဒါပိတ်ရက် - ၂၅-၃-၂၀၀၉ရက် (ဗုဒ္ဓဟူးနေ့)

ချိပ်ပိတ်တင်ဒါရောင်းချရေးအဖွဲ့
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
ဖုန်း-၀၆၇-၄၁၂၃၆၉။

အမည်ဖြည့်စွက်ခြင်း

အဖ ဦးလှအောင်၏ သမီး မြစ်ကြီးနား အထက(၃) သတ္တမတန်း (က)မှ မခေါန်ရိမ်အား မခေါန်ရိမ်(ခ) မနန်းမွေခမ်းဟု ဖြည့်စွက်ခေါ်ပါရန်။
မခေါန်ရိမ်(ခ)မနန်းမွေခမ်း။

အမည်ပြောင်း

အဖ ဦးအောင်ဝင်း၏ သား ဒဂုံတက္ကသိုလ် တတိယနှစ် ရုက္ခဗေဒမှ မောင်ရဲဝင်းအောင် ၁၂/ဥကတ(နိုင်) ၁၅၃၇၁၅အား မောင်မျိုးဝင်းအောင်ဟု ပြောင်းလဲခေါ်ပါရန်။

ဓေတ္တာရာဆရာကျော်

အမည်ပြောင်း

အဖ ဦးဇော်ဖန်း၏သမီး ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် အထက(၄) အဋ္ဌမတန်း (A)မှ အဆွတ်ထွယ်အား မအက်(စ်)တာဆွတ်ထွယ်ဟု ပြောင်းလဲခေါ်ပါရန်။ **မအက်(စ်)တာဆွတ်ထွယ်။**

ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မလမ/၂၉၃၁၇ ဖွန်ဒါဝေ့(ဖ်) NF 100S/ဆိုင်ကယ်ယာဉ် လက်ဝယ်ရှိသူ ဦးဝင်းဇော်မိုး ၁၀/မလမ(နိုင်)၀၀၉၈၂၅ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့။

အမည်ပြောင်း

အဖ ဦးဇော်ဖန်း၏သားများဖြစ်သော ကချင်ပြည်နယ် ဖားကန့်မြို့နယ် လုံးခင်း တွဲဖက်အခြေခံပညာအထက်တန်းကျောင်း ပဉ္စမတန်း(A)မှ မောင်ယောသပ်ထွယ်အောင်အား မောင်ဂျိုးဇက်ထွယ်အောင်ဟုလည်းကောင်း၊ တတိယတန်း(A)မှ မောင်ဂါပြေလဆွတ်နော်ထွယ်အား မောင်ဂါပြေနော်ထွယ်ဟုလည်းကောင်း ပြောင်းလဲခေါ်ပါရန်။ **မောင်ဂျိုးဇက်ထွယ်အောင်။ မောင်ဂါပြေနော်ထွယ်။**

ရောင်းမည်၊ ငှားမည်

လက်ရှိ လည်ပတ်နေသော Beauty Salon အဆင့်မြင့် ပြင်ဆင်ပြီး
နေရာကောင်း (ညို့နှင်းဈေး)
ဖုန်း-၀၉-၄၅-၅၇၃၉၃၄။

လှိုင်သာယာမြို့ FMI, နဝဒေး အိမ်ရာ၊ ကျုံစစ်သားအိမ်ရာများနှင့် ယုဇနအိမ်ရာများ၏ တိုက်ခန်းရောင်း၊ ဝယ်၊ ငှားကို ဆောင်ရွက်ပေးပါသည်။

ဖုန်း-၆၈၉၆၆၄။

၃၀-၁၁-၂၀၀၈ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ၌ပါရှိသော ဒေါက်တာဦးတင်အေး၏ ညွှန်ကြားချက်အရ အထက်တန်းရှေ့နေ ဒေါ်စန်းစန်းတင့်နှင့် ဒေါ်ခင်သန်းသန်းစိုးတို့၏ ကြေညာချက်အား အများသိစေရန် ပြန်လည်ဖြေရှင်းကြေညာခြင်း

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ ဗျိုင်းရေအိုးစင်(ရှာမ)ရပ်ကွက်၊ ဗျိုင်းရေအိုးစင်လမ်း၊ အမှတ်-၆/၈၊ အခန်းအမှတ်-E(1)၊ မြေညီထပ်တိုက်ခန်းနှင့် အကျိုးခံစားခွင့်များအား ကျွန်ုပ်တို့၏အမှုသည် ဦးမျိုးလွင် ၁၂/ပဘတ(ဧည့်)၀၀၀၃၆၈က မူလပိုင်ရှင်ဖြစ်သူ ဒေါ်ခင်အေးပို ၈/မကန(နိုင်)၁၆၈၅၀၅ထံမှ ၂၄-၁-၂၀၀၉ ရက်စွဲပါ နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ကာ ယခင်တိုက်ခန်းနှင့် ပတ်သက်သည့် ပိုင်ဆိုင်မှု အဆက်အစပ်စာချုပ်စာတမ်းမူရင်းများနှင့်တကွ လက်ဝယ်ရရှိထားပြီးဖြစ်သော တိုက်ခန်းဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်စာချုပ်တွင် ဒေါ်ခင်အေးပိုနှင့်တကွ အသိသက်သေများ၊ မြေရှင်၊ အိမ်ရှင်မိသားစုတို့ ကိုယ်တိုင်လက်မှတ်ရေးထိုးထားရှိပြီးဖြစ်သည့်အပြင် သက်ဆိုင်ရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီထံသို့လည်း တင်ပြအသိပေးထားပြီး ဖြစ်ပါသည်။ အဆိုပါတိုက်ခန်းကို မူလပိုင်ရှင် ဒေါ်ခင်အေးပိုသည် ယခင်ပိုင်ရှင်ထံမှ ဝယ်ယူစဉ်က တိုက်ခန်းအရောင်းအဝယ်စရန်ပေး ကတိစာချုပ်အားလည်းကောင်း၊ တိုက်ခန်းအပြီးအပိုင် အရောင်းအဝယ်စာချုပ်အားလည်းကောင်း၊ မူလပိုင်ရှင်ဖြစ်သူ ဒေါ်ခင်အေးပိုအမည်ဖြင့်ပင် ဝယ်ယူပိုင်ဆိုင်ထားရှိပြီး သက်ဆိုင်ရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီထံတွင် တင်ပြအသိပေးခဲ့ပြီးလည်း ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့အမှုသည်ဦးမျိုးလွင်က ယခုမူလပိုင်ရှင်ဖြစ်သူ ဒေါ်ခင်အေးပိုထံမှ အဆိုပါ တိုက်ခန်းအား တရားဝင်ဝယ်ယူ ပိုင်ဆိုင်လက်ဝယ်ထားရှိလျက် ပြန်လည်မွမ်းမံ ပြင်ဆင်နေသည်မှာ တစ်လကျော်ပင်ရှိပြီး ဖြစ်ပါသည်။

ညဘက်တွင် တိုက်ခန်း၏မျက်နှာစာ ဘာဂျာတံခါးကို သော့ခတ်ထားခဲ့ပါသည်။ အဆိုပါတိုက်ခန်း၏ အိမ်ရှင်ဖြစ်သူအားလည်း အိမ်လခတစ်နှစ်စာ ကြိုတင်ပေးထားပြီး ဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအားပြုပြင်နေစဉ် ၂၈-၂-၂၀၀၉ရက်တွင် ကျွန်ုပ်တို့အမှုသည်က တိုက်ခန်းသို့သွားရောက်သည့်အခါတွင် ယင်းတိုက်ခန်း ဘာဂျာတံခါး၌ သံကြိုးဖြင့် သော့တစ်ခုခတ်ထားပြီး ဒေါက်တာဦးတင်အေးဆိုသူ အမည်ဖြင့် စာတစ်စောင်ချိတ်ဆွဲ ထားသည်ကိုလည်း တွေ့ရှိရပါသည်။ သို့ဖြစ်၍ အဆိုပါတိုက်ခန်းနှင့်သက်ဆိုင်သူဟုဆိုသူနှင့် ကျွန်ုပ်တို့အမှုသည်က ဖြေရှင်းသော်လည်း ပြေလည်မှုမရပါ။ သို့ဖြစ်၍ အထက်ဖော်ပြပါ တိုက်ခန်းသည် ကျွန်ုပ်တို့အမှုသည်က ဒေါ်ခင်အေးပိုထံမှ တရားဝင်ဝယ်ယူပိုင်ဆိုင်၍ လက်ဝယ်ရရှိထားရှိပြီးသော တိုက်ခန်းဖြစ်၍ အဆိုပါ တိုက်ခန်းနှင့်ပတ်သက်၍ သက်ဆိုင်သူဟုအဆိုရှိသူ ဒေါက်တာဦးတင်အေးသည် ယခင်မူလပိုင်ရှင်ဒေါ်ခင်အေးပိုနှင့်သာ ဖြေရှင်းသင့်ပါလျက် ကျွန်ုပ်တို့အမှုသည် ပိုင်ဆိုင်လက်ဝယ်ထားရှိပြီး ဖြစ်သည့် တိုက်ခန်းအား ဥပဒေနှင့်မညီသော ယခုကဲ့သို့လုပ်ရပ်များကို ထပ်မံမပြုလုပ်ရန်နှင့် ပြုလုပ်ပါလျှင် ကျွန်ုပ်တို့၏အမှုသည်က ဥပဒေနှင့်အညီ အရေးယူမည်ဖြစ်ကြောင်းကို လည်းကောင်း၊ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ တစ်ဖက်မှ ဥပဒေနှင့်အညီ အရေးယူမည်ဆိုလျှင်လည်း ပြန်လည်ဖြေရှင်းရန် အသင့်ရှိကြောင်းကိုလည်းကောင်း သက်ဆိုင်သူများဟု အဆိုရှိသူများနှင့် အများသိစေရန် ပြန်လည်ဖြေရှင်း ကြော်ငြာပါသည်။

ဦးမျိုးလွင်၏ လွှဲအပ်ချက်အရ-

ဦးသောင်းညွန့် B.A(Eco).,H.G.P.,R.L
တရားရုံးချုပ်ရှေ့နေနှင့် ဥပဒေအတိုင်ပင်ခံ
(စဉ်-၂၄၂၇)
ဖုန်း ၀၉-၅၁-၂၇၉၂၄

ဒေါ်ပွင့် LL.B.,D.B.L
အထက်တန်းရှေ့နေ
(စဉ်-၂၈၁၈၃)
ဖုန်း-၀၉-၅၀-၅၃၄၂၄

အခန်း-၁၅၊ တိုက်-၅၅၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၇၆၄၈၁။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အောင်ဇေယျအိမ်ရာ၊ တိုက်အမှတ် ၂၀၊ အခန်းအမှတ် ၀၀၁ သည် ယခုလက်ရှိ ဦးတင်မောင်လတ် ၁၂/အစန(နိုင်)၀၆၀၃၂၉ အမည်ဖြင့် ရှိသော တိုက်ခန်းဖြစ်ပါသည်။ ဦးတင်မောင်လတ်ထံမှ ဒေါ်မြတ်သန္တာထွန်း ၁၂/အစန(နိုင်) ၁၅၆၇၄၉ သို့ တန်ဖိုးသတ်မှတ်ရောင်းချခဲ့ပါသဖြင့် ဒေါ်မြတ်သန္တာထွန်းက တိုက်ခန်းပိုင်ဆိုင်မှု အမည်ပြောင်းလဲရန် လျှောက်ထားခြင်းအား ကန့်ကွက်လိုပါက မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာ အိမ်ရာ အုပ်ချုပ်ရေး ဌာနခွဲ(ရန်ကုန်)သို့ ကြော်ငြာသည့် ရက်မှ ၁၅ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။
မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန။

ပျောက်ဆုံးကြောင်း

ဦးသက်ဦးမောင်၏ နိုင်ငံကူးလက်မှတ်အမှတ် ၆၄၂၁၈၀ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၁-၄၅၅၆၈၊ ၀၉-၅၀-၅၇၁၈၅။

ဇနီးအဖြစ်မှ စွန့်လွှတ်ခြင်း

ကျွန်တော်၏ ဇနီး မယဉ်ယဉ်အေး ရန်ကုန်တိုင်း၊ ဒလမြို့နယ်၊ တပင်ရွှေထီး ရပ်ကွက်၊ ဗိုလ်တေဇ ၇ လမ်း၊ အိမ်အမှတ် (၃၆၃/ခ) နေသူသည် လင်ယောကျ်ားအပေါ် စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ခြင်း၊ ဟိန္ဒူဘာသာ ဓလေ့ထုံးတမ်း အစဉ်အလာကို ချိုးဖောက်ခြင်းနှင့် လင်ယောကျ်ား၏ ဂုဏ်သိက္ခာညှိုးနွမ်းအောင် အကြိမ်ကြိမ်ပြုလုပ်ခြင်းတို့ကြောင့် ဇနီးအဖြစ်မှ ရာသက်ပန် စွန့်လွှတ်လိုက်ပြီးဖြစ်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စများ အားလုံးကိုလည်း ကျွန်တော် တာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။
ဦးကျော်ဖြိုးသူ ၁၀/မလမ(နိုင်)၁၅၇၇၄၆။

ပျောက်ဆုံးခြင်း

ကျွန်တော် ဦးမြင့်ဦး၏ နိုင်ငံကူးလက်မှတ်အမှတ် ၅၂၄၆၀ သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါ။
ဖုန်း-၅၉၁၅၃၉။

စာအုပ် စာပေ လူ့မိတ်ဆွေ

မြန်မာ့အလင်းသတင်းစာကြော်ငြာများ အောက်ပါလိပ်စာများ၌ထည့်သွင်းနိုင်

ရန်ကုန် မတ် ၁၁

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာတွင် ရန်ကုန်မြို့မှ ကြော်ငြာထည့်သွင်းလိုသော ကြော်ငြာရှင်များ ဆက်သွယ်သွားလာမှု လွယ်ကူစေရန်အတွက် လက်ရှိ **အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ဖုန်း-၅၄၅၈၃၄** ၌ ကြော်ငြာများ နေ့စဉ်လက်ခံနေသည့်အပြင် အထူးအစီအစဉ်ဖြင့် **အမှတ် ၇၇၊ ၅၂လမ်း၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက် ဖုန်း-၂၉၈၄၂၇**တွင်လည်း မြန်မာ့အလင်းသတင်းစာကြော်ငြာဌာနကို တိုးချဲ့ဖွင့်လှစ်၍ ကြော်ငြာများ လက်ခံပေးလျက် ရှိပါသည်။ **အထက်ပါ နှစ်နေရာတွင်သာ လာရောက်ထည့်သွင်းကြပါရန် ဖော်ပြအပ်ပါသည်။**

(မြန်မာ့အလင်း)

မိုးကုတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် ဇီဝကလမ်း ကတ္တရာခင်းခြင်း လုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ-၂(မြို့ပြ)ဒေါ်ခင်မာစန်း တာဝန်ယူဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဦးပြည်စိုးနှင့် လက်ထောက်အင်ဂျင်နီယာ (မြို့ပြ) ဦးတင်မောင်ဌွေးတို့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ဝန်းသို၌ မူလွန်ကျောင်းဆောင်သစ်ဖွင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်

ဝန်းသို ဖေဖော်ဝါရီ ၂၈

ကသာခရိုင် ဝန်းသိုမြို့နယ် အောင်းပင်ကျေးရွာအုပ်စု အောင်းပင်ကျေးရွာ အခြေခံပညာမူလတန်းလွန် ကျောင်းဆောင်သစ် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁၀ရက်က ကျောင်းဆောင်သစ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးအောင်မိုးဦးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ မြို့နယ်ပညာရေးမှူးနှင့် ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကျောင်းဆောင်သစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မိုးဦးနှင့် မြို့နယ်ပညာရေးမှူး ဦးသာအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မိုးဦးနှင့် မြို့နယ်ပညာရေးမှူး ဦးသာအောင်တို့က အမှာစကား ပြောကြားသည်။ (မြို့နယ် ပြန်/ဆက်)

မြစ်ကြီးနားခရိုင် ချီဖွေမြို့နယ် ကျေးရွာစာကြည့်တိုက် အဆောက်အအုံသစ် ၁၀လုံးအတွက် ငွေကျပ် ၁၅သိန်းကို ဖေဖော်ဝါရီ ၁၆ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြအေး ပေးအပ်လှူဒါန်းရာ ခရိုင်ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ခိုင်က လက်ခံယူစဉ်။ (ခရိုင် ပြန်/ဆက်)

ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ စန္ဒာလမ်းဘေးဝဲယာ ကပ်တိုးဘေးတွင် ပန်းအလှပင်များ စိုက်ပျိုးခြင်း၊ မြေယာရှုခင်းပြင်ဆင်ခြင်းများကို အငယ်တန်းအင်ဂျင်နီယာ-၂ (မြို့ပြ) ဦးသန့်ဇင်နှင့် ပန်းဥယျာဉ်ဌာနစိတ်မှ အဖွဲ့ ဝန်ထမ်းများ ဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူးဦးအောင်ကိုလတ်နှင့် အင်ဂျင်နီယာမှူး ဦးနိုင်လင်းမောင်တို့ ကြပ်မတ်ပေးစဉ်။ (မြို့နယ်စည်ပင်)

အာစရိယပူဇော်ပွဲကျင်းပ

နေပြည်တော်ပျဉ်းမနား မတ် ၁၀

နေပြည်တော် ပျဉ်းမနား မြို့နယ်ပညာရေးဌာနက ကြီးမှူး၍ (၁၅)ကြိမ်မြောက် ပညာရေးဝန်ထမ်း သက်ပြည့် အငြိမ်းစား ဆရာ ဆရာမကြီးများအား ဂါရဝပြုပူဇော်ပွဲ အခမ်းအနားကို နေပြည်တော် ပျဉ်းမနား အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ရတနာမွန်ခန်းမ၌ ဖေဖော်ဝါရီ ၂၇ရက် နံနက် ၉နာရီက ကျင်းပရာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပြီး သက်ပြည့် အငြိမ်းစား ဆရာ ဆရာမကြီး ၁၀၀ ကျော်အား တစ်ဦးလျှင် ငွေကျပ်တစ်သောင်းနှုန်းဖြင့် ပူဇော်ကန်တော့ကြသည်။ (၀၈၄)

ဖြူးမြို့နယ် စည်ပင်သာယာရေး အဖွဲ့၏ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း (လမ်း တံတား) လုပ်ငန်း ဖြစ်သော ဖြူးမြို့ အမှတ် (၃) လမ်း ကတ္တရာလမ်း သစ်ဖွင့်ပွဲ အခမ်းအနား ကို ဇန်နဝါရီ ၃ ရက်က ကျင်းပရာ ဖြူးမြို့နယ် အေး ချမ်း သာ ယာ ရေးနှင့် ဖွံ့ဖြိုးရေး ကောင် စီ ဥက္ကဋ္ဌ ဦးတင်ဆွေမြင့်နှင့် အမှုဆောင် အရာရှိ ဦးသက်လွင်ဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။

(မြို့နယ်စည်ပင်)

တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးစည်ပင်နေသော ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ မြို့တန့်ယန်း

ဖွံ့ဖြိုးဝေစည်နေသော ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့၏ မြင်ကွင်းကို ဆင်များရှင်တောင်ကုန်းပေါ်မှ ဤသို့ တွေ့ခဲ့ရသည်။ (မြန်မာ့အလင်း)

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံမှတ်တမ်း
အောင်သန်း(မင်္ဂလာတောင်ညွန့်)

စာမျက်နှာဖွဲ့စည်းမှု - ဝင်းချို (မြန်မာ့အလင်း)

တန့်ယန်း မတ် ၁၁

တန့်ယန်းမြို့နယ်သည် ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် တည်ရှိသည်။ လားရှိုးမြို့နှင့် ၈၃ မိုင် ကွာဝေးပြီး ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၃၀၀၀ ရှိသော မြို့ဖြစ်သည်။ တစ်ချိန်တစ်ခါက သောင်းကျန်းသူတို့ ကြီးစိုးရာဒေသဖြစ်ခဲ့သည်။ ဒေသခံပြည်သူများ တထိတ်ထိတ်တလန့်လန့်ဖြင့် လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးမှအစ စိုးရွံ့ကြောက်လန့်စွာ လုပ်ကိုင်နေထိုင်ခဲ့ကြရသည်။ သွားရေးလာရေးမှာ ကြမ်းတမ်းခက်ခဲပြီး တောင်ကြားလမ်းတွင် မကြာခဏဓားပြတိုက်၊ လုယက်မှုများရှိခဲ့သည်။

စာမျက်နှာ ၈ ကော်လံ ၁ *

သေမင်းတမန်ဇုန်များ တိုးပွားလာသော ပင်လယ်သမုဒ္ဒရာများ

ဘာသာပြန်သတင်းမှတ်စု - မိုးမြင့်လင်းလက်

ရာသီဥတုပြောင်းလဲလာမှုနှင့် သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးလာမှုတို့ကြောင့် ပင်လယ်သမုဒ္ဒရာ ကမ်းရိုးတန်းဒေသများတွင် သေမင်းတမန်ဇုန်များ တဖြည်းဖြည်းတိုးပွားလာကြောင်း အမေရိကန်နိုင်ငံ ဗာဂျီးနီးယားတက္ကသိုလ်မှ သုတေသနပညာရှင်များက သတိပေးပြောကြားလိုက်သည်။

အဆိပ်ဓာတ်ပျံ့နှံ့

ကမ္ဘာ့နိုင်ငံ အများအပြားရှိ ကမ်းရိုးတန်းဒေသများ၌ စက်ရုံအလုပ်ရုံများမှ ထွက်ရှိသော ဓာတုစွန့်ပစ်ပစ္စည်းများ၊ အဆိပ်ဓာတ်များနှင့် နျူကလီးယားဓာတ်ပေါင်းဖိုများမှ စွန့်ပစ်ပစ္စည်းများကြောင့် ပင်လယ်သမုဒ္ဒရာတို့၏ ကမ်းရိုးတန်းဒေသရေပြင်တွင် အဆိပ်ဓာတ်များ ပျံ့နှံ့လျက်ရှိသည်ဟု ၎င်းတို့က ပြောကြားသည်။

ခက်ခဲ

ကမ္ဘာ့ပင်လယ်သမုဒ္ဒရာများရှိ သေမင်းတမန်ဇုန်များတွင် အဆိပ်ဓာတ်များ ပျော်ဝင်ပျံ့နှံ့လျက်ရှိပြီး အောက်ဆီဂျင်ပါဝင်မှု နည်းပါးလာခြင်းကြောင့် ရေနေသတ္တဝါများ အသက်ရှင်နေထိုင်မှု ခက်ခဲလာကြောင်းသိရသည်။ ထို့အပြင် အဆိုပါပင်လယ်သမုဒ္ဒရာရေပြင်ဒေသ ဝေဟင်လေထုလွှာတွင်လည်း အောက်ဆီဂျင်ပါဝင်မှု နည်းပါးခြင်းတို့ကြောင့် လေထဲ၌ ဝဲပျံနိုင်သော ကျေးငှက်သတ္တဝါများလည်း သေကျေပျက်စီးခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၃ ကော်လံ ၁ ■

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

ငယ်ရွယ်စဉ်ကတည်းက အသားများများ စားသုံးလေ့ရှိသူများ သွေးကင်ဆာဖြစ်ပွားရန် ရာခိုင်နှုန်းများဟုဆို

ငယ်ရွယ်စဉ်က စတင်ကာ အသားများများ စားလေ့ရှိသူများသည် အရွယ်ရောက်လာသည့်အခါ သွေးကင်ဆာရောဂါ ဖြစ်ပွားရန် ရာခိုင်နှုန်းများကြောင်း အမေရိကန် ဟားဗတ်တက္ကသိုလ်မှ သုတေသနပညာရှင်များက သတိပေးလိုက်သည်။

သုတေသနပြု

စားသောက်မှုအလေ့အထသည် သွေးနှင့်ပတ်သက်သော ရောဂါများကို ဖြစ်ပွားစေရန် တွန်းအားပေးသည့်အချက်ဖြစ်ကြောင်း၊ အသက်နှစ်နှစ်မှ ၂၀ အရွယ်အကြား ကလေးငယ်နှင့် လူငယ်များအနေဖြင့် အသားများများ စားသုံးခြင်းသည် ဆိုးရွားသော သွေးနှင့်ပတ်သက်သည့် ရောဂါများဖြစ်ပွားစေတတ်ကြောင်း ၎င်းတို့၏သုတေသနပြုချက်၌ ဖော်ပြထားသည်။

ရာခိုင်နှုန်း

ငယ်ရွယ်စဉ်ကပင် အသားများများ စားသုံးလေ့ရှိသူများအနေဖြင့် သွေးကင်ဆာဖြစ်ပွားရန် ၇၄ ရာခိုင်နှုန်းခန့် ရှိကြောင်း၊ အသားများများ

စားသုံးလေ့ရှိသူများ၏ သွေးအတွင်း၌ သွေးကလာပ်စည်းများ ပျက်စီးမှုမှာ သာမန်လူများထက် ပိုမိုများပြားကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

ဟင်းသီးဟင်းရွက်

ထို့ကြောင့် ငယ်ရွယ်စဉ်ကပင် ဟင်းသီးဟင်းရွက်များကို များများစားသုံးသည့် အလေ့အထရစေရန် ပြုစုပျိုးထောင်ပေးသင့်ကြောင်း ၎င်းတို့က အကြံပြုထားသည်။

ညအိပ်ရာဝင်ချိန် မီးသတိပေး နှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင် မီးများနှင့် မီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်၊

(ခ) မီးထွန်းညှိ ပူဇော်သုံးစွဲနေရင်း အိပ်စက်ခြင်းလုံးဝ (လုံးဝ) မပြုလုပ်ရန်၊

(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်လေထွက် ကောင်းမွန်စေရေး စီမံထားရှိရန်။

(မီးသတ်ဦးစီးဌာန)

12-3 (20).pmd 1 3/12/2009, 1:32 AM